http://www.herrythitsar.org



ငါ့ဒိန်ခဲကို
ဘယ်သူ
နေရာ
ရွှေ့ထားသလဲ

WHO MOVED
MY CHEESE ? ဟူသည့်
ကမ္ဘာကျော် စာအုပ်၏ နောက်ဆက်တွဲ
သို့မဟုတ် ဆင့်ပွား အတွေးများ
တင်ပြထားသည့် စာအုပ်ကောင်း

# ဘယ်သူ့ဒိန်ခဲ ငါ နေရာရွှေ့လို့ ရမည်လဲ

# WHOSE CHEESE CAN I MOVE ?



CHENG TONG ရေး၍
**မြတ်ငြိမ်း** မြန်မာပြန်သည်။

## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး | တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။ |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး | တပ်မတော် ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။ |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး | ဘယ်သူခွဲခွဲ ဒို့မခွဲ အမြဲစည်းလုံးမည်။ |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.herrythitsar.org

http://www.herrythitsar.org

စာပေလောကစာအုပ် အမှတ် ၃၄၀

# မြတ်ငြိမ်း

# ဘယ်သူ့ဒိန်ခဲ
# ငါ
# နေရာရွှေ့လို့ရမည်လဲ

**Whose Cheese Can I Move?**

by

Chen Tong

စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ ဖုန်း- ၃၇၄၃၉၁၊ ၂၈၅၁၆၆ ]
e-mail : splkygn@mptmail.net.mm

http://www.herrythitsar.org


**စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်**
[ ၁၇၄၄/၂၀၀၃ (၁၂) ]
**စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်**
[ ၂၃/၂၀၀၄ (၆) ]

**မျက်နှာဖုံး**
ဇော်မောင်
\- - -
**ပုံနှိပ်ခြင်း**
ပထမအကြိမ်
(၁၀၀၀)
\- - -
**ထုတ်ဝေခြင်း**
ဇန်နဝါရီလ၊ ၂၀၀၄
\- - -
**စာအုပ်ချုပ်**
**ဖူးပွင့်မွေး**

ဦးမျိုးညွန့် (၇၁၄)၊ စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။


**[ တန်ဖိုး-၅၀၀ ကျပ် ]**

http://www.herrythitsar.org



## မာတိကာ


| | | |
|---|---|---|
| –။ | စကားဦး | က |
| –။ | မြန်မာပြန်သူ ၏ အမှာ | ဂ |
| –။ | မူရင်းစာရေးဆရာအကြောင်း | င |
| –။ | ဘာသာပြန် ဆရာအကြောင်း | ဆ |
| ၁။ | လူ့သဘာဝ ၏ သွင်ပြင်လက္ခဏာများ | ၁ |
| ၂။ | ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲ | ၃ |
| ၃။ | ပုံပြင်ဇာတ်လမ်း | ၁၁ |
| ၄။ | ဆွေးနွေးပွဲ | ၆၇ |
| –။ | မြန်မာပြန်သူ၏ စာပေ နှင့် ဘ၀ဖြစ်စဉ် | ၉၇ |



# စကားဦး

*ဘယ်သူ့ဒိန်ခဲ ငါနေရာရွှေ့လို့ရမည်လဲ* **စာအုပ်အတွက် စကားဦး ရေးပေးဖို့ မေတ္တာရပ်ခံလာတော့ ရေးပေးမည်ဟု ကျွန်တော်လက်ခံ လိုက်၏။ သို့သော် သူ့စာမူထပ်ကြီး ဖုန်ထုတက်လာသည်အထိ ကျွန်တော် မကိုင်ဖြစ်ခဲ့။ မဖတ်ဖြစ်ခဲ့။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ခေါင်းမဖော်နိုင်လောက်အောင် အလုပ်များနေသော ကြောင့်။ ကျွန်တော့်မှာ ကျွန်တော့်ဒိန်ခဲနောက်သို့ တကောက် ကောက် လိုက်နေရသည်။ နောက်ပြီး ထိုဒိန်ခဲကို တခြားသူတွေ အပိုင်စီးမသွားအောင် တားဆီးကာကွယ်ဖို့ အားထုတ်နေရသေး သည်လေ။**

**နောက်ဆုံးတော့ သောကြာနေ့ မွန်းလွဲပိုင်းတစ်ချိန်တွင် သူ့စာမူထပ်ကို ထိုင်ဖတ်ဖြစ်သည်။ ထိုနေ့က ကျွန်တော် ကိုယ် လက် မအီမသာ ဖြစ်နေသည်။ သို့တိုင် သူ့စာမူ တစ်အုပ်လုံးကို တစ်ထိုင်တည်းဖြင့် ဖတ်လို့ပြီးသွားသည်။ နောက်တနေ့ ဘီဂျင်းသို့ အသွား လေယာဉ်ပေါ်တွင် နောက်တစ်ခေါက် ထပ်ဖတ်ဖြစ်သည်။**

http://www.herrythitsar.org

ဒုတိယအကြိမ် ဖတ်ပြီးချိန်မှာတော့ ကျွန်တော် ကိုယ့်ကိုကိုယ် တအံ့တသြ ဖြစ်နေမိ၏။ အတွေးကြွယ်နေမိ၏။ ကျွန်တော်သည် လူတစ်ယောက်လား၊ သို့တည်းမဟုတ် ကြွက်တစ်ကောင်လား ဟူ၍။

သည်စာအုပ်က ရည်ရွယ်ချက်ကြီးမားသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် ကျွန်တော့်ကိုယ် ကျွန်တော် အမြဲမပြတ်မေးနေခဲ့သော မေးခွန်း တစ်ခုကို မေးထားသည်။

သင့်ဘဝမှာ သင် နှစ်နှစ်ကာကာ လိုချင်တပ်မက်တာကဘာလဲ။

ဤစာအုပ်သည် သင့်လိုအင်ဆန္ဒအပေါ် အခြေခံပြီး ရွေးချယ်ရသည့် ရွေးချယ်မှုများအကြောင်း ဖြစ်၏။ သင့်ရွေးချယ်မှုများအတွက် တာဝန်ယူခြင်းနှင့် သင့် ဦးစားပေး ရွေးချယ်မှုများပြုလုပ်နိုင်ရန် လိုအပ်သော အခြေခံမူဝါဒများကို ဤစာအုပ်က အသက်သွင်းပေးလိုက်၏။ ဤစာအုပ်က စီးပွားရေးလုပ်ငန်းနှင့် ဘဝအကြောင်း အလွန် စိတ်ဝင်စားစရာကောင်းသည့် အယူအဆ အချို့ကိုလည်း ထောက်ပြသွားသည်။ ၎င်း အယူအဆမှာ ဘဝနှင့်စီးပွားရေးလုပ်ခြင်းကို ဟန်ချက်ညီအောင် ထိန်းထားဖို့ လိုကြောင်း၊ ဟန်ချက်ဆိုသည်မှာ အတွေ့အကြုံများမှတဆင့် တတ်မြောက်လာသည့် အနုပညာတစ်ရပ်ဖြစ်သည် ဟူ၏။

ဘဝနှင့် စီးပွားရေးလုပ်ငန်း။ သည်နှစ်မျိုးနှင့် ပတ်သက် သည့်ကျွန်တော့် ခံယူချက်များ ခိုင်မာမြဲမြံအောင် အားဖြည့်ပေးသွားသည့်အတွက် ဤစာအုပ်ပြုစုသော စာရေးဆရာမအားကျေးဇူးတင်ပါသည်။ ဤစာအုပ်ကို ဖတ်လိုက်သည့်အတွက် ကျွန်တော်သည် ပညာဆည်းပူးသူ တစ်ဦးအဖြစ်သို့ လုံးလုံးလျားလျား ပြန်လည်ရောက်ရှိသွားပါသည်။

**ကင်နီ ယက်ပ်**

*အမှုဆောင်ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုဒါရိုက်တာ*

*ကွမ်ဟူး ကော်ပိုရေးရှင်း။*

http://www.herrythitsar.org

# မြန်မာပြန်သူ၏အမှာ

ဒိန်ခဲ၊ ဒိန်ခဲ၊ ဒိန်ခဲ။

ဒိန်ခဲကို ကျွန်တော်တို့ မြတ်နိုးကြ၏။ တန်ဖိုးထားကြ၏။ ပြီးနောက် ဒိန်ခဲနောက်သို့ တကောက်ကောက် လိုက်ကြ၏။သို့ လိုက်ရင်းလိုက်ရင်း လမ်းခုလတ်မှာ ခြေကုန်လက်ပန်းကျပြီး မှိုင်တွေချနေသူတွေ ရှိ၏။ အမောဆို့ပြီး ပြိုလဲနေသူတွေ ရှိ၏။ အဲ ဒိန်ခဲများ ရှာဖွေတွေ့သွားသူတွေလည်း ရှိ၏။

သည်တော့ ဒိန်ခဲနောက်သို့ ဘာကြောင့် သဲကြီးမဲကြီး လိုက်နေကြသလဲ။ ဒိန်ခဲဆိုတာ ဘာလဲ။ ဒိန်ခဲက ဘာကို ကိုယ်စားပြုသလဲ။

စင်စစ် ဒိန်ခဲသည် စာရေးဆရာက တင်စားထားသည့် နိမိတ်ပုံသာဖြစ်၏။ ဒိန်ခဲက သင့်ဘဝမှာ သင် မြတ်နိုးတန်ဖိုးထားသည့်အရာ အချစ်၊ စည်းစိမ်ဥစ္စာ၊ ရာထူးဌာနန္တရ၊ စိတ်နှလုံး ငြိမ်းအေးချမ်းသာခြင်း ဘယ်အရာကိုမဆို ကိုယ်စားပြု၏။

သည်နိမိတ်ပုံကို စတင်သုံးစွဲခဲ့သူမှာ *ငါ့ဒိန်ခဲကို ဘယ်သူ နေရာရွှေ့ထားသလဲ (Who Moved My Cheese)* ဆိုသည့် ကမ္ဘာကျော်စာအုပ်ကို ရေးသားပြုစုခဲ့သော *စပင်ဆာ ဂျွန်ဆင် (Spencer Johnson)* ဖြစ်ပါသည်။ ပြောင်းလဲမှုတွေ အရှိန် အဟုန်ပြင်းစွာ ဖြစ်ပေါ်နေသည့် သည်ခေတ် သည်အခါကြီးတွင် ကျွန်တော်တို့ အနေဖြင့် အပြောင်းအလဲများကို ကြိုတင်တွက်ဆတတ်ပြီး ဖြစ်ပေါ်

http://www.herrythitsar.org

လာသည့် အပြောင်းအလဲများကို လက်သင့်ခံကာ မြန်မြန်ဆန်ဆန် ကျင့်သားရအောင် ကျင့်ကြံ နေထိုင်တတ်ပါမှ ဘဝတွင် အောင်မြင်မှု ရနိုင်မည်ဖြစ်ကြောင်း စပင်ဆာ ဂျွန်ဆင်က သူ့စာအုပ်တွင် တင်ပြသွား၏။

ယခု ဤစာအုပ်ကတော့ *ငါ့ဒိန်ခဲကို ဘယ်သူနေရာရွှေ့ထားသလဲ* စာအုပ်၏ အဆက်ဆိုလည်း ဟုတ်သည်။ ပထမစာအုပ်ကို အခြေပြုပြီး ဆင့်ပွားအတွေးတွေ တင်ပြထားသည့် စာအုပ်ဆိုလည်း ဟုတ်သည်။


တစ်ခု ထူးခြားသည်မှာ စပင်ဆာ ဂျွန်ဆင်က အနောက်တိုင်းသားဖြစ်ပြီး ဤစာအုပ်ဖြင့် မေးခွန်းတွေ ထုတ်ထားသူ *ချင်တောင်း* ***(Chen Tong)*** အရှေ့တိုင်းသူ ဖြစ်နေခြင်းပင်။ ချင်တောင်းသည် ဘေဂျင်း အခြေစိုက် ***China Youth Daily*** သတင်းစာတွင် အကြီးတန်းစာတည်းမှူးအဖြစ် တာဝန်ထမ်းဆောင် နေသူဖြစ်ပါသည်။ သူ့စာအုပ်ကို ထိုင်ဝမ်နှင့် ဟောင်ကောင်တွင်လည်း တရုတ်ဘာသာစကားဖြင့် ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း သိရ၏။

သေချာ စဉ်းစားကြည့်လျှင် သူတို့နှစ်ဦး ရွေးထားသည့် စာအုပ်ခေါင်းစဉ်များကိုက စိတ်ဝင်စားစရာ ကောင်းနေပါသည်။ *စပင်ဆာ ဂျွန်ဆင်* ဆိုသည့် အမေရိကန်ကြီးက *ငါ့ဒိန်ခဲကို ဘယ်သူ နေရာရွှေ့ထားသလဲ*ဟု ခေါင်းစဉ်တပ်ထားပြီး *ချင်တောင်း* ဆိုသည့် တရုတ်အမျိုးသမီး၊ လူငယ်စာရေးဆရာမကလေးကတော့ *ဘယ်သူ့ ဒိန်ခဲငါ နေရာရွှေ့လို့ရမည်လဲ* တဲ့။

ဤစာအုပ်က စာချစ်သူများအား စဉ်းစားစရာ၊ ဆင်ခြင်စရာ၊ အတွေးအမြင် မှုကွဲတွေ ပေးလိမ့်မည်ဖြစ်ကြောင်း အမှာစကား ပြောကြားလိုပါသည်။

စာချစ်သူများအား လေးစားလျက်

၁၂၊ ၁၀၊ ၂၀၀၃။ မြတ်ငြိမ်း



# မူရင်းစာရေးဆရာအကြောင်း


မူရင်းစာရေးဆရာမ *Cheng Tong* သည် ၁၉၈၆ ခုနှစ်တွင် ဘီဂျင်းတက္ကသိုလ် **(Beijing Normal University)** ၌ ကိုယ်ကျင့်တရားပညာ အဓိကဖြင့် စတင် ပညာသင်ယူသည်။ ၁၉၉၃ ခုနှစ် တွင် ဒဿနိကဗေဒဖြင့် မဟာဝိဇ္ဇာဘွဲ့ရခဲ့သည်။ သူသည် *China Youth Daily* သတင်းစာတွင် အကြီးတန်း စာတည်းမှူး အဖြစ် လောလောဆယ် တာဝန်ထမ်းဆောင်နေသည်။

သူ၏ ပုံနှိပ်ထုတ်ဝေပြီး သုတစာတမ်းများထဲတွင် *သင် ခွေးဖြစ်နေလျှင် ဘယ်သူကမျှ အရေးမထား* ***(No one cares if you're a dog?)*** *သင် နိမ့်ကျလျှင် ဘယ်သူကမျှ ဂရုမစိုက်* ***(No one cares if you're down?)*** *မုသားတွေ ရေးထားသည့် ရောင်းအကောင်းဆုံး စာအုပ်တစ်အုပ်* ***(A bestselling book of lies)*** *ဘယ်သူ့ဒိန်ခဲ ငါ နေရာရွှေ့လို့ရမည်လဲ* ***(Whose cheese can I move)****၊ ချစ်တမ်းကစားဖို့ အချစ်ဘယ်လောက် များများရှိဖို့ လိုသလဲ* ***(How much does one hove to foolwith)*** စာအုပ်များ ပါဝင်သည်။

သူသည် *The Wealth from the Time of Gold* ခေါင်းစဉ်ဖြင့် ဝတ္ထုတိုပေါင်းချုပ် စာအုပ်ရေးသားထုတ်ဝေခဲ့သည်။ သူ၏ လုံးချင်း ဝတ္ထုနှစ်ပုဒ်မှာ *Ten Thousand Winds of Passion* နှင့် *Cinderella* ဖြစ်သည်။

*Whose cheese can I move?* စာအုပ်ကို *Whose Cheese Can I Move Away?* ခေါင်းစဉ်တပ်ကာ ထိုင်ဝမ်နှင့် ဟောင်ကောင်တွင် ရိုးရာ တရုတ်ဘာသာစကားဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။

# အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည့် ဘာသာပြန်ဆရာအကြောင်း



**Augustine Quek Tai Yon** သည် ၂၀၀၁ ခုနှစ်တွင် စင်္ကာပူ အမျိုးသား တက္ကသိုလ်မှ ဝိဇ္ဇာ ဂုဏ်ထူးတန်းကို Engineering ဘာသာရပ်ဖြင့် အောင်မြင်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် Master's of Engineering ဘွဲ့ရခဲ့၏။


မဂ္ဂဇင်းနှစ်စောင်တွင် သူ ရေးသားခဲ့သော ဆောင်းပါး နှစ်ပုဒ်မှာ *Lessons Learnt Outside the Classroom* နှင့် *Cultural Hegemony, Global Economics and Miss Universe* ဖြစ်ပါသည်။

# လူ့သဘာဝ၏ သွင်ပြင် လက္ခဏာများ

## လူကျင့်ဝတ် အမြင်နှင့် ရမ္မက်ဆန္ဒစွမ်းအားများ အပြိုင်နွှဲခြင်း

ဤဇာတ်လမ်းတွင် စလစ်၊ စကမ်ပါနှင့် စပိုက်ဒါဆိုသည့် ကြွက်ကလေး သုံးကောင် ပါဝင်၏။ နောက်ပြီး ဝိဗ်၊ ဝေဗာနှင့် ဗွစ်စပါဆိုသည့် လူညှက်ကလေး သုံးယောက်လည်း ပါဝင်၏။ ဤဇာတ်ကောင် ခြောက်ဦးစလုံးသည် ကျွန်မတို့၏ အသွယ်သွယ် အထူးထူးသော ကိုယ်ရည်ကိုယ်သွေးများ၊ အထူးသဖြင့် ကျွန်မတို့၏ လူ့ကျင့်ဝတ်များနှင့် ရမ္မက်ဆန္ဒများကို ကိုယ်စားပြုပါသည်။


ကျွန်မတို့အားလုံး ကြီးငယ်မဟူ ကျားမ မဟူ၊ လူမျိုးမရွေး ဘာသာမရွေး အမျိုးမျိုးအဖုံဖုံသော ဤသွင်ပြင်လက္ခဏာများ ရှိ၏။




တစ်ခါတစ်ခါတွင် ကျွန်မတို့သည် စလစ်နှင့် တူ၏။ စလစ်က သူ့မိတ်ဆွေကို စွန့်ပစ်ပြီး မိတ်ဆွေ၏ ရန်သူတော်နှင့် အဆွေခင်ပွန်း ဖွဲ့ခဲ့သူ။

http://www.herrythitsar.org






သို့မဟုတ်ပါကလည်း ကျွန်မတို့သည် စကမ်ပါနှင့် တူချင် တူနေပေမည်။ စကမ်ပါက သူ့ဒိန်ခဲကို ဘယ်သူ အပိုင်စီးသွားသလဲ ဆိုတာ ဘယ်တော့မှ မေးလေ့မရှိသူ။



သို့မဟုတ် စပိုက်ဒါနှင့် တူနိုင်သည်။ သူက သူ့ကိုယ်သူ စွဲဆောင်အား ကောင်းသော ဒိန်ခဲတစ်တုံးအဖြစ် အသွင်ပြောင်းပစ်သူ။



သို့မဟုတ် ဝိဗ်နဲ့ တူနိုင်သည်။ ဝိဗ်က ဒိန်ခဲနှင့် စိတ်ချမ်းသာမှု အကြားမှာရှိသည့် ဆက်နွှယ်မှုအကြောင်းကို ဖွဲ့ကောင်းကောင်းဖြင့် တွေးဆ ဆင်ခြင်ခဲ့သူ။



သို့မဟုတ် ဝေဗာနှင့် တူနိုင်သည်။ ဝေဗာက သူ တပ်မက်သော ရမ္မက်ဆန္ဒများနှင့် သူ တန်ဖိုးထားသော လူ့ကျင့်ဝတ်များကြားတွင် ချီတုံချတုံဖြင့် တွေဝေနေသူ။



သို့မဟုတ် ဝှစ်စပါနှင့် တူချင် တူနေမည်။ သူကတော့ တစ်ပါးသူ၏ ဒိန်ခဲကို မောင်ပိုင်စီးဖို့ ထာဝစဉ် ဆင်ကြံ ကြံနေသူ။

ကျွန်မတို့တွင် မည်သည့်သွင်ပြင်လက္ခဏာ ဖြစ်ပေါ်နေသည်ဖြစ်စေ၊ ကျွန်မတို့ ခေါင်းထဲစွဲမှတ်ထားရမည်မှာ အောင်မြင်သူများသည် သင့်ဒိန်ခဲကို အပိုင်စီးသွားသူများဖြစ်သည်။ သူတို့၏ ဒိန်ခဲများကို ထပ်ခါတလဲလဲ အပိုင်စီးခံရသူများ မဟုတ်ဟူသည့် အချက်ဖြစ်၏။



## ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲ

ရာသီဥတုတောက်ပသော တနင်္ဂနွေနေ့ တစ်နေ့၏ နံနက်ခင်း။ ရှီကာဂိုမြို့ထဲရှိ အသင်းဝင်များသာ တက်ခွင့်ရှိသော ကျေးလက်အပန်းဖြေ ဂေါက်ကလပ်တစ်ခု၏ အဖျော်ယမကာ အခန်းထဲတွင် လူတစ်စု ဝိုင်းထိုင်နေကြ၏။ သူတို့အထဲတွင် ထင်ပေါ်ကျော်ကြား လူသိများသူ အချို့လည်း ပါဝင်၏။

ထိုအချို့ထဲမှ တစ်ယောက်ကတော့ အင်နာ။ အင်နာက တန်ဖိုးကြီး ရေမွှေးများကိုမှ အသုံးပြုသူ။ ဇိမ်ခံကားကြီးတွေ မောင်းသူ။ နောက်ပြီး စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသော သူ့ယောကျ်ားမှာ မသိသူ မရှိလောက်အောင် ကျော်ကြားသူ ဖြစ်၏။ သူတို့နှစ်ဦး လက်ထပ်ပြီးကတည်းက သူတို့နှစ်ဦး၏ ကိုယ်ရေးကိုယ်တာ အကြောင်းကိစ္စတိုင်းသည် သတင်းစာများတွင် အသားပေး ရေးသားဖော်ပြရသည့် သတင်းများဖြစ်ခဲ့၏။

http://www.herrythitsar.org



နောက်တစ်ယောက်ကတော့ ဂျွန်။ လွန်ခဲ့သည့် နှစ် အနည်း ငယ်တုန်းက ပြိုလဲတော့မည့်ဆဲဆဲ သူ့ မိသားစုပိုင် စီးပွားရေး အင်ပါယာကြီးကို ဂျွန်က သူ၏ ကြီးမားသော အားထုတ်မှုများ၊ အကင်းပါးလာဘ်မြင်သော ဆုံးဖြတ်ချက်များ အစွမ်းဖြင့် ကယ်တင်နိုင်ခဲ့၏။ ခုတော့ တစ်နေ့တစ်ခြား တိုးတက် အောင်မြင်နေသော စီးပွားရေးလုပ်ငန်းကြီးကို ဦးစီးဦးဆောင် ပြုနေပြီ။ သူသည် အအောင်မြင်ဆုံး စီးပွားရေးသမားများ စာရင်းတွင် ထိပ်ဆုံးက ပါဝင်အောင် စွမ်းဆောင်နိုင်ခဲ့သည်မှာ နှစ်နှစ်ဆက်တိုက် ရှိနေပြီ။

ထို့နောက်မှာတော့ ကိုးလ်။ သူက အားကစား အသုံး အဆောင်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းဖြင့် ကြီးပွားချမ်းသာ နေသူ။ ဆယ်စုနှစ် တစ်စုအတွင်း အအောင်မြင်ဆုံး စီးပွားရေး သမားအဖြစ် မဲပေး အရွေးခံရသူလည်းဖြစ်၏။

ယခုလို အောင်မြင်ကျော်ကြားသူများ စုပေါင်းတွေ့ဆုံပွဲသည် လုပ်လေ့လုပ်ထရှိသောပွဲမျိုးမဟုတ်။ တကယ်တော့ အခုလို တွေ့ဖြစ်ဆုံဖြစ်အောင် လွန်ခဲ့သည့် လေးလကတည်းက ကြိုတင် စီစဉ်ခဲ့ကြရသည်။ ဤဆုံစည်းပွဲ ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ နောက်သီတင်းပတ် အနည်းငယ်အတွင်း ကျင်းပမည့် အမိ တက္ကသိုလ် နှစ်လည်ပွဲအကြောင်း ဆွေးနွေးညှိနှိုင်းဖို့ဖြစ်၏။ သူတို့ အားလုံး အထူးဖိတ်စာများ ရရှိထားကြပြီ။ မိမိ၏ ပရဝုဏ်ထဲက ထွက်ခွာသွားပြီးနောက် သည်လောက် ထင်ရှားကျော်ကြားလာသည့် စာသင်သားများကို ဘယ်မိခင်တက္ကသိုလ်ကမျှ မေ့လျော့ ထားလို့ရမည် မဟုတ်ပါချေ။ သူတို့ဆီသို့ ဖိတ်စာများ ပို့ထားသည်မှာ လွန်ခဲ့သည် ခြောက်လကတည်းက။ သူတို့၏ မိခင် တက္ကသိုလ်ကြီးကို ထောက်ပံ့ခွင့်ရခြင်းသည် သူတို့အတွက် ဂုဏ် သိက္ခာ တစ်ရပ်ပင် မဟုတ်ပါလား။ ထို့ကြောင့် မကြာမီ ကျင်းပ

http://www.herrythitsar.org


တော့မည့် အမိတက္ကသိုလ်နှစ်ပတ်လည်ပွဲအား ကူညီ ထောက်ပံ့ဖို့ နည်းလမ်းများ ရှာဖွေဖို့ ဤမိတ်ဆုံပွဲကလေးကို ကျင်းပနေကြခြင်း ဖြစ်၏။

သူငယ်ချင်းအပေါင်းအသင်းအားလုံး စုံစုံညီညီရောက်နေပြီ ဖြစ်ကြောင်း တွေ့ရတော့ အင်နာက စကားဝိုင်းကို စပေး လိုက်၏။

'တို့တတွေ နောက်ဆုံးတစ်ကြိမ် ဆုံပြီးကတည်းက မဆုံ ဖြစ်လိုက်ကြတာ တော်တော်ကြီးကို ကြာသွားပြီနော်'

'ဟုတ်ပ့ါကွာ'

ဂျွန်က သူ့လက်ထဲက ဖန်ခွက်ကို မြှောက်ရင်း ထောက်ခံ စကားဆိုလိုက်၏။

'လွန်ခဲ့တဲ့ ဆယ်နှစ်တာ ကာလကို ပြန်စဉ်းစားကြည့်လိုက် ကြစမ်း၊ တို့တတွေ ငယ်ငယ်ရွယ်ရွယ်ရှိသေးတယ်၊ ငွေမရှိဘူး၊ ရာထူးဌာနန္တရ မရှိဘူး၊ ပြီးတော့ တို့ဘဝတွေမှာ အခက်အခဲ အကျပ်အတည်းတွေ အကြီးအကျယ်တွေ့ကြုံနေရတဲ့ ကာလပေ့ါ၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်လို တိုတောင်းတဲ့ ဆယ်နှစ်တာ ကာလအတွင်းမှာတော့ တို့များရဲ့ ဘဝတွေကို လုံးလုံးလျားလျား အသွင်ပြောင်းပစ်ခဲ့ကြတယ်လေ' ဟု ကိုးလ်က ပြောသည်။

'တကယ်ကို ပြောင်းလဲကုန်တာပါပဲ' ဟု ဂျွန်က သဘော တူသည်။ 'ငါဆို ခုများဖြင့် ဘာအတွက်ကိုမှ အချိန်မပေးနိုင် တော့ဘူး၊ လပေါင်းများစွာအတွင်း ခုလိုတွေ့ဆုံတာ မင်းတို့နဲ့ ပထမဆုံးပဲကွ'

'ငါ့ကျတော့လဲ အားကစားပစ္စည်းတွေ ရောင်းတဲ့အလုပ် ပိ နေတာနဲ့ အားကစားပွဲတွေမှာ ငါကိုယ်တိုင်ကို ဝင်မနွှဲနိုင်တော့ပါ ဘူးကွာ' ဟု ကိုးလ်က ပြောသည်။

http://www.herrythitsar.org



အင်တာနက် ကုမ္ပဏီတစ်ခုတွင် အမှုဆောင်အရာရှိချုပ် ဖြစ်နေသည့် ဂျက်စီကာက သူထိုင်နေသည့် ကုလားထိုင်တွင် ကျောမှီချလိုက်ပြီး ရယ်မောသည်။

'တို့တတွေအားလုံး အင်နာလို ချမ်းသာတဲ့ အိမ်ထောင်ဖက်တွေ ရွေးကြမှ ထင်တယ်ဟဲ့၊ ဒါမှ တို့တတွေ စိတ်ချမ်းသာ လက်ချမ်းသာနဲ့ ဘဝအရသာကို ခံစားနိုင်မယ်'

'အမယ်လေး မထင်လိုက်ပါနဲ့နော်' အင်နာ ခပ်ဆတ်ဆတ် ဝင်ပြောသည်။ 'ငါ့ယောကျ်ား ရှာဖွေလို့ရတဲ့ငွေဟာ တို့နှစ်ယောက် အတွက် လောက်ငှရုံမကဘူး ပိုတောင်ပိုနေသေးတယ်၊ ပြီးတော့ အချိန်ဆိုတာလည်း ငါ့မှာ အလျှံပယ်ပဲ၊ ဒါပေမယ့် ငါ စိတ်မချမ်းသာပါဘူးဟယ်၊ ဆွေမျိုးတွေ၊ မိတ်ဆွေ အပေါင်းအသင်းတွေက ငါ့ဆီက ငွေချေးဖို့လောက်ပဲကြံစည်နေကြတာကလား၊တကယ်လို့ ငါက မချေးပြန်ရင် ငါဟာ သိပ်အတ္တကြီးတာပဲလို့ထင်ကြပြန်ရော၊ ငါဖြင့် ဒီနေ့ဒီအချိန်တွေမှာ ငါ့ရဲ့ မိတ်ဆွေစစ်၊ မိတ်ဆွေမှန် ဆိုတာ ဘယ်သူတွေလဲ ဆိုတာတောင် မခွဲခြားတတ်တော့ပါဘူးဟယ်'

သူ့စကားကို ကိုးလ်က ဖြည့်စွက်ပြီးပြောသည်။

'ဟုတ်တယ်၊ ငါ လောက်လောက်လားလား ချမ်းသာလာ ပြီ ဆိုတာနဲ့ ငါလိုချင်တာမှန်သမျှ အကုန်ရပြီး တင်းတိမ်ရောင့်ရဲ နေနိုင်လိမ့်မယ်လို့ တွေးလေ့ရှိခဲ့တယ်၊ ဒါပေမယ့် အဲဒါလည်း မမှန် ပြန်ဘူး၊ ငွေက မိတ်ဆွေတွေ ဝယ်လို့ရတယ်၊ ဒါပေမယ့် ခင်မင် ရင်းနှီးမှုကိုတော့ ဝယ်လို့မရဘူး၊ ငွေနဲ့ ဆေးဝါးတွေဝယ်လို့ရတယ်၊ ဒါပေမယ့် ကျန်းမာရေးကို ဝယ်လို့မရဘူး၊ လွန်ခဲ့တဲ့ သုံးလေးလ တုန်းကပဲ ငါ့အမေ ကွယ်လွန်သွားတယ်၊ ငါ သူ့ကို ဆေးရုံမှာ ရှိတဲ့ အဆောင်တွေထဲက အကောင်းဆုံးဆိုတဲ့ အဆောင်မှာထား ပြီး ကုသပေးခဲ့တယ်၊ ဒါပေမယ့် အလုပ်တွေ ပိနေလွန်းလို့ ငါ မေမေ့ကို သွားမကြည့်နိုင်ခဲ့ဘူး'

http://www.herrythitsar.org


ဂွန်က ပြောသည်မှာ 'မင်းတို့ တစ်ခုနောက်ကို လိုက်ရင် တခြားတစ်ခုကို စွန့်လွှတ်ရမှာပဲ၊ မင်းတို့ရွေးချယ်မှု တစ်ခုတော့ လုပ်ရမယ်ကွ၊ ဒါပေမယ့် ဝမ်းကျောင်းအလုပ်နဲ့ ချစ်ခင် ရင်းနှီးမှု လိုဟာမျိုး၊ ဒါမှမဟုတ် ချစ်ခြင်းမေတ္တာနဲ့ စည်းစိမ်ချမ်းသာ လိုဟာမျိုး၊ နှစ်ခုစလုံး အရေးကြီးတာခြင်းတူနေတဲ့ အခါမျိုးကျ တော့ မင်းတို့ ဘယ်လိုရွေးကြမလဲ' ဟူ၏။

သည်နေရာရောက်တော့ အင်နာက စတီဗင်ဘက်လှည့်ပြီး ပြောသည်။

'နင်ရော ဘယ်လိုထင်လဲ၊ နင်က ရောင်းအကောင်းဆုံး စာအုပ်တွေရေးနေတဲ့ စာရေးဆရာ၊ နောက်ပြီး ကိုယ့်အားကိုယ် ကိုး ဂုရုကြီးလေ၊ ဒီကိစ္စမှာ နင့်အယူအဆက ဘယ်လိုရှိသလဲ၊ ပြောပါဦး'

စတီဗင် ပြုံးလိုက်၏။

'သိပ်မကြာသေးတဲ့ နှစ်တွေအတွင်းမှာ ငါ အောင်မြင်မှု ကြောင့် ရင်နာစရာတွေနဲ့ အထီးကျန်ဝေဒနာကို ငါလည်း ခံစားခဲ့ရ တာပါပဲဟာ၊ ဒါကြောင့် အောင်မြင်မှုအတွက် ကျားကုတ်ကျားခဲ ကြိုးပမ်းရတာကို ငါ ငြီးငွေ့စပြုလာတယ်လေ၊ အဲဒီနောက်မှာမှ ပုံပြင်ကလေးတစ်ပုဒ် ငါ ကြားခဲ့ရတယ်၊ ငါ့ဘဝ တစ်ခုလုံးကို ပြောင်းပြန် ဆွဲလှန်လိုက်သလို ပြောင်းလဲသွားစေတဲ့ ပုံပြင်ကလေး ပေါ့ဟာ'

'အဲ့ဒီပုံပြင်က ဘယ်လိုလေးလဲဟဲ့'

'ဒီပုံပြင်က ဘဝနဲ့ပတ်သက်ပြီး ခံယူထားတဲ့ ငါ့သဘောထား တစ်ခုလုံး သွင်သွင်ပြောင်းသွားစေတယ်၊ ခုဆို ငါဟာ တစ်ချိန်တုန်း ကလို ရှုံးမှာတွေ မြတ်မှာတွေအတွက် စိုးရိမ် ပူပန်မနေတော့ဘူး၊ တို့တစ်တွေအားလုံး အချိန်အများစုမှာ ရမ္မက်ဆန္ဒတွေကြောင့်

http://www.herrythitsar.org


ဉာဏ်မျက်စိတွေ ကွယ်နေခဲ့ကြတယ်လို့ ငါယူဆတယ်၊ အဲ့ဒီရမ္မက်ဆန္ဒတွေ ပြည့်ဝဖို့အတွက် တို့တစ်တွေဟာ တည်မြဲခြင်းမရှိတဲ့ ရည်မှန်းချက် ပန်းတိုင်တွေ နောက်ကို တကောက်ကောက်လိုက်ကြတယ်၊ အဲ့ဒါ အောင်မြင်လည်း အောင်မြင်ရော လူ့ဘဝဆိုတာ ဘာအဓိပ္ပာယ်မှ မရှိပါကလားလို့ နောက်တစ်ကြိမ် သိမြင်လာကြပြန်ရော၊ နောက်ဆုံးမှာတော့ ငါ့ ဝမ်းကျောင်းလုပ်ငန်းမှာပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ငါ့ရဲ့ပုဂ္ဂလိက ဘဝမှာပဲဖြစ်ဖြစ် ငါလိုက်ရမယ့် အသင့်မြတ်ဆုံး လမ်းကြောင်းကို သိမြင် သဘောပေါက်လာတယ်ကွ'

သူငယ်ချင်းသုံးယောက်က ပြိုင်တူ မေးမြန်းကြသည်။

'အဲဒီပုံပြင်က ဘယ်လောက်တောင် ကောင်းနေလို့လဲ'

'ငါ့အနေနဲ့ ရိုးရိုးစင်းစင်း အမှန်တရားတွေကို စူးစမ်းဖော်ထုတ်ရမယ်ဆိုတာ အဲဒီပုံပြင်က ငါ့ကို သိမြင် သဘောပေါက်စေတယ်ကွ၊ လူ့ဘဝမှာ လူတစ်ယောက်ဟာ သူ့ရဲ့ ကိုယ်ပိုင်ရည်မှန်းချက်ပန်းတိုင်တွေကိုရော သူကျင့်သုံးမယ့် တန်ဖိုး စနစ်ကိုပါ နားလည်သဘောပေါက်ထားရမယ်၊ ငါတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်တွေဟာ ငါတို့ရဲ့ ဘာသာရေး ယုံကြည်ချက်တွေလိုပဲ၊ အဲဒါတွေကို အဝတ်ဗီရိုထဲက အဝတ်အစားတွေလို တစ်မျိုးပြီး တစ်မျိုး ပြောင်းလဲ မနေသင့်ဘူး၊ ဘယ်တော့မဆို အဟောင်း တွေကို အသစ်တွေနဲ့ အစားထိုးနေတာမျိုးလေ။

'လူ့ဘဝတစ်ခုဟာ သက်တမ်းတိုတောင်းလှတာနဲ့ အမျှ အလွန်မတန် အဖိုးတန်လွန်းလှတယ်၊ ဒီလူ့ဘဝကို ရွံ့စေးတစ်တုံးလို ငါတို့ပုံသွင်းယူလို့ရတယ်၊ သံပြားပစ်တဲ့ပုံ သွင်းမလား၊ ဗီးနပ်စ်ပုံ သွင်းမလား၊ ဒါမှမဟုတ် တွေးခေါ်ရှင်ပုံ သွင်းမလား၊ ဒါပေမယ့် တစ်ပြိုင်တည်း နှစ်မျိုးတော့ သွင်းလို့မရဘူး၊ ငါတို့ တစ်ချိန် တည်းမှာ နှစ်မျိုးပြိုင်တူလုပ်လို့ရတယ်လို့ ယုံကြည်ဖို့ ကြိုးစားရင်

အချည်းနှီးဖြစ်မှာပဲ၊ အဲဒီကြားထဲကပဲ အဲဒီလိုလုပ်လို့ရတယ်လို့ ငါတို့ ယုံကြည်နေကြတယ်လေ၊ တကယ်တော့ အဲဒါ လုံးဝ အဓိပ္ပါယ် မရှိဘူးကွ။

'ငါ အဲဒီပုံပြင်လေး တခြားလူပြောပြတော့ သူတို့ထဲက တော်တော်များများလည်း ငါခံစားရတဲ့အတိုင်း လောကကို စိတ်ပျက်ငြီးငွေ့မှုတွေ ခံစားကြရတယ်၊ သူတို့ဟာ ဒီပုံပြင်ကနေ အသိတရားတွေရကြတယ်၊ သူတို့က အဲဒီပုံပြင်ကလေးကိုပဲ နောက်ထပ် တခြားလူတွေဆီ ထပ်ပြီးဖြန့်ဝေပေးပြန်တယ်၊ နောက်ဆုံးတစ်နေ့ကျတော့ သူတို့အထဲက တစ်ယောက်ဟာ ဟောဒီ ကျေးလက် အပန်းဖြေကလပ်ကို တည်ထောင်ခဲ့တဲ့အထိပဲ။

'ဒီကလပ်ရဲ့ အကြီးတန်း မန်နေဂျာတစ်ယောက်ကတော့ ဒီပုံပြင်ကို နားထောင်ရတာ အချိန်ဖြုန်းတီးမှု သက်သက်ပဲတဲ့၊ ဒါပေမယ့် တော်တော်များများက သူနဲ့ သဘောမတူပါဘူး၊ သူတို့က ပုံပြင်ထဲက ဇာတ်ကောင်တစ်ကောင်နဲ့တူတယ်လို့ ပြောကြတယ်၊ အတွေးအခေါ်သမားတွေလေ၊ သူက လူတွေ အပူတပြင်း အဖြေရှာနေတဲ့ မေးခွန်းတွေကို ခေါင်းထဲထည့်ထားသူပေါ့၊ သူကသာ သူ့ခေါင်းထဲ ထည့်ထားတာ၊ အဲဒီမေးခွန်းတွေရဲ့ အဖြေတွေကို နောင် နှစ်ပေါင်းထောင်ချီပြီး ကြာသွားလည်း ရှာလို့တွေ့ချင်မှ တွေ့မှာ'

သူ့စကား နားထောင်ရင်း အင်နာက စိတ်မရှည်တော့ဘဲ ပြောလိုက်၏။

'ကဲ၊ တောပြောတောင်ပြော လျှောက်ပြောမနေနဲ့၊ တို့ကို အဲဒီပုံပြင်ကိုပဲ ပြောပြ'

'အဲဒီပုံပြင်ကို ဘယ်သူ့ဒိန်ခဲ ငါ အပိုင်စီးလို့ရမည်လဲ လို့ နာမည်ပေးထားတယ်ကွ'


http://www.herrythitsar.org



'အဲဒီပုံပြင်ကို ငါတို့ကို ပြောပြမလား၊ ငါတို့အတွက် အကျိုး ရှိချင်ရှိမှာပေါ့' ဟု ကိုးလ်က ပြောသည်။

'ရပါတယ်' ဟု စတီဗင်ပြောသည်။ 'ငါ မင်းတို့ကို ပြောပြ ချင်ပါတယ်ကွာ၊ ဇာတ်လမ်းက သိပ်မရှည်ပါဘူး'

သို့ဖြင့် စတီဗင်က သူ့ပုံပြင်ကို စပြောလေသည်။



# ပုံပြင်စာတ်လမ်း

ဟိုးရှေးရှေးတုန်းက ဝေးလံသီခေါင်တဲ့ အရပ်တစ်ခုမှာ ပိစိကွေး ကြွက်ကလေး နှစ်ကောင်နဲ့ သေးသေးညှက်ညှက် ကောင်လေး နှစ်ယောက် ရှိသတဲ့၊ သူတို့ဟာ နေ့စဉ်နေ့တိုင်း ထူးဆန်း အံ့သြ စရာကောင်းတဲ့ ဝက်ပါတစ်ခုထဲမှာ ဝါဝါရွှေရွှေ ဒိန်ခဲ အစအန လေးတွေ တွေ့လိုတွေ့ငြား လှည့်ပတ်ပြေးလွှား ရှာဖွေခဲ့ကြသတဲ့၊ ဒိန်ခဲအစအနတွေ တွေ့လို့ စားသောက်ရတဲ့အခါ သူတို့အင်အား ပြည့်ဖြိုးလာတာပေါ့၊ နောက်ပြီး စိတ်ပျော်ရွှင်ကြတာပေါ့။

ကြွက်ကလေး နှစ်ကောင်ရဲ့ နာမည်က စလစ်နဲ့ စကမ်ပါ လို့ ခေါ်သတဲ့၊ လူကလေး နှစ်ယောက်ကတော့ ဝိဗ်နဲ့ ဝေဗာလို့ ခေါ်သတဲ့၊ သူတို့ဟာ ကြွက်ကလေးတွေလောက်ကို သေးငယ် တယ်၊ ဒါပေမယ့် လူလားမြောက်တဲ့ လူသားတွေလိုပဲ ပြုမူ ကျင့်ကြံကြတယ်။

http://www.herrythitsar.org



သူတို့အားလုံး သူတို့အတွက် ဒိန်ခဲရဖို့ ကြိုးစားပမ်းစားနဲ့ အချိန်အကြာကြီး ရှာဖွေခဲ့ရတယ်၊ နောက်ဆုံး ဝက်ပါကြီးရဲ့ထောင့်တစ်ထောင့်၊ ဘရိုင်ကောင်တီဆိုတဲ့ အရပ်ဒေသမှာ ရှာဖွေလို့ တွေ့ခဲ့ကြတယ်၊ အဲဒီနောက်မှာတော့ သူတို့ဘဝဟာ သက်သောင့်သက်သာနဲ့ အေးအေးဆေးဆေး ဖြစ်သွားတာပေ့ါ။ သူတို့နေထိုင်တဲ့ နီးနားဝန်းကျင်မှာ သူတို့ကို တလေးတစား ဆက်ဆံကြတယ်၊ သူတို့ကလည်း ခမ်းကြီးနားကြီး ဧည့်ခံပွဲတွေ မကြာမကြာ ကျင်းပပေးကြတယ်ဆိုပဲ၊ သူတို့ရဲ့ ထည်ထည်ဝါဝါ ဧည့်ခံပွဲတွေကို မြောက်မြားလှတဲ့ သူတို့မိတ်ဆွေတွေကို ဖိတ်ကြား ကျွေးမွေးတာပေ့ါ၊ ဒါပေမယ့် ငြိမ်းချမ်းသာယာတဲ့ နေ့ရက်တွေဟာ သိပ်မကြာရှည်ခဲ့ဘူး။

တစ်နေ့မှာတော့ သူတို့ရဲ့ ဒိန်ခဲတွေအားလုံး ပျောက်ချင်းမလှ ပျောက်သွားတာ တွေ့ကြရသတဲ့၊ ဒီတော့ စလစ်နဲ့ စကမ်ပါက သူတို့ရဲ့အပြေးစီးဖိနပ်တွေ ကောက်စွပ်ကြတော့တာပဲ၊ သူတို့အတွက် ဒိန်ခဲအသစ်တွေ ထွက်ရှာကြတော့မယ်ပေ့ါ။

ဝေဗာ နည်းနည်းအချိန်ယူပြီး စဉ်းစားတယ်။ ချင့်ချိန်တယ်။ ပြီးတော့ သူတို့လည်း ကြွက်ကလေးတွေ နည်းတူ ဒိန်ခဲ အသစ်လိုက်ရှာကြရင် ကောင်းမယ်လို့ ဝိဗ်ကို အဆိုပြုတယ်။ ဒါပေမယ့် ဝိဗ်က လက်မခံဘူး။ သူက ကြွက်တစ်ကောင်ရဲ့ဘဝမျိုးနဲ့ မနေထိုင်မရှင်သန်ချင်ဘူး။ **သူက အကြောင်းကိစ္စတွေကို သူ့ ဘာသာသူ ဦးနှောက်နဲ့ တွေးတောကြံဆချင်သူ ဖြစ်တယ်။ တွေးတောကြံဆတာ ဆင်းရဲပင်ပန်းကောင်း ဆင်းရဲပင်ပန်းပြီး အချည်းနှီးဖြစ်ကောင်း ဖြစ်နေမယ်။ ဒါပေမယ့် စဉ်းစားတယ်။ ကြံဆတယ်ဆိုတာ စွမ်းရည်တစ်ခုလေ။ ဒီစွမ်းရည်က သူနဲ့ သာမညကြွက်တွေကို မတူ ခြားနားအောင်ခွဲခြားပေးလိုက်တဲ့ အရည်အချင်း**

http://www.herrythitsar.org



**ပေါ့။ကြွက်တွေဆိုတာ ဘဝအမိပါယ်နဲ့ ဘဝတန်ဖိုး ဆိုတာကို သိမြင်သဘောပေါက်တဲ့ သတ္တဝါတွေမှ မဟုတ်ဘဲ။**

ပြောရမယ်ဆိုရင်တော့ သူတို့ရဲ့ ဒိန်ခဲကို ဘယ်သူ ရွှေ့ယူသွားသလဲ။ ဘာဖြစ်လို့ ဒီလို ရွှေ့ယူသွားတယ်ဆိုတာ ကြွက် တွေက မေးမြန်းစူးစမ်းလေ့ရှိသူတွေ မဟုတ်ဘူး။ သူတို့ဟာ ရိုးရိုးသားသားဘဝနဲ့ နေထိုင်သူတွေပဲ။ ဒိန်ခဲဆိုတာ သူတို့ကို စိတ်ချမ်းသာအောင် ဖန်တီးပေးနေတဲ့အရာ။ ဒိန်ခဲ များများပိုရလေ သူတို့ ပိုပြီး ပျော်ကြမြူးကြလေပေါ့။ သူတို့ဟာ ကြွက်ဖြစ်နေတဲ့ အတွက် လိပ်ပြာသန့်သန့်နဲ့ ခိုးနိုင်ကြတယ်။ တတိတိ အလစ်သုတ်နိုင်ကြတယ်။ အဲဒီကြားထဲကပဲ သူတို့ရဲ့ ဒိန်ခဲတွေ ပျောက်ဆုံးသွားတဲ့အခါကျတော့လည်း မနှမြောကြဘူး။ စိတ်မဆင်းရဲကြဘူး။ တစ်နေ့တာလုံး လှည့်ပတ်ပြေးလွှားပြီး ဒိန်ခဲ လိုက်ရှာနေတာဟာ သူတို့ရဲ့ သဘာဝအပြုအမူ တစ်ရပ်ပဲ။ ဘရိုင်ကောင်တီဆိုတဲ့ စီရင်စုနယ်မြေကတော့ သူတို့အတွက် ဘုရားပေးတဲ့ နယ်မြေပေါ့။ ဒီနယ်မြေကို လက်လွှတ်ဆုံးရှုံးရတယ်ဆိုတာ သူတို့အတွက် သဘာဝအလှည့်အပြောင်း တစ်ရပ်ပါပဲ။ ဒီတော့ သူတို့ဟာ နှောင့်နှေးခြင်း မရှိပဲ ဒီနယ်မြေကနေ ထွက်ခွာခဲ့ကြတယ်။ ကြွက်တွေဟာ ဒိန်ခဲရှိရာဆီကို သွားကြတယ်။ သူတို့ဘဝက အဲဒီလောက်ကိုပဲ ရိုးရှင်းပါတယ်။

နောက်ဆုံးတော့ ဝေဗာက သူလည်း ထွက်ခွာဖို့ ဆုံးဖြတ်လိုက်တယ်။ သူနဲ့လိုက်ဖို့ သဘောမတူတဲ့ ဝိဗ်ကို ထားရစ်ခဲ့မယ်ပေါ့။ တော်တော်ကြီးကို လှည့်ပတ်ရှာဖွေပြီးမှ ဝေဗာက နယ်မြေဒေသတစ်ခုကို ရောက်သွားတယ်။ ဝက်ပါကြီးရဲ့ အလယ်တည့်တည့်မှာရှိပြီး ဒိန်ခဲမြို့လို့ခေါ်တဲ့ ဒေသပေါ့။ ဒီမြို့မှာ လတ်ဆတ်ပြီး ရွှေရောင်ဝင်းနေတဲ့ ဧရာမ ဒိန်ခဲကြီးတွေ တစ်ပုံတစ်ခေါင်းရှိတာ

http://www.herrythitsar.org



ကလား။ အဲဒီအရပ်ဒေသမှာ ဝေဗာဟာ စလစ်နဲ့ စကမ်ပါကိုလည်း တွေ့ရတယ်။ ဒီတော့ သူငယ်ချင်းသုံးယောက် ပြန်ပြီးတွဲမိကြတော့တာပေါ့။

ဒါပေမယ့် နေ့တွေ ရက်တွေကြာမြင့်လာတော့ ကွက်နစ်ကောင်က သူ့ကို သိပ်ကြည်ဖြူပုံမရဘူးလို့ ဝေဗာစိတ်ထဲ ထင်လာတယ်။ ဒိန်ခဲမြို့ကို သူတို့က စတွေ့ထားသူတွေဆိုတော့ ဒီမှာရှိတဲ့ ဒိန်ခဲတွေအားလုံးကို သူတို့ပဲ ပိုင်တယ်ဆိုတဲ့ အချိုးမျိုးချိုးကြတယ်။ စလစ်နဲ့ စကမ်ပါဟာ တစ်စတစ်စနဲ့ ဝေဗာရဲ့ ဒိန်ခဲဝေစုကို မျက်စောင်းထိုးလာကြတယ်။ ပြီးတော့ ဝေဗာ ရှိနေတာကိုလည်း ငြူစူကြတယ်။ ဒီတော့ ဝေဗာခမျာ စိတ်ညစ်ရပြန်တာပေါ့။

ဝေဗာက ဝိဗ်လို မဟုတ်ဘူး။ အကြောင်းကိစ္စ တော်တော်များများအကြောင်းကို နက်နက်နဲနဲ တွေးတောကြံဆလေ့ရှိတာ မဟုတ်ဘူး။ ဒါပေမယ့် လတ်တလော အဖြေရှာရမယ့် ခုကြုံနေရတဲ့ ပြဿနာမျိုးကျတော့ ဝေဗာဟာ အချိန်အများကြီးယူပြီး တန့်နှံ့စဉ်းစားတော့တာပဲ။ နောက်ဆုံးကျတော့ သူက နံရံပေါ်မှာ စာတစ်ကြောင်းရေးချလိုက်တယ်။ **ဒိန်ခဲ ပိုင်ဆိုင်ရခြင်းက သင့်ကို တကယ်ပဲ စိတ်ချမ်းသာစေသလား။** သူတို့အုပ်စု ထောင်ပုံရာပုံရှိတဲ့ ဒိန်ခဲတွေ စတွေ့ကြတုန်းက သူတို့တတွေ ခံစားခဲ့ရတဲ့ ပျော်ရွှင်မှုတွေ၊ တက်ကြွမြူးထူးမှုတွေကို သူပြန်ပြီး အမှတ်ရနေမိတယ်။ အဲဒီတုန်းကဆို သူတို့ဟာအရမ်းခင်မင်တဲ့ သူငယ်ချင်းတွေပဲ။ ကံမကောင်းအကြောင်းမလှစွာပဲ ခုတော့ သူ့မှာ ရှေ့မတိုးသာ နောက်မဆုတ်သာ အနေအထားမျိုးနဲ့ ကြုံနေရပြီလေ။ သူ တိတ်တိတ်ဆိတ်ဆိတ်ပဲ ထွက်ခွာသွားမလား၊ ဒါမှမဟုတ် ရဲရဲတင်းတင်းပဲ ဒီမှာဆက်နေမလား။

http://www.herrythitsar.org


ကြွက်တွေက အခါအခွင့်ကြုံရင် ကြုံသလို ဝေဗာကို မဲ့ကြ ရွဲ့ကြတယ်။ ဒိန်ခဲအားလုံးကို သူတို့ပိုင်တဲ့အကြောင်း စောင်းပါး ရိပ်ခြည် ပြောကြတယ်။ ဝေဗာ တော်တော်ကြီး စိတ် ထိခိုက်ရ တယ်။ သူတို့တတွေ စုစုစည်းစည်းနဲ့ ပျော်ရွှင်ခဲ့ကြတဲ့ ဟိုတုန်းက အချိန်တွေကို သူ အရမ်းသတိရပြီး၊ အရမ်းလွမ်းမိတာပေါ့။

ကြွက်ကလေး နှစ်ကောင်က ပိုကြီးမားပြီး ပိုသားနားတဲ့ အိမ်ကြီး တစ်လုံးထဲကို ပြောင်းရွှေ့နေထိုင်ကြတယ်။ သူတို့က ဘဏ္ဍာစိုး တစ်ယောက်တောင် ငှားထားလိုက်သေး။ သူငယ်ချင်း မိတ်ဆွေဟောင်းတွေနဲ့ အဆက်အဆံ နည်းသွားတယ်။ သူတို့က ဒိန်ခဲပိုင်တဲ့ အပေါင်းအသင်းတွေနဲ့ အသိုင်းအဝိုင်းသစ် ထူထောင် နေတာကိုး။

သူတို့လိုပဲ ဝေဗာလည်း ပြောင်းရွှေ့သွားတယ်။ ဒါပေမယ့် သူကတော့ သူ့ဒိန်ခဲနဲ့ နီးနီးနားနားဖြစ်အောင် စီးပွားရေးရပ်ကွက်ရဲ့ အလယ်ဗဟိုကို ပြောင်းသွားတာ။ ဘာဖြစ်လို့လဲဆိုတော့ သူက သဘာဝပတ်ဝန်းကျင် အနေအထားနဲ့ နီးနား ဝန်းကျင်မှာရှိတဲ့ အသုံးအဆောင် ပစ္စည်းပစ္စယတွေကို သဘောကျတာကိုး။

တစ်နေ့မှာတော့ စကားလုံး မာမာထန်ထန်တွေသုံးထားတဲ့ စာတစ်စောင်ကို ဝေဗာ ရရှိတယ်။ စာက စလစ်နဲ့ စကမ်ပါရဲ့ ရှေ့နေဆီကစာလေ။ စာထဲမှာ တိတိကျကျ ပြတ်ပြတ်သားသား ဖော်ပြထားတာကတော့ ဒိန်ခဲမြို့တော်မှာရှိတဲ့ ဒိန်ခဲဆိုရင် ဘယ် ဒိန်ခဲကိုမှ ဝေဗာ ပိုင်ဆိုင်ခွင့်မရှိဘူးတဲ့။ ဝေဗာ ရှုးရှူးရှားရှား ဖြစ်သွားတာပေါ့။ ဒါပေမယ့် သူဘယ်လို တုန့်ပြန်ရင် ဘယ်လို အကျိုးဆက်တွေ ထွက်ပေါ်လာမလဲဆိုတာ ချိန်ဆတယ်။ စဉ်းစား တယ်။ ဒီ ကြွက်နှစ်ကောင်ကို တရားရုံးတော်မှာ ရင်ဆိုင်ပြီး သူနိုင်ကိုယ်နိုင် အပြိုင်တိုက်ရင် သူ့ဘဝရဲ့ ငြိမ်းချမ်းသာယာမှုတွေ

http://www.herrythitsar.org



ပြိုကွဲ ပျက်စီးသွားနိုင်တယ်။ တကယ်လို့ သူ့ဒိန်ခဲကို စွန့်လွှတ်ပေးအပ်လိုက်လည်း ကြွက်နှစ်ကောင်ဟာ စိတ်ချမ်းသာမှုကို တကယ် ရချင်မှရမှာ။ ပြောရမယ်ဆိုရင် ခုလို သူ့ဒိန်ခဲကို အပိုင်စီးခဲ့မိတဲ့တွက် သူတို့ စိတ်မသိုးမသန့်တောင် ဖြစ်နေဦးမယ်။

ဒီတော့ ဝေဗာက သူ့ရဲ့ အပြေးစီးဖိနပ်တွေ ကောက်စွပ်တယ်။ ပြီးတော့ နံရံပေါ်မှာ စာရေးတယ်။ **ဒိန်ခဲဟာ မင်းတို့ ထင်ထားသလောက် မက်မောစရာ မကောင်းဘူး၊ ဒိန်ခဲရှာပုံတော်ဖွင့်ခြင်းဟာ မင်းတို့ဘဝမှာ တစ်ခုတည်းသော အဓိပ္ပါယ်ရှိတဲ့ လှုပ်ရှားမှုဆိုရင်တော့ မင်းတို့ဘဝကို အဲဒီ ဒိန်ခဲကပဲ ဖျက်ဆီးပစ်လိမ့်မယ်။**

အဲဒီအခိုက်မှာပဲ တခြားလူညှက်ကလေးတစ်ယောက် သူ့အနား ရောက်လာပါလေရော။ သူကတော့ ဗှစ်စပါဆိုတဲ့ ရှေ့နေကလေးပေ့ါ။ အနေအထားကို မေးမြန်းသိရှိရပြီးတဲ့အခါမှာ ဗှစ်စပါက ဝေဗာကိုပြောတယ်။ 'ခင်ဗျား ဒိန်ခဲကို ဘယ်သကောင့်သားမှ မောင်ပိုင်စီးခွင့်မရှိဘူး' တဲ့လေ။

ဒီတော့ ဗှစ်စပါရဲ့ အကြံပေးချက်အရ ဝေဗာဟာ ကြွက်နှစ်ကောင်ကို တရားရုံးတော်မှာ ရင်ဆိုင်ပြီး ပြတ်ပြတ်သတ်သတ် တိုက်တော့တာပဲ။ ရုံးတော်မှာ ရင်ဆိုင်ရတဲ့ တရားမမှုတွေရဲ့ ထုံးစံအတိုင်း အမှုက ရှည်လျားထွေပြားပြီး မပြီးနိုင်မစီးနိုင်ပေါ့လေ။ ဟိုဘက်ဒီဘက် သူနိုင်ငါနိုင် အပြိုင်တိုက်နေတဲ့ အတွင်းမှာ ထိခိုက်နစ်နာမှုတွေ၊ စိတ်မချမ်းသာစရာတွေ ပြည့်နေတာပေ့ါ။ နောက်ဆုံးကျတော့ နှစ်ဦးနှစ်ဖက်စလုံး ခြေကုန်လက်ပန်းကျလာပြီ။ ဖြူခါပြာခါကျလာပြီ၊ အတ္တမာနတွေ အနည်ထိုင်စပြုလာပြီ၊ ဆိုတဲ့အခါမှာတော့ သူတို့ သဘောတူညီချက်တစ်ခု ရကြတယ်။ ရှိသမျှဒိန်ခဲတွေကို ငါးပုံ ပုံပြီး ငါးစု ခွဲလိုက်တယ်။ တစ်ဦးကို တစ်စုယူကြ

မယ်ပေါ့။ စလစ်၊ စကမ်ပါ၊ ဝေဗာနဲ့ ဝှစ်စပါတို့က ဝေစုတစ်စုစီ။ ကြွက်နှစ်ကောင်ရဲ့ရှေ့နေ စပိုက်ဒါ တစ်စု၊ အားလုံး ငါးစုပေ့ါ။

သူ့ကိုယ်ပိုင် ဒိန်ခဲတွေနဲ့ ခပ်ထည်ထည် နေနိုင်ပြီဖြစ်တဲ့ ဝေဗာဟာ လူရိုသေ ရှင်ရိုသေ ဖြစ်လာတယ်။ သူ့ဝန်းကျင်ရှိ လူတွေက အားကျမနာလို ဖြစ်ရတဲ့လူတစ်ဦး ဖြစ်လာတယ်။ လူတော်တော်များများက သူနဲ့ သိကျွမ်းခင်မင်ချင်ကြတယ်။ သူကလည်း တခြားလူတွေပေါ် သူ့စကားလုံးတွေနဲ့ ဩဇာလွှမ်းထားတယ်။ ဒါပေမယ့် သူ စိတ်မချမ်းသာပါဘူး။ တကယ်တမ်းကျတော့ သူဟာ အထီးကျန် လူညှက်ကလေးဖြစ်နေတယ်လေ။ သူဟာ လူ့အဖွဲ့အစည်းထဲမှာ ဩဇာအာဏာရှိတယ်။ ခမ်းနားထည်ဝါပြီး စည်းစိမ်အပြည့်ရှိတဲ့ နေမှုပုံစံနဲ့နေနိုင်တယ်။ လူအများရဲ့ အရေးပေးမှုခံရတယ်။ သူ့မှာ ငွေရှိတယ်။ မိတ်ဆွေ အပေါင်းအသင်းတွေရှိတယ်။ အဲဒါတွေ အားလုံးရဲ့ အရင်းအမြစ်ကတော့ သူ့ဒိန်ခဲတွေပဲပေ့ါ။ ဒိန်ခဲတွေကဆောင်ကြဉ်းပေးတဲ့အကျိုးကျေးဇူးတွေကို သူနှစ်သက်တယ်။ သဘောကျတယ်။ ဒါကြောင့် သူဟာ သူ့ဒိန်ခဲတွေကို အရိပ်တကြည့်ကြည့်နဲ့ အရမ်းဂရုစိုက်တယ်။ သူ့ဒိန်ခဲတွေ အောက်သိုးပြီး ပျက်ကုန်ပြီလားလို့ မကြာမကြာ နမ်းရှုကြည့်လေ့ရှိတယ်။ နောက်ပြီး သူ့ဒိန်ခဲကို တစ်ယောက်ယောက်ကလာပြီး အပိုင်စီးသွားမယ့်နေ့ကို ရင်ဆိုင်ဖို့လည်း သူက အသင့်ပြင်ထားသတဲ့လေ။

ဝေဗာက ဒီလောကကြီးမှာ သူယုံကြည်စိတ်ချရသူ တစ်ဦးမှ မရှိတော့ဘူးလို့ ယုံကြည်စွဲမှတ်လာတယ်။ အရင်ကတော့ လူ့ဘဝမှာ အခွင့်အလမ်းတွေ အမြဲရှိနေသလို ဝက်ပါထဲမှာ လိုက်ရှာတတ်ရင် ဒိန်ခဲဆိုတာလည်း အမြဲရှိနေတယ်လို့ ယုံကြည်စွဲမှတ်ခဲ့တယ်။ လူတစ်ယောက်အနေနဲ့ လုပ်ရမှာက ဒိန်ခဲရှိရာကို လိုက်ရှာဖို့


http://www.herrythitsar.org



အပြေးစီးဖိနပ်ကို ကောက်စွပ်ရုံပဲပေါ့။ နောက်ပြီး လူတိုင်းမှာ ဒီလို လုပ်ခွင့်ရှိတယ်။ ဒိန်ခဲတွေဖို့ အခွင့်အလမ်းလည်း လူတိုင်းမှာ အညီအမျှရှိတယ်လို့ ယုံကြည်တာပေါ့။ ခုတော့ ဝေဗာ အဲဒါတွေ ကို မယုံတော့ဘူး။ မယုံဝံ့တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခြေ အနေတွေက အရင်နဲ့ တူမှ မတူတော့ဘဲကိုး။ လောကမှာ ဒိန်ခဲ ဖြစ်ဖြစ် အခွင့်အလမ်းတွေဖြစ်ဖြစ် လွယ်လွယ်ကလေး ရောက်မလာ ဘူး။ အဲဒီလိုမှန်းသိရက်နဲ့လည်း အဲဒါတွေကို လူတိုင်းက ပိုင်ဆိုင်လို ကြတယ်။ **ဒီအထဲမှာ ဘယ်သူ သေသေ ငတေမာ ပြီးရောဆိုတဲ့ လူတွေတောင် ရှိတယ်။ ဒီလူတွေက တခြားလူတွေ ကြိုးစား ပမ်းစား ရှာဖွေစုဆောင်းထားတဲ့ ဒိန်ခဲတွေကို မောင်ပိုင်စီးဖို့ တစ်စက်ကလေးမှ လက်မတွန့်သူတွေပေါ့။**

ခုတော့ ဝေဗာမှာ သူ့ ဒိန်ခဲတွေကို ကာကွယ်စောင့်ရှောက်ဖို့ သတိဝီရိယကြီးကြီးထားပြီး မပြတ် စောင့်ကြည့်နေရတော့တာ ပေါ့။ ဒါပေမဲ့ သူ့ရဲ့ ပုံမှန်တာဝန်ဝတ္တရားတွေကို တစ်နေ့ပြီးတစ်နေ့ လုပ်နေရတာ ကြာလာတော့ သူ တဖြည်းဖြည်း ငြီးငွေ့လာတော့ တယ်။

တစ်နေ့မှာတော့ သူဟာ သူ့ကိုယ်သူ အားမလို အားမရ ဖြစ်ပြီး စာတစ်ကြောင်း ကောက်ရေးလိုက်တယ်။



**သင့်ဒိန်ခဲမှာ ဘာတွေ ပြောင်းလဲလာ မလဲဆိုပြီး တစ်နေ့တစ်ခါ နမ်းကြည့်နေတဲ့ နည်းနဲ့ သင့်အချိန် ကိုအသုံးပြုလို့ ကတော့ သင့်ဘဝဟာ ပုံမှန် အစီ အစဉ်ကြီး တစ်ခုလို အပ်ကြောင်းထပ်ပြီး ငြီးငွေ့စရာ ကောင်းလာပေလိမ့်မယ်။**

အဲဒီစာကိုရေးအပြီးမှာပဲ သူဟာ စကမ်ပါကို မြင်လိုက်ရတယ်။ စကမ်ပါက အပြေးစီးဖိနပ်တွေ စီးလို့လေ။ ဒိန်ခဲ မြို့ပြင်ဘက်ကို

http://www.herrythitsar.org



ဦးတည်သွားနေတယ်။ ဘာတွေဖြစ်ကုန်ပြီလဲလို့ ဝေဗာ အတွေး ကြွယ်နေမိတော့တာပေါ့။ အဲဒီနောက်မှာမှ သူ အထိတ်တလန့်နဲ့ သတိရလိုက်တယ်။ အဲဒီကောင်လေးရဲ့ ဒိန်ခဲတော့ အပိုင်စီးခံ လိုက်ရပြီ ထင်ပါရဲ့လို့လည်း တွေးမိတယ်။ သူက စကမ်ပါကို လှမ်းတားတယ်။ ဒီတော့ စကမ်ပါက ဘာပြောလဲဆိုတော့ 'ကျွန်တော့် ဒိန်ခဲကို ဝှစ်စပါ မောင်ပိုင်စီးသွားပြီဗျ၊ ဒါပေမယ့် ခင်ဗျား ဒိန်ခဲတွေတော့ အဲဒီမှာ သူ့ နဂိုအတိုင်းရှိနေ သေးတယ်၊ ဒီတော့ ခင်ဗျား တစ်ချက်ကလေးမှ အလစ်မပေးနေနဲ့၊ ဒီကောင့်ကို စောင့်ကြည့်နေပေတော့' တဲ့။

'ဒါပေမယ့် ဒီလိုလုပ်တာတော့ မတရားဘူးကွ၊ အဲဒီဒိန်ခဲ ကို မင်း ပိုင်တာပဲဟာ၊ သူ့မှာ ဘာအခွင့်အရေးရှိလို့ သူက ခုလို ရွှေ့ပြောင်းယူသွားရတာလဲ၊ သူ့မှာလည်း သူ့ကိုယ်ပိုင် ဒိန်ခဲတွေ ရှိနေရက်နဲ့ သူက ဘာကိစ္စ မင့်ဒိန်ခဲကို အလစ်သုတ်ရတာလဲ'

'ဒိန်ခဲ များများလိုချင်လို့ ဖြစ်မှာပေါ့ဗျာ၊ ဘာပဲဖြစ်ဖြစ် ဝှစ်စပါက ပြောပါတယ်၊ အဲဒီဒိန်ခဲတွေ သူယူမသွားလည်း အဲဒါတွေ က သက်တမ်းကြာလွန်းနေပြီတဲ့၊ အောက်သိုးနေတဲ့ ဒိန်ခဲတွေကို လတ်ဆတ်တဲ့ ဒိန်ခဲနဲ့ မလဲဘူးဆိုရင် ကျွန်တော် အသက်ဆုံးသွား နိုင်တယ်တဲ့၊ ဒီတော့ ဒိန်ခဲဟောင်းတွေကို မြန်မြန် စွန့်ပစ်လိုက် လေ၊ လတ်ဆတ်တဲ့ ဒိန်ခဲကို မြန်မြန်ရှာလို့တွေ့လေပေါ့၊ ဒီတော့ ကျွန်တော့် ဒိန်ခဲရဲ့အပြောင်းအလဲကို ကြည့်ပြီး ကျွန်တော်ကလည်း အလိုက်သင့် အလျားသင့် လိုက်ပြောင်းပေးရတော့မှာပေါ့တဲ့ဗျ'

'နေပါဦး၊ သူပြောတာကို မင်းရင်ထဲ အသည်းထဲက ယုံလို့ လား'

'ဟုတ်ကဲ့၊ ယုတ်စွအဆုံး သူ ကျွန်တော့်ဒိန်ခဲတွေ ရွှေ့ယူ သွားတုန်းက သူပြောသွားတာ အဲဒီအတိုင်းပဲလေ'

http://www.herrythitsar.org



ဝေဟာ မကျေနပ်။ တရားမျှတမှုမရှိဘူးလို့ နင့်နင့်နဲနဲ ခံစားရတယ်။ ဒါပေမယ့် စကမ်ပါကတော့ ခပ်အေးအေးပဲ။ 'စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ၊ အပြောင်းအလဲတွေနဲ့ အခြေအနေသစ်တွေကို ကျွန်တော် မဖြုံပါဘူး၊ ကျွန်တော် ဒိန်ခဲအသစ်တွေ ရှာလို့ရမှာပါ' လို့တောင် ပြောလိုက်သေးရဲ့။

အဲဒီလိုလည်း ပြောပြီးရော၊ စကမ်ပါဟာ ချာခနဲ လှည့်ပြီး အသော့ပြေးတော့တာပဲ။ မိုးကုတ်စက်ဝိုင်းပေါ်မှာ သူ့ပုံရိပ်ကလေး ပျောက်ကွယ်သွားတဲ့အထိ ဝေဟာစောင့်ကြည့်နေတယ်။ ပြီးတော့ နံရံပေါ်မှာ စာတစ်ကြောင်း ရေးခြစ်လိုက်တယ်။

**သင် အကြောက်အလန့်မရှိပေမယ့်လည်း ဒိန်ခဲအသစ်ကို ရှာလို့ဖွေလို့ ရမယ်ဆိုတာ သေချာလို့လား။**

ဝေဟာ စာရေးပြီး တစ်ဖက်လည်း ပြန်လှည့်လိုက်ရော သူ့နှာခေါင်းထဲကို အနံ့တစ်ခု တိုးဝင်လာတော့တယ်။ သက်တမ်းကြာလွန်းတဲ့ ဒိန်ခဲက ထွက်လာတဲ့ အောက်သိုးသိုး အနံ့ကြီးပေါ့။ သူက စကမ်ပါရဲ့ ဒိန်ခဲတွေသိုလှောင်ထားတဲ့ နေရာတွေကို သွားကြည့်တယ်။ ပြီးတော့ သက်ပြင်းချလိုက်မိတယ်။ မူလနေရာမှာ ဘာဆိုဘာမှ မရှိတော့ဘူး။ ဟာလာဟင်းလင်းကြီး ဖြစ်နေပြီလေ။ အစက ဒီနေရာမှာရှိတဲ့ ဒိန်ခဲတွေအားလုံး ဗုစ်စပါရဲ့ နေရာကို သယ်ရွှေ့သွားကြပြီပေါ့။ နောက်ပြီး အဲဒီ ဒိန်ခဲတွေ အားလုံးအပေါ်မှာ ဗုစ်စပါရဲ့ နာမည်တွေ ထိုးထားတယ်လေ။


ဝေဟာက ဝက်ပါကြီးထဲမှာ သူ ဒိန်ခဲရှာပုံတော်ဖွင့်ခဲ့ချိန်ကို ပြန်တွေးနေမိတယ်။ အဲဒီမှာ ဒိန်ခဲတစ်စွန်းတစ်စတောင် ရှာမတွေ့ဘဲ စိတ်ဝေဒနာ ခံစားသွားရတဲ့ လူတွေအများကြီးကို သူ မြင်ခဲ့တွေ့ခဲ့တာပေါ့။ ဒိန်ခဲရှာပုံတော်ဖွင့်တုန်းက ဝက်ပါကြီးရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အနေအထားတွေကို သူ ကိုယ်တွေ့ကြုံခဲ့ဖူးတာ

http://www.herrythitsar.org



ပေါ့။ တခြား လူညှက်ကလေး တစ်ယောက်ဆိုရင် ဒိန်ခဲမြို့အဝင် တံခါးပေါက်အရောက်မှာ ကြမ်းပြင်ပေါ် မှောက်ရက်လဲကျသွားတာ သူ ပြန်ပြီးသတိရနေမိတယ်။ အဲဒီ လူညှက်ကလေးဟာ မျက်စိ တွေ မှိတ်မသွားခင် ဖွဖွကလေး ရေရွတ်လိုက်တယ်။ 'နောက်ဆုံး ငါအောင်မြင်ပြီပေါ့ကွာ' တဲ့။ ဒါပေမယ့် သူဟာ လုံး၀ ပြန်ထမလာ နိုင်တော့ပါဘူး။

ဝေဗာဟာ ဒိန်ခဲ နံရံကြီးဆီကို လျှောက်သွားပြီး စာရေး လိုက်ပြန်တယ်။



**နေရာသစ်၊ လမ်းကြောင်းသစ်ထဲကို တိုး၀င်လိုက်ပါ၊ အဲဒီအခါကျ လုံး၀မတူ ခြားနားတဲ့အဖြေ နှစ်ခုက သင့်ကို စောင့်ကြိုနေလိမ့်မယ်၊ အဲဒါကတော့ ဒိန်ခဲအသစ်ကို တွေ့ရင် တွေ့၊ ဒါမှမဟုတ် ခရုဆံ ကျွတ်ဘ၀နဲ့ ဇာတ်သိမ်း၊ ဒါပဲရှိတယ်။**

ဝှစ်စပါ သူ့ရှေ့ ရောက်လာတယ်။ ဝှစ်စပါက နှုတ်ခမ်းစွန်း တွေ နားရွက်နှစ်ဖက်မှာ တက်ချိတ်တော့မတတ် ပါးစပ်ကြီးဖြဲပြီး ပြုံးနေတယ်။ သူ့မျက်နှာက အောင်နိုင်သူကြီးရဲ့ မျက်နှာမျိုးပေါ့။ သူက ဝေဗာကို ဘယ်လို ပြောပြသလဲဆိုတော့

**'ဒီကမ္ဘာလောကကြီးထဲမှာ ဒိန်ခဲကို ရယူပိုင်ဆိုင်နိုင်တဲ့ နည်းလမ်း နှစ်သွယ်ရှိတယ်၊ ပထမနည်းလမ်းက မင်းလိုက်ခဲ့တဲ့ နည်းလမ်း၊ သွေးနဲ့ ချွေးနဲ့ရင်းပြီး ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းနဲ့ လိုရာ ပန်းတိုင်ရောက်အောင် တအိအိ လျှောက်လှမ်းရတဲ့ နည်းလမ်းပေါ့၊ နောက်တစ်ခုကတော့ ငါ့ရဲ့နည်းလမ်း၊ တစ်စုံ တစ်ယောက်ရဲ့ ဒိန်ခဲကို အပိုင်စီးလို့ရအောင် တီထွင်ကြံဆထားတဲ့ စီမံချက်တွေ အသုံးချပြီး ကိုယ်လိုရာရအောင် ယူနည်းပေါ့၊ ငါကတော့ ဝက်ပါ မာယာတောကြီးထဲမှာ ယောင်ကန်းကန်း**

http://www.herrythitsar.org



**လျှောက်သွားပြီး သက်စွန့်ဆံဖျား လုပ်ရတာမျိုးတော့ ဘယ်တော့မှ မလုပ်ဘူး၊** မင်းပြောသလိုပါပဲ၊ ဒီအားထုတ်မှုမျိုးဆိုတာ အောင်မြင်နိုင်ဖို့ အခွင့်အလမ်း ငါးဆယ်ရာခိုင်နှုန်းပဲ ရှိတယ်၊ ငါသုံးတဲ့ နည်းလမ်းက ခိုးယူတဲ့ နည်းလမ်းနဲ့ ဆင်ဆင်တူတယ်၊ ဒါပေမယ့် ငါ့နည်းလမ်းက တရားဝင်တယ်၊ ဒါတင် မကဘူး၊ မြန်ဆန်တယ်၊ ခရီးရောက်တယ်၊ ငါက တရားဥပဒေလိုက်စားသူဆိုတော့ တခြားသူတွေပိုင်ဆိုင်တဲ့ ဒိန်ခဲတွေကို ငါပိုင်အောင် ကြံဖန်တဲ့အခါမှာ ငါ အသာစီးရအောင် အသုံးချလို့ရတာပေါ့ကွာ'

'ဒီတော့ ငါ့ဒိန်ခဲတွေကို ဘယ်တော့လောက် အပိုင်စီးမယ်လို့ စီစဉ်ထားသလဲ'

'အဲဒီကိစ္စကို ငါတို့ ဆွေးနွေးလို့ ရပါတယ်လေ'

'ငါက မဆွေးနွေးဘူးဆိုရင် ဘာဖြစ်မလဲ'

'နောက်ဆုံးမှာတော့ မင်းဒိန်ခဲတွေ သက်တမ်း ရင့်အိုလွန်းပြီး ပျက်ကုန်မှာပေါ့၊ မင်းက အဲဒီလိုဖြစ်စေချင်လို့လား၊ စဉ်းစားကြည့်လေ၊ မင်းဘဝ တိုးတက်ကောင်းမွန်လာအောင် ဒိန်ခဲက ဘယ်လောက် စွမ်းစွမ်းတမံ ဖန်တီးပေးခဲ့သလဲ၊ မင်း ပိုင်ဆိုင်တာအားလုံး၊ မင်းစည်းစိမ်ခံစားခဲ့တာ အားလုံးကို ဒိန်ခဲက ဝယ်ပေးခဲ့တာချည်း မဟုတ်လား၊ မင်းရဲ့ ခမ်းနားထည်ဝါလှတဲ့ မဟာစံအိမ်ကြီး၊ မင်းရဲ့ ဇိမ်ခံကားကြီး၊ မင်းရဲ့ ကျန်းမာရေး၊ ဝမ်းကျောင်းလုပ်ငန်း၊ ဥစ္စာဓနတွေ၊ ဒိန်ခဲကဝယ်ပေးတဲ့ အပေါင်းအသင်းတွေ၊ နောက်ပြီး မင်းစိတ်ကူးထဲမှာ စိတ်ကူးလို့ ရသရွေ့ အားလုံးပဲဆိုပါတော့၊ မင်း အဲဒါတွေ အားလုံးကို တကယ်ပဲ စွန့်ပစ်ချင်စိတ်ပေါက်နေပြီလား'

'သွားသေလိုက်ပါလား၊ မင်းလိုကောင်စားမျိုး တောင်လိုပုံနေတဲ့ ဒိန်ခဲတွေအောက်မှာ ပိပြီးသေပါစေကွာ'

http://www.herrythitsar.org



'ကျေးဇူးတင်ပါသကွာ'

ဝှစ်စပါဆိုတဲ့ကောင်က ဒိန်ခဲရူး ရူးနေတာ။ သူက ဒိန်ခဲရဲ့ တန်ဖိုးကို အထာပေါက်နေတဲ့သူ။ ဒိန်ခဲသာမရှိရင် သူလည်း ဘာကောင်မှ မဟုတ်ဘူး။ သူလို ကိုယ်လို လမ်းပေါ်က ကောင်လေး တစ်ယောက်ပါပဲ။ နေ့စဉ်နေ့တိုင်း ဝက်ပါထဲမှာ ပြေးလွှားပြီး ဒိန်ခဲရှာနေတဲ့ ဂျိုးကလေးလိုပဲ နေမှာပေါ့။ ခု လောလောဆယ် သူပိုင်ဆိုင်နေတဲ့ ဒိန်ခဲအားလုံးလိုလိုဟာ ဝေဗာ ဘက်ကနေပြီး အမှုလိုက်ပေးခဲ့တုန်းက ဝေစုရထားတဲ့ ဒိန်ခဲတွေလေ။ ဝှစ်စပါက ဒီဒိန်ခဲတွေ အသုံးချပြီး ကြီးမားတဲ့ ဥပဒေအကျိုးဆောင် ကုမ္ပဏီ တစ်ခုထူထောင်ခဲ့တယ်။ ဒီကုမ္ပဏီမှာ သူဟာ လက်ချောင်းကလေး တစ်ချောင်းတောင် လှုပ်ဖို့မလိုဘူး။ သူ့အလုပ်တွေ လုပ်ပေးဖို့ ခန့်ထားတဲ့ အမှုထမ်းတွေ အများကြီးရှိတယ်လေ။ ခုချိန်မှာ သူ့ဖို့ လိုအပ်နေတာကတော့ သူ့ဘက်က အသာစီးရဖို့ပါပဲ။

သူ့ကို ဝေဗာက ကန်ထုတ်လိုက်တော့ သူက စလစ်ကို ပြေးကပ်တယ်။ 'မင်းဆီကို ဒိန်ခဲအသစ်တွေ အဆက်မပြတ် ဝင်လာတဲ့ အနေအထားမျိုး မလိုချင်ဘူးလား၊ အဲဒီအနေအထား မျိုး ဖြစ်လာတဲ့ အခါကျတော့ မင်းဒိန်ခဲဟောင်းတွေ အောက်သိုး ကုန်မှာ၊ ပျက်ကုန်မှာ စိုးရိမ်နေစရာ မလိုတော့ဘူးပေါ့၊ ခု ငါတို့ စကားပြောနေရင်းတောင် မင်းဒိန်ခဲတွေက ဆီချေးစော်နံလာပြီ၊ ဒီတော့ မင်းတစ်ခုခု မလုပ်ချင်ဘူးလား၊ ဒါမှမဟုတ် အချိန်တွေ သိပ်နောက်ကျသွားတဲ့အထိ စောင့်နေမလား'

စလစ်က အနံ့ခံကောင်းတဲ့ သူ့နှာခေါင်းကလေးနဲ့ သူ့ဒိန်ခဲ ကို နမ်းကြည့်တယ်။ ဒိန်ခဲတွေကလည်း တကယ်ပဲ သက်တမ်း ကြာလွန်းပြီး ဆီချေးစော် နံနေတာ သိရတာပေါ့။ စလစ်ရဲ့ ဇဝေဇဝါ သွင်ပြင်ကို အကဲခတ်ကြည့်နေတဲ့ ဝှစ်စပါက ပြောတယ်။

http://www.herrythitsar.org



'စိတ်မပူပါနဲ့ကွာ၊ ဒိန်ခဲတွေရနိုင်တဲ့ နည်းလမ်းတစ်ခု ငါ့မှာ ရှိပါတယ်၊ ဒါပေမယ့် ဒီနည်းကိုသုံးရင် ဒိန်ခဲတွေ တစ်ပုံတစ်ခေါင်း ကြီး ရနိုင်တယ်ကွ'

'ဘယ်လိုနည်းလမ်းများပါလိမ့်'

'ဒီလိုကွ၊ ဒီဝက်ပါကြီးထဲမှာ ဒိန်ခဲအသစ်တွေ တွေ့အောင် ရှာဖို့ ငါတို့ရဲ့ လက်ရှိ ဒိန်ခဲတွေကို အသုံးချပြီး ကြွက်ကလေး တချို့နဲ့ လူညှက်ကလေး တချို့ကို ဆွဲဆောင် စည်းရုံးမယ်ကွာ၊ သူတို့နဲ့ ငါတို့ သဘောတူစာချုပ်တွေ ချုပ်ကြတာပေ့ါ၊ စာချုပ် ထဲမှာပါတဲ့ စည်းကမ်းချက်တွေအရ ငါတို့က သူတို့ကို ဒီဒိန်ခဲ အဟောင်းတွေပေးမယ်၊ ဒါပေမယ့် သူတို့ ရှာဖွေတွေ့လာတဲ့ ဒိန်ခဲ အသစ်တွေကို တို့ပိုင်ရမယ်၊ အသစ်ရော၊ အဟောင်းပါ ပေ့ါကွာ'

ဒီလိုအကြံအစည်မျိုးက အထမြောက် အောင်မြင်ပါ့မလား လို့ စလစ်က သံသယဝင်နေမိတယ်။ သူတို့ ပိုင်ဆိုင်ခွင့် မရမယ့် ဒိန်ခဲအသစ်တွေကို ဘယ်သူတွေက လိုက်ရှာပါ့မလဲ။ ဒါကိုထားဦး၊ သူတို့ ပိုင်ပြီးသား ဒိန်ခဲတွေကို သူတစ်ပါးလက်ထဲ ဝကွက်အပ်ရ လောက်အောင် ဘယ်သူတွေက မိုက်မဲပါ့မလဲ။ ဒါပေမယ့် သူ စိုးရိမ်သောကပွားနေတာ မမှန်ကြောင်း စလစ် တွေ့လာရတယ်။

တစ်နံနက်ခင်း၊ ဒိန်ခဲမြို့ကလေးနားကို ဝေဗာရောက်သွား တော့ ဗှစ်စပါက ပရိသတ်ကို ပြောပြနေတယ်။

'ခင်ဗျားတို့ ကိုယ်ပိုင် ဒိန်ခဲနဲ့ နေနိုင်တဲ့အနေအထားမျိုး မလိုချင်ကြဘူးလား၊ ခင်ဗျားတို့ရဲ့ ဘဝတွေမှာ ကောင်းသော ပြောင်းလဲခြင်းမျိုးနဲ့ ပြောင်းလဲခွင့်ရရင် ကောင်းမှာလို့ တစ်ခါမှ ဆန္ဒ မပေါ်ခဲ့ဖူးဘူးလား၊ ခင်ဗျားတို့ ဝမ်းကျောင်းလုပ်ငန်း တစ်ခု လိုချင်တယ်၊ ချစ်မေတ္တာ၊ စည်းစိမ်ချမ်းသာနဲ့ မိတ်ဆွေသင်္ဂဟ

http://www.herrythitsar.org


တွေ လိုချင်တယ်ဆိုရင် ခင်ဗျားတို့ ခြေစကြာ ဖြန့်ကြတော့၊ ဒိန်ခဲ အသစ်တွေ ရှာကြတော့။

'ဒါပေမယ့် ခင်ဗျားတို့ စိတ်ထဲမှာ စွဲမှတ်ထားကြပါ။ ခင်ဗျားတို့ဟာ ခင်ဗျားတို့အတွက် အလုပ်လုပ်နေကြတာ၊ ကျွန်တော်တို့အတွက် အလုပ်လုပ်ပေးနေတာ မဟုတ်ဘူးဆိုတာပါပဲ၊ ခင်ဗျားတို့ ရှာလို့ ဖွေလို့ရတဲ့ ဒိန်ခဲတွေကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ဟောဒီ ပလက်ဖောင်းပေါ်မှာ လာအပ်ထားရုံပါပဲ၊ ဒိန်ခဲတွေ စုပုံများပြားလာလိမ့်မယ်၊ တစ်နေ့မှာတော့ မိုးထိုးနေတဲ့ ဒိန်ခဲတောင်ကြီးကို ခင်ဗျားတို့ တွေ့မြင်ရလိမ့်မယ်၊ ဒီဒိန်ခဲတောင်ကြီးဟာ ခင်ဗျားတို့ အားထုတ်မှုတွေရဲ့ ပြယုဂ်တစ်ခုဖြစ်လာမယ်၊ ကျုပ်တို့ ဝတီဘုံဖျားထိအောင် ထိုးတက်သွားမယ့် ဒိန်ခဲ မျှော်စင်ကြီးတစ်ခု တည်ဆောက်ကြရအောင်လား၊ မဟာ ဒိန်ခဲမျှော်စင်တည်ဆောက်ရေး လုပ်ငန်းမှာ လက်တွဲပါဝင်ကြပါ။ ကဲ၊ ဘယ်လိုလဲ'

'ပါမယ်၊ ပါမယ်'

စင်အောက်က အစုအဝေးကြီးက တခဲနက် ဟစ်ကြွေးကြတယ်။

ဝေဗာက သူ့နံဘေးနားမှာ ရပ်နေတဲ့ လူညှက်ကလေး တစ်ယောက်ကို ဖမ်းဆွဲပြီး မေးလိုက်တယ်။

'ခင်ဗျား ဘာလုပ်ငန်းလုပ်ဖို့ ပြင်ဆင်နေတာလဲ'

'ကျုပ်တို့ ဒိန်ခဲမျှော်စင်ကြီး တည်ဆောက်ဖို့ ဒိန်ခဲတွေ လိုက်ရှာတော့မလို့'

'မျှော်စင်ကြီးကို ဘယ်သူ့အတွက် တည်ဆောက်မှာလဲ၊ ဒိန်ခဲမျှော်စင်ကြီး ဆောက်ပြီးသွားရင် ဘယ်သူတွေပိုင်မှာလဲ'

'ဟား၊ ကျုပ်တို့ပဲ ပိုင်မှာပေါ့ဗျ၊ တည်ဆောက်ပြီးစီးသွားတဲ့ မျှော်စင်ကြီးကို ကျုပ်တို့အားလုံး ပိုင်ရမှာပေါ့'

http://www.herrythitsar.org



'ဒါပေမယ့် ဝက်ပါ မာယာတောကြီးဟာ ဘယ်လောက် ဘေးအန္တရာယ်တွေ ပြည့်နေတယ်ဆိုတာရော ခင်ဗျားသိရဲ့လား'

'အိုး၊ အန္တရာယ်ဆိုတာ စိတ်ထဲမှာသာရှိတာပါဗျာ၊ ခင်ဗျား ကြောက်စိတ်ကို ကျော်လွှား လွှန်မြောက်နိုင်ပြီဆိုတာနဲ့ ခင်ဗျား ဘာမဆို အောင်မြင်ပြီးမြောက်နိုင်ပြီဗျ'

ဝေဗာ ခေါင်းယမ်းပြီး သက်ပြင်းချလိုက်မိတယ်။

**'အမှန်ကတော့ ခင်ဗျား ကြောက်စိတ်ကို ကျော်လွှား လွန်မြောက်ပြီဆိုတာနဲ့ ပိုပြီးကြီးမားတဲ့ ကြောက်စိတ်တွေနဲ့ ခင်ဗျား ရင်ဆိုင်ရလိမ့်မယ်'**

အဲဒီနေ့ကစပြီး ဒိန်ခဲမြို့ကလေး နေ့ချင်း၊ ညချင်း အသွင် ပြောင်းလာတာကို ဝေဗာတွေ့ရတယ်။ ဒိန်ခဲမျှော်စင်ကြီးကလည်း တစ်စတစ်စ မြင့်တက်လာပြီး တဖြည်းဖြည်း ပုံပေါ်လာတော့ တယ်။ ဒီမျှော်စင်ကြီးနဲ့ ယှဉ်ကြည့်လိုက်တော့ ဝေဗာပိုင်တဲ့ ဒိန်ခဲ အပုံလေးဟာ မြင်းမိုရ်တောင်နဲ့ ဆီးစေ့ကလေးလို ဖြစ်နေတော့ တာပေါ့။ တစ်နေ့မှာတော့ ကြွက်ကလေးတစ်သိုက်ဟာ ဝေဗာရဲ့ ကုန်လှောင်ရုံထဲက ဒိန်ခဲတွေကို ရွှေ့ပြောင်းယူဖို့ ပြင်ဆင်နေတာ တွေ့ရတယ်။ ဒါပေမယ့် ဝေဗာက သူတို့ကို တားလိုက်နိုင်တယ်။ အချိန်မီကလေးပါပဲ။

'ငါ့ဒိန်ခဲတွေကို မင်းတို့က ဘာကိစ္စ ရွှေ့ပြောင်း နေကြရ တာလဲ၊ အဲဒီဒိန်ခဲအားလုံးပေါ်မှာ ငါ့နာမည် တံဆိပ်ရိုက်ထားတယ် လေကွာ၊ ဒါတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း တော်တော်ကြာတုန်း ကတည်းက ငါ ရှာဖွေ စုဆောင်းထားတာတွေကွ၊ ဒီဒိန်ခဲတွေ လိုက်ရှာရင်း ငါ့မှာ ဒုက္ခတွေအကြီးအကျယ် တွေ့ခဲ့ရတာ၊ တစ်ခါဆို မပြီးဆုံးနိုင် ရှည်လျားထွေပြားတဲ့ တရားမမှုကြီး တစ်ခုတောင် ရင်ဆိုင်ခဲ့ရတယ်။

'မင်းတို့မှာ ဒီဒိန်ခဲတွေကို ရွှေ့ပိုင်ခွင့် မရှိဘူးကွ၊ မင်းတို့က ထင်နေကြတယ်၊ မင်းတို့ဟာ မင်းတို့အတွက် တစ်ခုခု တည်ဆောက်နေတယ်လို့၊ မင်းတို့လုပ်နေတာ အားလုံးဟာ တကယ်တမ်းကျတော့ ရည်မှန်းချက်ကြီးကြီးနဲ့ စီမံချက်ချပြီး လုပ်နေတဲ့ စလစ်နဲ့ ဝှစ်စပါကို ဝိုင်းပြီး အထောက်အကူ ပေးနေတာပါပဲ၊ နောက်ဆုံး တစ်နေ့ကျတော့ ခင်ဗျားတို့ ဖွတ်ကျောပြာစု ဘဝနဲ့ ဇာတ်သိမ်းရမှာပဲ'

ကြွက်ကလေးတွေ ထွက်ခွာသွားတာကို ဝေဗာ လိုက်ကြည့်နေတယ်။ စိတ်ထဲမှာ မချမ်းမြေ့စွာနဲ့ပဲ စာတစ်ကြောင်း ရေးလိုက်မိတယ်။ **ဘယ်သူ့ဒိန်ခဲ ငါအပိုင် စီးလို့ရမည်လဲ။**

ဒီမေးခွန်းကို ကြာကြာစိုက်ကြည့်မိလေ သူ ပိုပြီး စိတ်ပျက်အားငယ်လာလေပဲ။ ဒီမေးခွန်းက သူ့ရဲ့ အားကိုးရာမဲ့ သနားစရာဘဝကို ထင်ဟပ်ပြနေတာကိုး။

ဝေဗာက သူနဲ့ ဝိဗ်နဲ့ တွဲနေခဲ့ကြတဲ့ အတိတ်ကာလ အကြောင်းပြန်တွေးမိတယ်။ အဲဒီတုန်းက သူတို့တစ်တွေ ဘရိုင် ကောင်တီကို ရှာဖွေတွေ့စပဲ ရှိသေးတယ်လေ။ သူတို့ ဘဝမှာ သူတို့ အလိုချင်ဆုံး အရာဆိုတာ ဒိန်ခဲပဲလို့ ထင်မှတ်နေတဲ့အချိန် ပေါ့။ ဒါပေမယ့် ဘယ်လောက်ပဲ ကြီးမားတဲ့ ဒိန်ခဲတုံးကြီးရရ၊ အဲဒီ ဒိန်ခဲကြီးမျိုးနဲ့တောင် အစားထိုးလို့ မရတဲ့ တစ်ခုခုတော့ လစ်ဟာနေပြီဆိုတာ သူတို့ တဖြည်းဖြည်း သိမြင်သဘောပေါက်လာတော့တယ်။

သူတို့ သိမြင် သဘောပေါက်လာတာက ဒီလို။

**ဒိန်ခဲ ရှာပုံတော် ဖွင့်တဲ့အခါ လူတစ်ဦးဟာ မကြာမကြာ အနစ်နာခံရတတ်တယ်။ ဥပမာ၊ ဒိန်ခဲက ငွေကြေး ပြည့်စုံကြွယ်ဝမှုကို ကိုယ်စားပြုတယ် ဆိုပါတော့။ အဲဒီဒိန်ခဲ နောက်**

http://www.herrythitsar.org



**ကောက်ကောက်ပါအောင် လိုက်နေတဲ့အခါ တခြား နယ်ပယ် တွေမှာ စွန့်လွှတ်အနစ်နာခံမှုတွေ ပြုလုပ်ဖို့လိုလာရော။ စလစ်နဲ့ စကမ်ပါရဲ့ ကိစ္စမှာဆို သူတို့ရဲ့ ခင်မင်ရင်းနှီးမှုကို စွန့်လွှတ်ခဲ့ရတာမျိုး။**

**တကယ်လို့ သင့်ဒိန်ခဲဟာ တခြားသူတွေနဲ့ ဖော်ရွေ ရင်းနှီးစွာ ဆက်ဆံရေးဆိုရင် သင့်ရဲ့ ချမ်းသာ ကြွယ်ဝမှုတွေ ဒါမှမဟုတ် တခြားနယ်ပယ်က တစ်ခုခုကိုတော့ စွန့်လွှတ်ရ တော့မယ်။ လူတစ်ယောက်ဟာ လေ့နှစ်စီးကို တစ်ချိန်တည်း တစ်ပြိုင်တည်း စီးလို့ မရသလို လူတစ်ယောက်ဟာ တစ်ချိန် တည်း တစ်ပြိုင်တည်းမှာ ဒိန်ခဲနှစ်မျိုး ပိုင်ဆိုင်ချင်လို့ မရဘူး။ ဒီတော့ လူတစ်ယောက်ဟာ ဘယ်လို ဒိန်ခဲမျိုး လိုအပ်သလဲ။ လူတစ်ယောက်ဟာ လတ်လတ်ဆတ်ဆတ် ဒိန်ခဲတွေ ရှာဖွေဖို့ အောက်သိုးပြီး ပျက်စပြုနေတဲ့ ဒိန်ခဲတွေကို စွန့်ပစ်ရမလား။**

ညနေ နေဝင်ရီတရောလည်းရောက်ရော အပြေးစီးဖိနပ်တွေ စီးထားတဲ့ စပိုက်ဒါကို ဝေဗာတွေ့လိုက်ရတယ်။

'ဟေး စပိုက်ဒါ၊ ညည်းက ဘယ်သွားမလို့တုံး'

'ကျွန်မ ဒိန်ခဲအသစ်တွေ သွားရှာမလို့'

'ညည်းရဲ့ ဒိန်ခဲတွေ ဘာဖြစ်ကုန်လို့လဲ'

'ဒိန်ခဲတွေ ဘာမှ မဖြစ်ပါဘူး၊ ဒါပေမယ့် ကျွန်မကတော့ သွားမှာပဲ၊ ဒီနေ့ နေ့ခင်းတုန်းက ကြွက်ကလေး တစ်သိုက်က ကျွန်မကို သူတို့ရှာတွေ့တဲ့ ဒိန်ခဲတစ်တုံး နမူနာ ပြသွားတယ်၊ ဒိန်ခဲအတုံးက ထူထူကြီး၊ လတ်ဆတ်လိုက်တာလည်း အရမ်းပဲ၊ သူတို့ကို ကျွန်မရဲ့ ဒိန်ခဲအဟောင်းတွေ ပေးလိုက်တော့ အဲဒီ နမူနာဒိန်ခဲကို ရှာလို့တွေ့မယ့် နေရာကို သူတို့က ပြောသွား တယ်ရှင့်'

http://www.herrythitsar.org



'ဒီတော့ ဒိန်ခဲ အသစ်ရမယ့်နေရာကို ညည်းသိထားပြီပေါ့၊ ဟုတ်လား'

'ဟုတ်ကဲ့၊ ဒါပေမယ့် အဲဒီနေရာက ဝေးလွန်း ခေါင်လွန်း တဲ့ဒေသမှာရှင့်၊ ဒါပေမယ့် ကျွန်မ အဲဒီကို ရောက်အောင်သွားနိုင် မယ်လို့ ယုံကြည်စိတ်ချတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ နေရာကို မရောက် ရောက်အောင် သွားဖို့ ကျွန်မ စိတ်ပိုင်းဖြတ် ထားလို့ပဲ'

'တကယ်လို့ ဒိန်ခဲအသစ်ကို ရှာလို့မရဘူးဆိုရင် ဘယ့်နှယ် လုပ်မလဲ၊ ဒိန်ခဲအဟောင်းတွေ ဆုံးရှုံးသွားတဲ့အတွက် နောင်တ ရမနေဘူးလား'

'နောင်တရစရာ ဘာအကြောင်းမှ မရှိဘူးရှင့်၊ ဒီဒိန်ခဲ အသစ်က ဒိန်ခဲအဟောင်းထက် အများကြီး ပိုလတ်ဆတ်တယ်၊ ပိုပြီး ကောင်းလည်း ကောင်းတယ်'

'တကယ်လို့ အဲဒီနေရာကို ညည်းမရောက်မီ တစ်ယောက် ယောက် ရောက်သွားပြီး အဲဒီ ဒိန်ခဲတွေအားလုံး သူပိုင်ဆိုင်တယ် လို့ ပြောရင်ကော၊ အဲဒီအခါကျ ညည်း ဘာလုပ်မလဲ'

'သူ့ဆီက လုယူလို့ ရမယ့်နည်းကို ရှာမှာပေါ့၊ ကျွန်မရဲ့ ကြိုးစားအားထုတ်မှုတွေ ဘယ် အလဟဿ အဖြစ်ခံလိမ့်မလဲ'

စပိုက်ဒါက နံရံပေါ်မှာ ဝေဗာရေးထားတာတွေ ဖတ်ကြည့် တယ်။ ပြီးတော့ ဝေဖန်တော့တာပဲ။

စပိုက်ဒါက ဝေဗာ ရေးထားတဲ့ စာကြောင်းတွေရဲ့ အပေါ် ဘက်မှာ ထပ်ရေးတယ်။

**ကျွန်မရဲ့ ဒိန်ခဲကို ရှာလို့မတွေ့မီကတည်းက အရသာခံ ကြည့်လို့ ရနေမှတော့ တကယ်တမ်း စားလိုက်ရရင် ကျွန်မ ကိုယ်လုံးဟာ ပူဖောင်းကြီးတစ်လုံးလိုဖောင်းကားလာပေလိမ့်မယ်။**

http://www.herrythitsar.org



အဲဒါလည်းရေးပြီးရော စပိုက်ဒါဟာ ဘူတာရုံထဲကနေ ပြေးထွက်သွားတော့တယ်။

ဝေဗာ တစ်ကိုယ်တည်းထိုင်လိုက်တယ်။ သူလည်း ဒိန်ခဲ အသစ်အရှာထွက်ရ ကောင်းမလားလို့ အတွေးကြွယ်နေမိတယ်။ ခဏကြာအောင် တစိမ့်စိမ့် တွေးဆချင့်ချိန်နေပြီးတဲ့နောက် သူက စာတစ်ကြောင်းရေးလိုက်တယ်။

**တကယ်လို့ ဘဝဆိုတာ ဒိန်ခဲနဲ့မဆိုင်ဘူး၊ စပါးနှံတစ်ခုနဲ့ ဆိုင်တယ်ဆိုရင် နောက်တစ်ခု ဆွတ်ခူးယူဖို့အတွက် လောလော ဆယ် ငါ့လက်ထဲမှာရှိနေတဲ့ တစ်ခုကို စွန့်ပစ်လိုက်ရမလား၊ တကယ်လို့ ငါက အဲဒီအပြုအမူမျိုး ထပ်ခါတလဲလဲ လုပ်နေရင် ငါ ဘယ်လိုဘဝမျိုးနဲ့ ဇာတ်သိမ်းရမလဲ၊ တကယ်လို့ဘဝဆိုတာ ရေတွင်းတစ်တွင်းတူးတာနဲ့ ဆိုင်မယ်ဆိုရင်ရေတွင်းတူးတဲ့နေရာ ပြောင်းပြီးရင်း ပြောင်းရင်းလုပ်နေရင် ရေကြောကို တူးမိပါ့မလား၊ တကယ်လို့ ငါက တခြားတစ်ပါးရဲ့ ဒိန်ခဲကို အပိုင်မစီးဘူးဆိုရင် တောင် ငါ့ ဒိန်ခဲကို အခြားလူတွေက အလစ်မသုတ်ပါဘူးလို့ အာမခံချက်ရှိပါ့မလား၊ တကယ်လို့ သူ့ဒိန်ခဲကို ငါက ရွှေ့ပြောင်း ယူမိခဲ့ရင် ငါဟာ သူခိုးဖြစ်သွားမလား၊ လူတိုင်း လိုချင်တပ်မက် နေတဲ့ ဒိန်ခဲကို ငါကရော တကယ် လိုချင်တပ်မက်စိတ် ရှိလို့လား။**

ဒိန်ခဲမြို့ကလေးရဲ့ ပလက်ဖောင်းပေါ်မှာတော့ ဒိန်ခဲမျှော်စင် ကြီး တည်ဆောက်ထားပြီးပြီ။ ပိရမစ်ပုံစံ မျှော်စင်ကြီးရဲ့ အခြေကို တက်သွားတဲ့ လှေကားထစ်တွေကိုတောင် ဒိန်ခဲနဲ့ ပြုလုပ်ထား တာကလား၊ ဒိန်ခဲ ပိရမစ်ကြီးဟာ လူတိုင်းချီးကျူးစရာ ဖြစ်နေ လေရဲ့၊ တစ်ခဲနက် ချီးကျူးထောမနာပြုမှုတွေကို စလစ်နဲ့ ဝှစ်စပါ က နေ့စဉ်နေ့တိုင်းထွက်ပြီးခံယူနေရတယ်လေ။ သူတို့က သူတို့ နှစ်ယောက်ရဲ့ ရုပ်တုတွေတောင် ဒိန်ခဲနဲ့ထုထားတယ်။

http://www.herrythitsar.org



ဒါပေမယ့် ဒိန်ခဲမြို့ကလေးရဲ့ အသိသာ အထင်ရှားဆုံး အပြောင်းအလဲကတော့ သူတို့ ဒိန်ခဲမျှော်စင် တည်ဆောက်ရေး အဖွဲ့သား ဖြစ်ချင်သူတွေ အုံနဲ့ ကျင်းနဲ့ ရောက်ရောက်လာကြ တာပဲ။ ဝှစ်စပါနဲ့ စလစ်က သူတို့တော်တော်များများကို အဖွဲ့သား အဖြစ် လက်ခံကြပါတယ်။

ဝှစ်စပါက သူ့အမှုထမ်းတွေရဲ့ စိတ်အခြေအနေကို လေ့လာ ဆန်းစစ်တယ်။ ပြီးတော့ သူတို့အနေနဲ့ ဒိန်ခဲအသစ်တွေ ပိုတွေ့ အောင် ကြိုးစားရှာဖွေချင်စိတ် ဖြစ်ပေါ်လာရေးအတွက် စေ့ဆော် မှုဆိုင်ရာ အရည်အသွေးတွေကို တီထွင်ပေးလိုက်တယ်။ သူက စလစ်ကို ပြောပြတယ်။

'အချိန်အနည်းဆုံး အနားယူပြီး ငါတို့အတွက် တစ်နေ့တာ လုံး မနားမနေ ဒိန်ခဲရှာပေးမယ့် အတော်ဆုံး ဒိန်ခဲ ရှာဖွေရေး သမားတွေ ရှာဖွေဖော်ထုတ်ရမယ်ကွ၊ သူတို့ကို ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချစိတ်သွင်းပေးရမယ်၊ ပြီးတော့ သူတို့ကိုယ် သူတို့ အောင်နိုင်သူတွေလို့ အထင်ရောက်ပြီး ငါတို့အဖို့ ဒိန်ခဲတွေ ပိုပြီး များများရအောင် ရှာချင်စိတ်ပေါက်လာဖို့ သူတို့ကို ဆုတွေပေး ရမယ်'

ဝှစ်စပါရဲ့ ကျိုးကြောင်းဆင်ခြင်မှုကို စလစ် သဘောတူ တယ်။ ပြီးတော့ ဒိန်ခဲရှာဖွေရေး လေ့ကျင့်သင်ကြားရေး ကျောင်း တစ်ကျောင်းဖွင့်ဖို့အကြံပေးတယ်။ လေ့ကျင့်သင်ကြားရေးကျောင်း က ဒိန်ခဲတွေ့အောင်ရှာဖွေခြင်း နည်းစံနစ် အမျိုးမျိုးကို သင်ပေး မယ်။ နောက်ပြီး အရင်က ထူးချွန်အောင်မြင်ခဲ့တဲ့ ရှာဖွေရေး သမားတွေအကြောင်း ကြော်ငြာပေး၊ နည်းတွေလည်း သင်ပေး မယ်။ အဲဒီအခါကျတော့ ဒိန်ခဲပေါ်မှာအခြေပြုတဲ့ ယေဘုယျ တန်ဖိုးစနစ်တစ်ရပ် တည်ဆောက်လို့ရမယ်။ ဒီတော့ ဒိန်ခဲရှိသူ

http://www.herrythitsar.org



တွေ ဂုဏ်ပြုချီးကျူးခံရပြီး ဒိန်ခဲမဲ့သူတွေကတော့ လူရာ အသွင်း မခံရပဲ မျက်နှာငယ်ရမယ်။ ဒီလို လေ့ကျင့်သင်ကြားရေး ကျောင်းတော်ကြီးက အလွန်ပြောင်မြောက်တဲ့ ဒိန်ခဲရှာဖွေရေး သမားတွေ မွေးထုတ်ပေးမယ်။ စက်ပစ္စည်းတပ်ဆင်ရေး လမ်းကြောင်းပေါ်က တစ်ဆင့် စက်ရုပ်လူသားတွေ ထုတ်လုပ်လိုက်သလိုပေါ့'

လူလည်လူနပ်ကလေးဖြစ်တဲ့ ဝှစ်စပါဟာ အဲဒီလိုပုံရိပ် မျိုးကို အသာကလေး မှန်းကြည့်မြင်ယောင်လို့ရတာပေါ့။

'မင်းပြောတာ မှန်တယ်၊ နောက်လိုက်နောက်ပါတွေ တစ်စု တစ်ဝေးကြီးရှိပြီး သူတို့အားလုံးက ဒိန်ခဲအခြေပြုတဲ့ တန်ဖိုး စနစ်တစ်မျိုးတည်းကိုပဲ ယုံကြည်ကြမယ်ဆိုရင် ငါတို့ပိုင်တဲ့ ဒိန်ခဲ ပမာဏပေါ်မှာ အရင်းခံပြီး ငါတို့ဟာ သူတို့ရဲ့ စိတ်ဓာတ်ရေးရာ ခေါင်းဆောင်တွေ အလိုအလျောက်ဖြစ်လာဦးမှာ၊ ငါတို့ပြောတဲ့ စကားလုံးတိုင်းဟာ စူးရှထက်မြတ်တဲ့ ဥာဏ်ကြီးရှင် စကားတွေ ဖြစ်နေပြီး ငါတို့ရဲ့လုပ်ဆောင်မှုတိုင်းဟာ သူတို့လိုက်နာ အတုခိုး စရာ လုပ်ဆောင်ချက်တွေဖြစ်လာမှာကွ'

လေ့ကျင့်သင်ကြားရေးကျောင်းကြီးလည်း တည်ဆောက်ပြီး ရော ရည်ရွယ်ချက်မြင့်မားတဲ့ လူညှက်ကလေးတွေနဲ့ ကြွက် ကလေးတွေဟာ ဒိန်ခဲမြို့ကလေးရှိရာကို အစုလိုက်အဝေးလိုက် လာကြတော့တာပဲ။ သူတို့အထဲက အတော်ဆုံးတွေကို ဝှစ်စပါနဲ့ စလစ်က လက်ခံထားပြီး ခပ်ထုံထုံ ခပ်ထိုင်းထိုင်းကောင်တွေကို တော့ ထုတ်ပစ်တာပဲ။

ဒိန်ခဲ စင်မြင့်ရှေ့မှာ ဒိန်ခဲပန်းခြံရှိတယ်။ အဲဒီ ပန်းခြံကို ကမ္ဘာပေါ်မှာ တန်ဖိုးအကြီးဆုံးပေးဝယ်ရတဲ့ ဒိန်ခဲအမျိုးအစားတွေ နဲ့ တည်ဆောက်ထားတာ၊ ပန်းခြံထဲမှာ ကြိုက်တဲ့ဒိန်ခဲအမျိုးအစား ကို သွားရှာကြည့် အကုန်ရတယ်လေ။ ဆွစ်ဒိန်ခဲ၊ အီတာလျံ

http://www.herrythitsar.org



ဒိန်ခဲ၊ အမေရိကန် ဒိန်ခဲ၊ ဗြိတိသျှ ဒိန်ခဲ၊ ပြင်သစ် ဒိန်ခဲ၊ အကုန် ရတယ်။ ဝေဗာဟာ ဒိန်ခဲနံ့သင်းနေတဲ့ လမ်းတွေထဲ လျှောက်သွားရင်း စဉ်းစားမိတယ်။

'ငါအမြဲတမ်း လိုချင်တောင့်တနေတာ ဒီဒိန်ခဲတွေ ဟုတ်ရဲ့လား'

သူ ဝိဗ်ကို သတိရလွမ်းဆွတ်လာတယ်။ သူတို့နှစ်ယောက် ပျော်လည်း အတူ၊ စိတ်ညစ်လည်း မခွဲ၊ တတွဲတွဲ နေခဲ့ကြတဲ့ နေ့ရက်တွေကို ပြန်ပြီးတမ်းတမိတယ်။

မွန်းလွဲပိုင်းတစ်ခုမှာ ဝေဗာဟာ လေ့ကျင့်သင်ကြားရေး ကျောင်းရှေ့က ဖြတ်လျှောက်သွားတယ်။ ဒီတော့ ဒိန်ခဲရှာ လေ့ကျင့်သင်ကြားရေးကျောင်းတော်ကြီးရဲ့ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဖြစ်နေတဲ့ ဝှစ်စပါနဲ့ ဆုံမိတယ်။ ဝှစ်စပါက သူ့ကိုကြည့်ပြီး ပြုံးတယ်။

'မင်း လက်လွတ်သွားတာကို ကြည့်စမ်း၊ ငါနဲ့ အစုစပ် မလုပ်ဖြစ်တဲ့အတွက် မင်း နောင်တရနေပြီလား၊ ကြည့်စမ်း၊ မင်း ငြင်းပယ်ခဲ့တာကို'

ဒီတော့ ဝေဗာက ပြန်ပြောတယ်။

'ငါ့ဆုံးဖြတ်ချက်နဲ့ ပတ်သက်လို့ ငါ နောင်တ မရဘူး ဟေ့ကောင်၊ မင်းကိုယ်မင်း ပြန်ဆန်းစစ်ကြည့်စမ်း၊ မင်းရဲ့ရမ္မက်ဆန္ဒတွေဟာ ကြွက်တစ်ကောင်ရဲ့ ရမ္မက်ဆန္ဒတွေနဲ့ ဘာကွာခြားလို့လဲ'

ဝှစ်စပါက အူလှိုက် သည်းလှိုက် ရယ်ရင်းပြန်ပြောတယ်။

'စလစ်ကို မလှောင်ပါနဲ့ကွာ၊ သူက ကြွက်တစ်ကောင်ပဲ ဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမယ့် သူ့ရဲ့ ဘဝအပေါ် နားလည်သဘောပေါက်မှုက ရိုးစင်းတယ်၊ ဒါပေမယ့် မှန်ကန်တိကျတယ်။

http://www.herrythitsar.org



'ဘဝဆိုတာ ဘာလဲ၊ ဝက်ပါတစ်ခုပဲ၊ အောင်မြင်မှုဆိုတာ ဘာလဲ၊ မင်းမှာ ကိုယ်ပိုင် ဒိန်ခဲတွေ ရှိနေဖို့ပဲ၊ပျော်ရွှင်မှုဆိုတာ ဘာလဲ၊ မင်းရဲ့ ကိုယ်ပိုင်ဒိန်ခဲတွေနဲ့ မင်းဘဝကို ထူထောင်ဖို့ပဲ။

'ဒိန်ခဲက အချစ်နဲ့ပတ်သက်တဲ့ ချစ်ခင်ရင်းနှီးမှု၊ ချမ်းသာကြွယ်ဝမှု၊ ရာထူးဂုဏ်သိန်၊ ဩဇာအာဏာအပြင် နောက်ထပ် အများကြီး ရှိသေးတယ်၊ မင်းစိတ်ကူးယဉ်တောင့်တသရွေ့ အဲဒါတွေကို လက်တွေ့ အကောင်အထည်ပေါ်လာအောင် ပြောင်းလဲပစ်နိုင်တယ်၊ အဲဒါတွေ အားလုံးကို ငါတို့ရဲ့ လေ့ကျင့်သင်ကြားရေးကျောင်းတော်ကြီးမှာ တိုင်းတာရေတွက်ပေးနိုင်တယ်၊ ကုန်ကုန် ပြောမယ်ကွာ၊ အချစ်နဲ့ဒိန်ခဲ လဲလှယ်တဲ့နှုန်းကိုတောင် တွက်ချက် ပေးလို့ရသကွ'

'အဲဒါ အချစ်မဟုတ်ပါဘူးကွာ၊ အဲဒါက သွေးသားကိစ္စပါ'

'မဟုတ်ဘူး၊ အဲဒါ အချစ်မှ အချစ်၊ ငါတို့ ကျောင်းပညာရှင်တွေ ဆွဲထားတဲ့ ပုံသေနည်းတွေ ရှိတယ်ကွ၊ ဘယ်လို အရာမျိုးကိုမဆို အဲဒီအထဲမှာ အချစ်တောင်ပါတယ်ကွာ၊ ရယူဖို့ လိုအပ်မယ့် ဒိန်ခဲ ပမာဏကို အဲဒီပုံသေနည်းတွေနဲ့ တွက်ချက်လို့ ရတယ်နော်'

'ဒါက မင်းရဲ့ အမြင်ကိုး၊ ဒိန်ခဲ ရှာဖွေရေး နည်းနာနိဿ တွေနဲ့ ပတ်သက်ပြီး ငါတို့ရဲ့ သင်ကြားပို့ချချက်တွေကို နာယူချင်တဲ့ လူတော်တော်များများဟာ ငွေတွေ ပုံအောပေးဖို့ လိုလိုလားလားကို ရှိကြတာဗျာ့၊ အဲဒီ လူတွေဟာ ဒိန်ခဲ ရှာလို့ ဖွေလို့ တွေ့သွားတဲ့အခါဆို သူတို့ကိုယ် သူတို့ အရမ်းဂုဏ်ယူကြတာ၊ အားထုတ်ရကျိုး နပ်တယ်ပေါ့ကွာ၊ သူတို့ရဲ့ အောင်မြင်မှုဟာ ငါတို့အတွက် ဒိန်ခဲရှာဖွေပေးတဲ့ အပေါ်မှာ အခြေခံနေတာကွ'

http://www.herrythitsar.org



'ဒါပေါ့လေ၊ ဒါပေါ့။ တကယ်လို့ သူတို့ သဘောပေါက်လာတဲ့တိုင်အောင် သူတို့ ကျယ်ကျယ်လောင်လောင် အသံမထွက်နိုင်တော့ဘူး၊ အရမ်းပင်ပန်း နုံးချည့်နေကြပြီလေ၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ တစ်သက်တာလုံး ကြွက်တွေလို နေထိုင်ခဲ့ကြလို့ပဲ၊ မင်းတို့ရဲ့ သင်တန်းကျောင်းက စိတ်တူ သဘောတူ စက်ပုန်းခုတ်သူတွေပဲ မွေးထုတ်ပေးတာကလား၊ ဘဝမှာ သူတို့အတွက် ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ တစ်မျိုးတည်းသော အလုပ်က ဒိန်ခဲရှာတာပဲလေ၊ ဒါပေမဲ့ အဲဒီ ဒိန်ခဲရှာတာကလည်း သူတို့ဖို့ မဟုတ်ဘူး။

'မင်းက သူတို့ကို တစ်ရံမလတ် ပြောနေတယ်မဟုတ်လား၊ ထွန်းပြောင်အောင်မြင်တဲ့ မန်နေဂျာတွေဆိုတာ သူတို့ရဲ့ အလုပ်ရှင်တွေအတွက် မနားမနေ ဒိန်ခဲရှာပေးသူတွေ ဖြစ်တယ်လို့၊ သူတို့ဟာ ဒိန်ခဲတွေ ပိုများများတွေ့လေ ပိုပြီး အောင်မြင်လေပေါ့လေ၊ သိက္ခာရှိတဲ့ မန်နေဂျာဆိုတာ သူတို့ရဲ့ အကြီးအကဲတွေ သူတို့ရဲ့ ဒိန်ခဲတွေကို အချိန်မရွေး နေရာရွှေ့ပစ်တာကို လက်ခံသင့်သူတွေလို့တောင် မင်းတို့က သွန်သင် သိမ်းသွင်းထားတယ် မဟုတ်လား၊ သူတို့ဟာ ဒိန်ခဲအသစ် ရှာဖွေရေးအတွက်ဖြစ်ဖြစ်၊ တခြားလူတစ်ဦးဦးရဲ့ ဒိန်ခဲကို အပိုင်စီးဖို့ဖြစ်ဖြစ် ဘေးအန္တရာယ် ပွမ်းတဲ့ ဝက်ပါထဲကို တိုးဝင်ဖို့ အသင့်ပြင်ပြီးသား ဖြစ်နေရမယ်ပေါ့လေ'

ဝှစ်စပါက သူ စကားမပြောမီ ဝေဗာ စိတ်ငြိမ်သွားအောင် ခဏစောင့်နေလိုက်သည်။

'ပကတိ အရှိတရားကို ရင်ဆိုင်စမ်းပါ သူငယ်ချင်းရယ်၊ မင်းမှာ ရွေးစရာ လမ်းနှစ်သွယ်ရှိတယ်ကွ၊ ပထမလမ်းက ဒိန်ခဲအဖွဲ့အစည်းကြီးတစ်ခု ထူထောင်ဖို့ ငါတို့နဲ့ပေါင်း၊ နောက်တစ်လမ်းကတော့ မင်းရဲ့ ဒိန်ခဲ အိုအိုမင်းမင်းတွေကို ဆက်ပြီး ကာကွယ်

http://www.herrythitsar.org



စောင့်ရှောက်နေ၊ အနေးနဲ့အမြန် ဆိုသလို မင့်ဒိန်ခဲကို ရွှေ့ယူသွားကြလိမ့်မယ်၊ နောက်ဆုံးကျတော့ မင်း ခရုဆံကျွတ်ဘဝနဲ့ ဇာတ်သိမ်းရလိမ့်မယ်။

ဝေဗာဟာ ဒေါသအိုးကြီး ပေါက်ကွဲထွက်တော့မတတ်ဖြစ်သွားတယ်။ သူက ဝှစ်စပါ လက်မောင်းကိုဆွဲပြီး ပြောလိုက်တယ်။

'မင်းစားဖို့ ပထမဦးဆုံး ဒိန်ခဲတစ်ခဲကို ဘယ်သူက ပေးတယ်ဆိုတာ မေ့မသွားနဲ့ ဟေ့ကောင်၊ ငါ့အမှု မင်းကို အပ်မိတာ ငါတကယ်ကို နောင်တရမိတယ် ဝှစ်စပါ၊ ငါဟာ တော်တော့်ကို စဉ်းစားဆင်ခြင်ဉာဏ် နည်းခဲ့တာကလား'

'အင်း၊ များမကြာမီအတွင်းမှာ မင်း ဒီထက်ကြီးတဲ့ နောင်တရလိမ့်ဦးမယ်၊ မင်း စဉ်းစားဆင်ခြင်ဉာဏ်နည်းခဲ့တာ မဟုတ်ပါဘူး၊ အဲဒီတုန်းက မင်းဟာ ဥစ္စာချောက်နေတာပါ'

ခုတော့ ဒိန်ခဲမြို့ကလေးကို ဝေဗာ မနှစ်မြို့တော့။ မြို့ထဲမှာ လူတွေထက် ကြွက်ဦးရေက ပိုများနေပြီ။ ဒါပေမယ့် ဒိန်ခဲရှာတဲ့နေရာမှာ ယေဘုယျအားဖြင့် လူတွေက ကြွက်တွေထက်ပိုပြီး အောင်မြင်နေတယ်။ ဝေဗာ ခဏလောက် ချင့်ချိန်စဉ်းစားနေမိပြန်တယ်။ သူလည်း လူတွေနည်းတူ ဒိန်ခဲအသစ်ရှာ ထွက်ရကောင်းမလားပေါ့။ ဒါပေမယ့် ဘယ်သွားရှာရမှန်း သူ မသိဘူးလေ။

အဲဒီနောက် စကမ်ပါနဲ့ ဆုံမိတယ်။ စကမ်ပါကို ကြည့်ရတာ ခြေကုန်လက်ပန်းကျပြီး နွမ်းနယ်နေပုံရတယ်။ စကမ်ပါက ပြောပြတယ်။ သူ ဒိန်ခဲအသစ် လိုက်ရှာနေတဲ့အကြောင်း၊ ဒါပေမယ့် ဘယ်လိုမှ ရှာလို့မရတဲ့အကြောင်း၊ ဒါနဲ့ ဒိန်ခဲ အစအနကလေးတွေ တစ်မြုံ့ နှစ်မြုံ့ ဝါးဖို့ ပြန်လာခဲ့တာတဲ့။

'ဒီတော့ မင်းဒိန်ခဲဆိုလို့ တစ်ဖွဲ့ နှစ်ဖွဲ့တောင် မတွေ့ခဲ့ဘူးပေါ့'

http://www.herrythitsar.org


ဝေဟာက အဲဒီလို မေးလိုက်တော့ စကမ်ပါက ပြန်ပြော တယ်။

'ကျွန်တော် ကြိုးစားပြီး ရှာနိုင်ဖွေနိုင်သရွေ့ကာလပတ်လုံး ဘယ်တော့မဆို ဒိန်ခဲကို ရှာလို့ ရလိမ့်မယ်လို့ ထင်ထားခဲ့တာဗျ'

'ဒီတော့ အဲဒါကို ခုကော ယုံသေးလား'

**'အသက်အရွယ်နဲ့ ဒိန်ခဲအသစ်အကြား ဆက်စပ်မှုက ပြောင်းပြန်ဆက်စပ်မှုဆိုတာ ခုတော့ ကျွန်တော် သဘောပေါက် ပြီ၊ ခင်ဗျား အသက်အရွယ် ထောက်လာလေ ဒိန်ခဲအသစ် ရှာတွေ့ဖို့ အခွင့်အလမ်းနည်းလေ၊ နောက်ပြီး ခင်ဗျား ဒိန်ခဲကို သူများအပိုင်စီးခံရဖို့ အလားအလာ များလေပဲ'**

'ဒီတော့ မင်းဒိန်ခဲအသစ် ရှာဖွေရေးတော့ လုပ်နေဦးမှာ ပဲလား'

'အင်း၊ လုပ်ဦးမှာပဲ'

'မင်း ဒိန်ခဲတွေ နောက်တစ်ချီ ရွှေ့ပြောင်း ယူအသွားခံရ ဦးမယ်ဆိုရင် ဘယ့်နှယ်လုပ်မလဲ'

'ဒီတော့လည်း နောက်တစ်ချီ ရှာရဦးမှာပေါ့ဗျာ'

'မင်း ဘာကိစ္စ ဝှစ်စပါနဲ့ ထိပ်တိုက်ရင်ဆိုင်ပြီး ကြွေး ဟောင်းတွေ ရှင်းမပစ်တာလဲ'

ဝေဟာ ယခုပြောလိုက်သည့် နောက်ဆုံးဝါကျကို စကမ်ပါ နားလည်ဟန် မပေါ်။ ဩော်၊ ကြွက်ဟာ ကြွက်ပါပဲကလား။ ဒိန်ခဲ လိုက်ရှာနေတာဟာ သူတို့ရဲ့ ဘဝရှင်သန်မှု ပုံစံပဲလေ။ နောက်ပြီး၊ တွေ့ရကြုံရ ရင်ဆိုင်ရတဲ့ စိတ်ပျက်စရာ အတွေ့အကြုံ တွေကိုတော့ ကျုံးရုန်း ခံကြရမှာပဲ။ ကံကောင်းတဲ့ စလစ်လို ကြွက်မျိုးက အတိုင်းအဆမဲ့ ဒိန်ခဲတွေ ပိုင်ဆိုင်ပြီး ကံမကောင်း အကြောင်းမလှတဲ့ စကမ်ပါလို ကြွက်မျိုးကျတော့ သူတို့

http://www.herrythitsar.org



တစ်သက်လုံး ဝက်ပါထဲ လှည့်ပတ် ပြေးလွှားပြီး ဒိန်ခဲရှာပုံတော် ဖွင့်နေကြရမှာပဲ။

ဒါပေမယ့် ကြွက်တစ်ကောင်ဟာ ဒိန်ခဲကလေး နည်းနည်း ပါးပါး ရှာဖွေတွေ့လိုက်တဲ့အခါတိုင်း ရက်ပေါင်း တော်တော်ကြာ အောင် မြူးပျော်နေလိမ့်မယ်။ ဒီတော့ ကြွက်တစ်ကောင်ရဲ့ ဘဝဟာ ပျော်စရာကောင်းတဲ့ ဘဝလား၊ ဒါမှမဟုတ် ကြေကွဲ စရာကောင်းတဲ့ ဘဝလား။

'ပျော်ရွှင်စရာနဲ့ စိတ်ဆင်းရဲစရာ ဆိုတာ ဒင်္ဂါးတစ်ပြားရဲ့ မျက်နှာစာ နှစ်ဖက်ပဲ၊ ဒါတွေအားလုံးဟာ မင်းရဲ့ ခံယူချက် သဘောထားပေါ်မှာပဲ မူတည်နေတယ်'

ဟု ဝေဗာ တွေးသည်။ စကမ်ပါဟာ ဒိန်ခဲ အကြေကလေး တစ်ဖဲ့နှစ်ဖဲ့ရဖို့ တိုက်ခိုက်ရ လုယက်ရတဲ့ အခါတွေမှာ စိတ်ပျက် အားငယ်နေပုံပဲ။ ဒါပေမယ့် အဲဒီ အပဲ့အရွဲ့ကလေးတွေကို လွေးခွင့်ရတဲ့ အခါမှာတော့ မြူးပျော်နေမှာ သေချာပေါက် ပေါ့။

ဝေဗာက စကမ်ပါကို မေးကြည့်တယ်။ စကမ်ပါရဲ့ ရှေ့နေ ဟောင်း စပိုက်ဒါနဲ့ တွေ့သေးလားလို့။ စပိုက်ဒါက ဒိန်ခဲအပုံ ခပ်သေးသေး တစ်ပုံ အပိုင်ရဖို့အတွက် တခြား ကြွက်တွေနဲ့ တိုက်ခိုက်နေတာ တွေ့ခဲ့ရတဲ့အကြောင်း စကမ်ပါက ပြောပြတယ်။

'ဒါဆို မင်းက အဲဒီတိုက်ပွဲမှာ ဘာကိစ္စ ဝင်မနွှဲတာလဲ'

'နွှဲခဲ့တာပေါ့၊ အဲဒီမှာ ကျွန်တော်ရှုံးပြီး ကျွန်တော့် ဒိန်ခဲတွေ သူတို့လက်ထဲ ပါသွားတယ်လေ'

'စကမ်ပါ၊ ငါ မင်းကို မေးခွန်းတစ်ခု မေးစမ်းပါရစေကွာ၊ တို့ဟာ ဝက်ပါထဲမှာ ဒိန်ခဲလိုက်ရှာနေရတာ ပိုကောင်းသလား၊ ဒါမှမဟုတ် ဒိန်ခဲ မရှိတဲ့ ဘဝနဲ့ပဲနေရတာ ပိုကောင်းသလား'

http://www.herrythitsar.org


'ဒီမေးခွန်းက အရမ်းဖြေရခက်တဲ့ မေးခွန်းကွ၊ ကြွက်တွေဟာ အဲဒီလို မေးခွန်းမျိုးတွေကို တွေးတောကြံဆ မနေကြဘူး၊ ကျွန်တော်တို့က ဒိန်ခဲရဖို့ တစ်နေ့စာအတွက်ပဲ ပူပန်တာ၊ ဒီတော့ ဒိန်ခဲကို တစ်နေ့တစ်ခါ ရှာနေရမှာပဲ၊ ခင်ဗျား ဒိန်ခဲတွေ သက်တမ်းကြာပြီး ပျက်ချင်နေပေမယ့်လည်း တစ်ပုံတစ်ပင်ကြီး ရှိနေသေးတယ်၊ ဒီတော့ ဒိန်ခဲအသစ်ရှာဖို့ဆိုတာ ခင်ဗျား အရေးတကြီး လုပ်ရမယ့် အလုပ် မဟုတ်ဘူး၊ ဒီတော့ ဒီလို မေးခွန်းမျိုးတွေမေးဖို့ စဉ်းစားကြံဆဖို့က ခင်ဗျားတို့မှာ အချိန်ရတယ်။

'ဘာပဲဖြစ်ဖြစ် ဒါဟာ ခပ်တုံးတုံး မေးခွန်းတစ်ခုလို့ ငါ ထင်တယ်၊ ဝှစ်စပါလိုကောင်မျိုး တစ်ယောက်ကတော့ ဒီလိုမေးခွန်းမျိုး မေးပြီး အချိန်ဖြုန်းနေမှာ မဟုတ်ဘူး၊ သူက သူ့အချိန်ကို ပိုပြီး အကျိုးရှိရှိနဲ့ ပိုပြီး အပြုသဘောဆောင်တဲ့ ကိစ္စတွေအတွက် အသုံးချမှာပဲ'

'ဒီတော့ အဲဒီကိစ္စတွေဆိုတာက ဘယ်လိုကိစ္စမျိုးတွေလဲ'

'တခြားတစ်ပါးသူတွေရဲ့ ဒိန်ခဲတွေကို ဘယ်လိုရွှေ့ယူရမလဲ ဆိုတဲ့ ကိစ္စမျိုးတွေပေါ့'

စကမ်ပါ ထွက်သွားပြီးတဲ့နောက်ပိုင်း စကမ်ပါ ပြောသွားတဲ့ စကားတွေအကြောင်း ဝေဗာ မစဉ်းစားပဲ မနေနိုင်လောက်အောင် ဖြစ်လာတယ်။ ဟုတ်တယ်၊ 'ဘယ်သူ့ဒိန်ခဲ ငါရွှေ့ယူလို့ ရမလဲ' ဆိုတာ မေးသင့် မေးထိုက်တဲ့ မေးခွန်းကောင်းတစ်ခုပဲ။ သန္နိဋ္ဌာန် ခိုင်ခိုင်မာမာကြီးချပြီး ဝှစ်စပါရဲ့ ဒိန်ခဲတွေကို ရွှေ့ပြောင်းပစ်တော့ မယ်လို့ သူ ဆုံးဖြတ်လိုက်တယ်။ သူ အကြံအစည်တစ်ခုတော့ ကြံဆရတော့မယ်ပေါ့။

အဲဒီအခိုက်မှာပဲ သူ့နံဘေးနားကနေ စပိုက်ဒါ ဖြတ်လျှောက်သွားတယ်။ စပိုက်ဒါဟာ ဒိန်ခဲနဲ့ခင်းထားတဲ့ လမ်းပေါ်မှာ ဖြတ်

http://www.herrythitsar.org



လျှောက်ရင်း အံတကျိတ်ကျိတ် လုပ်လာတယ်။ အဲဒီအချိန်မှာ ဝေဗာ့ခေါင်းထဲ အကြံတစ်ခု ဝင်းကနဲ လက်သွားတာနဲ့ သူက စပိုက်ဒါကို မေးလိုက်တယ်။

'ညည်း၊ ဒိန်ခဲသစ်ကော ရှာလို့ ဖွေလို့ ရရဲ့လားဟေ့'

စပိုက်ဒါက ပြန်ပြောတယ်။

'ဟုတ်ကဲ့၊ တွေ့ပါတယ်၊ အဲဒီဒိန်ခဲရဖို့ ကျွန်မမှာဖြင့် တခြား ကြွက်တွေနဲ့ ရန်ဖြစ်လိုက်ရတာ၊ တိုက်ခိုက်လိုက်ရတာ မောလို့၊ အဲဒီဒိန်ခဲ တစ်ဖဲ့လည်းရရော အဲဒီဒိန်ခဲ အရသာကို ကျွန်မ မကြိုက်ဘူးဖြစ်နေတယ်'

'ညည်း၊ စလစ်ရဲ့ ဒိန်ခဲအရသာကိုကော ကြိုက်လား၊ အဲဒီ ဒိန်ခဲကတော့ တော်တော်ကြီးကို အရသာ ထူးကဲတာဟေ့'

'ဟုတ်ကဲ့၊ အဲဒီအရသာကိုတော့ ကျွန်မ ကြိုက်တယ်'

'အဲဒီဒိန်ခဲ ညည်းဒိန်ခဲ ဖြစ်လာအောင် ညည်း ဘာဖြစ်လို့ ရွှေ့မယူတာလဲ'

'ကျွန်မက ဘယ်လိုရွှေ့ယူလို့ ရမှာလဲလို့'

ဝေဗာက စပိုက်ဒါနဲ့ တွဲဖက် အလုပ်လုပ်ရမယ်ဆိုတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတယ်။ စပိုက်ဒါက ကြွက်မကလေး တစ်ကောင်ပဲ။ ကြွက်တွေအားလုံးမှာ ရိုးရိုးရှင်းရှင်း ရည်မှန်းချက် တွေ ရှိကြတယ်လေ။ ကြွက်တစ်ကောင် လိုချင်တပ်မက်တာက ဒိန်ခဲပဲလေ။ ဒိန်ခဲရတယ်ဆိုရင် လိုအင်ဆန္ဒပြည့်ဝတာပဲ။ လိုအင် ဆန္ဒပြည့်ရင် ပြီးရော။ ဘယ်ပုံဘယ်နည်းနဲ့ ရတယ်ဆိုတာ အကြောင်းမဟုတ်ဘူး။ ဒီတော့ ဝေဗာက စပိုက်ဒါကို ပြောတယ်။

**'ညည်း ဘာကိစ္စ ကိုယ့်ဘာသာကိုယ် ဒိန်ခဲရှာနေမလဲ၊ ညည်းကိုယ်ညည်း သွားရည်ယိုချင်စရာ ချိုမြိန်တဲ့ အရသာရှိတဲ့ ဒိန်ခဲတုံးအဖြစ် အသွင်ပြောင်းလိုက်ပေါ့၊ ဒိန်ခဲရှာသူတွေ ညည်းကို တွေ့သွားကြပါစေပေါ့'**

http://www.herrythitsar.org



စပိုက်ဒါဟာ ရိုးရိုးသားသား ကြွက်မကလေး တစ်ကောင် ဖြစ်ပေမယ့် ဝေဗာရဲ့ ရည်ရွယ်ချက်ကို ကောင်းကောင်း သဘော ပေါက်တယ်။

ဝေဗာ ဆက်ပြီး ရှင်းပြတယ်။

'စလစ်မှာ ဒိန်ခဲတွေ တောင်ပုံယာပုံ ရှိကောင်း ရှိနေလိမ့် မယ်၊ ဒါပေမယ့် သူ့ခမျာ ခုထိ အချစ်ကို ရှာဖွေမတွေ့သေးဘူး၊ ဒီတော့ ညည်းက သူ့ကို အချစ်တွေပေးမယ့် ဒိန်ခဲဖြစ်သွားနိုင် တာပေါ့'

သူတို့နှစ်ယောက် ညှိနှိုင်းတိုင်ပင် အသွင်ပြောင်းပြီးတဲ့အခါ မှာ စပိုက်ဒါဟာ တကယ့်ကို မက်မောစရာကောင်းတဲ့ လုံးကြီး ပေါက်လှ ဒိန်ခဲကြီး ဖြစ်လာတော့တယ်။ လမ်းတွေပေါ်မှာ သူ ဆတ်တောက် ဆတ်တောက်နဲ့ လမ်းလျှောက်သွားတိုင်း ကြွက် တွေ စုဝေးဝိုင်းဖွဲ့ပြီး သူ့ကိုဝိုင်းကြည့်ကြတာပဲ။ ဒိန်ခဲမြို့ကလေးမှာ ဒိန်ခဲရဖို့အတွက် နှစ်ပေါင်းများစွာ အသည်းအသန် အပြေးအလွှား ရှာဖွေကြတယ်။ အဲဒီအတွက် သူတို့ဟာ အချစ်ဆိုတာကို မေ့ လျော့နေကြတယ်။ ခုတော့ စလစ်လည်း စပိုက်ဒါကို သတိပြုမိ လာတယ်။ မျက်စိကျလာတယ်။ သူ့တစ်သက်တာမှာ အကြီးမား ဆုံး ဒိန်ခဲကြီးအဖြစ် စပိုက်ဒါကို လိုချင်တပ်မက်လာတော့တယ်။

နောက်ပိုင်း သိပ်မကြာလိုက်ပါဘူး၊ စလစ်နဲ့ စပိုက်ဒါတို့ လက်ထပ်လိုက်ကြတယ်။ မင်္ဂလာ သတို့သမီး၊ သတို့သားဝတ်စုံ နဲ့ အပြတ်သားနားနေတဲ့ သူတို့နှစ်ယောက်ရဲ့ ပုံတူ ဒိန်ခဲရုပ်တု တွေကို ဒိန်ခဲမြို့ကလေးရဲ့ လမ်းကွေ့၊ လမ်းထောင့်တိုင်းမှာ တွေ့ကြရတယ်။

ဒါပေမယ့် ဝှစ်စပါက သိပ်မပျော်ဘူး။ ဒီကြွက်နှစ်ကောင် လက်ထပ်တာကို သူက သိပ်ကြည်တာ မဟုတ်ဘူး။ သူတို့မှာ

http://www.herrythitsar.org



ဒိန်ခဲတွေ သုံးမကုန်လောက်အောင် ရှိနေပေမယ့်လည်း စလစ်တို့ ဒီလိုလုပ်နေတာဟာ ဒိန်ခဲတွေ အလဟဿ ဖြုန်တီးပစ်ရာရောက်တယ်လို့ သူက ယူဆတာကိုး။ ဒါပေမယ့် နောင်ဖြစ်လာမယ့် ဖြစ်ရပ်တွေကြောင့် သူ ဒီထက်မက စိတ်ဆင်းရဲရဦးမယ် ဆိုတာကို သူ မသိသေးဘူး။

စလစ်က သူ့မှာရှိတဲ့ ဒိန်ခဲအားလုံးကို စပိုက်ဒါနဲ့မျှဝေခံစားချင်တယ်။ ဒါပေမယ့် ဒါကို ဝှစ်စပါက သဘောမတူဘူး။ ကန့်ကွက်တယ်။ ဒီတော့ စလစ်က ဝှစ်စပါကို ပြောတော့တာပေါ့။

'မင်းလည်း ငါ့အတိုင်း လုပ်လို့ရတယ်၊ အနာဂတ်ကာလမှာ မင်းချစ်သူကို ဒါရိုက်တာအဖွဲ့ထဲ ထည့်ချင်ရင် အချိန်မရွေး ထည့်လို့ရတယ်၊ ငါ လုံးဝ မကန့်ကွက်ဘူး'

ဒီအဆိုပြုချက်ကို ငြင်းလို့မရတဲ့အဆုံးမှာ ဝှစ်စပါ သဘောတူလိုက်ရတယ်။ ဒါနဲ့ စပိုက်ဒါဟာ ဘုတ်အဖွဲ့ဝင် ဖြစ်လာတော့တယ်။

တစ်နေ့ကျတော့ ဘုတ်အဖွဲ့ရဲ့ ပုံမှန်အစည်းအဝေး အပြီးမှာ စလစ်က ဝှစ်စပါကို ပြောတယ်။

'စပိုက်ဒါနဲ့ ငါနဲ့ ညှိနှိုင်းဆွေးနွေးအပြီးမှာ တို့နှစ်ယောက် ဆုံးဖြတ်လိုက်ကြတယ်၊မင်းအနေနဲ့ ဒိန်ခဲရှာပုံတော်ထွက်ဖို့ အချိန်တန်ပြီလို့၊ ဒါက ဘုတ်အဖွဲ့ရဲ့ဆုံးဖြတ်ချက်ဖြစ်နေတော့ မင်းမှာ ရွေးစရာလမ်းမရှိဘူး၊ မဲအရလည်း မင်းက နှစ်မဲ တစ်မဲနဲ့ ရှုံးနေပြီ၊ ဒီဆုံးဖြတ်ချက်ဟာ မင်းချမှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေနဲ့လည်း ကိုက်ညီနေတယ်၊ အင်းလေ၊ အဲဒီ စည်းမျဉ်းတွေကို ပြင်မယ်ဆိုလည်း ခုမှတော့ အချိန်သိပ်နှောင်းသွားပြီကွ'

'အို၊ ရှိသေလေးစားလောက်ပါတဲ့ မစ္စတာစလစ် ခင်ဗျား၊ ကျွန်တော်မျိုးက ဘာကိစ္စ ဒိန်ခဲအသစ် ရှာဖွေရမလဲ၊ လူကြီးမင်း

http://www.herrythitsar.org



ကျတော့ ဘာဖြစ်လို့ မရှာရတာလဲ၊ တကယ်တမ်းပြောရရင် ငါတို့ နှစ်ယောက်စလုံး ဒိန်ခဲရှာဖို့ မလိုပါဘူးကွာ၊ ငါတို့မှာ နောက်ထပ် မိုးပျံတိုက်ကြီးတစ်လုံးဆောက်နိုင်လောက်တဲ့ ဒိန်ခဲတွေ ရှိနေသေး တာပဲဟာ'

'အိုး၊ ကျွန်တော်မျိုးရဲ့ ကြည်ညို မြတ်နိုးအပ်ပါတဲ့ မစ္စတာ ဝှစ်စပါခင်ဗျား၊ ကျွန်တော်မျိုးတို့ အနေနဲ့ ဒိန်ခဲအသစ် ရှာဖွေဖို့ မလိုပါဘူး၊ ဒါပေမယ့် လူကြီးမင်းအနေနဲ့ လိုအပ်ပါတယ်၊ ခုဆို လူကြီးမင်းဟာ ဒိန်ခဲ တစ်မှုန် တစ်စတောင် မပိုင်တော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ သိမ်းပိုက်လိုက်လို့ပဲ'

'လေ့ကျင့်သင်ကြားရေးကျောင်းမှာ မင်း အမှုထမ်းတွေနဲ့ စာသင်သားတွေကို မင်း ပြောလေ့ပြောထရှိတဲ့ စကားကို မှတ်မိရဲ့ လား၊ လောကမှာ မပြောင်းမလဲ အမြဲဖြစ်ပေါ်နေတာဟာ ပြောင်းလဲ ခြင်းပဲ၊ ဒီတော့ မင်းတို့ရဲ့ ဒိန်ခဲကို ဘယ်တော့မဆို ရွှေ့ပြောင်း ယူသွားကြမှာပဲ၊ မင်းတို့အနေနဲ့ ပိုပြီးကြီးမားတဲ့ အပြောင်းအလဲ ကြီးတွေအတွက် အသင့် ပြင်ထားနိုင်အောင် အပြောင်းအလဲ ကလေးတွေကို ကြိုတင် မျှော်မှန်းထားရမယ်၊ မင်းတို့ ပြောင်းလဲ မှုနဲ့အညီ အမြန်ဆုံး အလိုက်သင့် အလျားသင့် နေထိုင်နိုင်အောင် ကြိုးစားရမယ်၊ အဲဒီလို ကြိုးစားအားထုတ်ရတာကိုတောင် ပျော်ရွှင် ကြည်နူးနေအပ်တယ်၊ မင်းတို့ စွန့်လွှတ် စွန့်စားတတ်အောင် လေ့ကျင့် ပညာယူရမယ်၊ ပြီးတော့ ဒိန်ခဲ အသစ်ရဲ့ အရသာကို နှစ်သက်ခံစားတတ်ရမယ် ဆိုတာတွေလေ။

'မင်းရဲ့ ပို့ချချက်တွေကို ဘယ်လို နိဂုံးချုပ်လေ့ရှိတယ် ဆိုတာ မှတ်မိသေးရဲ့လား၊ မင်းပြောခဲ့တယ်လေ၊ 'မင်းတို့ရဲ့ ဒိန်ခဲ ကို သူများရွှေ့ပြောင်းယူသွားရင် မင်းတို့ မြန်မြန်ဆန်ဆန်လိုက်ပြီး

http://www.herrythitsar.org



ပြောင်းလဲနေထိုင်ဖို့ အသင့်ဖြစ်နေရမယ်၊ ပြီးတော့ အဲဒီ ပြောင်းလဲသွားတဲ့ အနေအထားပေါ် မှာပဲ ပျော်ရွှင်ခံစားကြရမယ်' လို့ ပြောခဲ့တယ် မဟုတ်လား'

ဝှစ်စပါ ဒေါသအမျက် ချောင်းချောင်းထွက်နေပြီ။ သူ ဒေါ်နဲ့မောနဲ့ ထွက်သွားတယ်။ လမ်းမှာတွေ့သမျှ မြင်သမျှကို ရိုက်ချိုးဖျက်ဆီးသွားတယ်။ တကယ်တော့ ရှုံးနိမ့်မှု အကြောင်းလည်း သူ သင်ကြား ပို့ချခဲ့ပါတယ်။

ဝေဗာက အဲဒီ အယူအဆတွေကို ယုံကြည် လက်ခံသူ မဟုတ်ဘူး။ ဒါပေမယ့် ခုတော့ သူက လေ့ကျင့်သင်ကြားရေး ကျောင်းမှာ အဲဒီအယူအဆတွေကို သင်ကြား ပို့ချပေးနေလေရဲ့။ ပြဿနာက အယူစွဲဟောင်းတွေ ရှိနေတာ။ ဒါမှမဟုတ် ပြုပြင်ပြောင်းလဲဖို့ လိုလိုလားလား ရှိတာတွေ မဟုတ်ဘူး။ အပြေးစီးဖိနပ်တွေစီးထားတဲ့ ဝှစ်စပါဟာ ကြိုပြီးမှန်းဆလို့ရတဲ့ အနာဂတ်ကာလ အတွင်းမှာ ဒိန်ခဲတွေ့အောင် ရှာနိုင်ပါ့မလားဆိုတာပဲ။ ကြေကွဲစရာကောင်းတဲ့ အချက်က ဝှစ်စပါဟာ ကြွက် မဟုတ်ဘဲ လူဖြစ်နေ တာပေါ့။ သူသာ ကြွက်တစ်ကောင်ဖြစ်ခဲ့ပြီး ကြွက်တစ်ကောင် လိုပဲ ရှင်သန်နေထိုင်ခဲ့မယ်ဆိုရင် သူ့မှာ ပူပင်သောကရောဂါ နာကြည်းမှုပါမရှိဘဲ သူ့ဘဝဟာ ပိုပြီး ရိုးစင်း သွားပေလိမ့်မယ်။

စပိုက်ဒါကလည်း စလစ်ကို တကယ်ချစ်တာ မဟုတ်ဘူး။ သူချစ်တာ ဒိန်ခဲတွေလေ။ စလစ်က ပိုင်ဆိုင်သမျှ ဒိန်ခဲတွေ အကုန်လုံး သူ့ကို လွှဲပေးလာတဲ့အထိ သူက ချစ်ဟန်ဆောင်နေခဲ့တယ်လေ။ အဲဒီနောက် တစ်မနက်ခင်းမှာ စလစ် အိပ်ရာကနိုးလာတော့ သူ့နံဘေးမှာ စပိုက်ဒါ မရှိတော့တာ တွေ့လိုက်ရတယ်။ တအံ့တသြဖြစ်သွားတဲ့ စလစ်ဟာ စပိုက်ဒါ ဘယ်ရောက်နေပါလိမ့်

http://www.herrythitsar.org



ဆိုပြီးအိမ်ထဲမှာ လျှောက်ရှာတာပေါ့။ နောက်ဆုံးမှ အထုပ်အပိုးပြင်နေတဲ့ စပိုက်ဒါကို တွေ့ရတယ်။ ဒီတော့ စလစ်က မေးတာပေါ့။

'တစ်အိမ်လုံးဘာဖြစ်လို့ ဟာလာဟင်းလင်း ဖြစ်နေတာလဲ၊ ငါ့ အိမ်ထောင်ပရိဘောဂအားလုံး ဘယ်ရောက်ကုန်ပြီလဲ၊ မင်းကကော ဘယ်သွားမလို့လဲ'

စပိုက်ဒါက ချစ်စရာအပြုံးကလေးနဲ့ ပြန်ပြောတယ်။

'ကျွန်မ ချစ်လှစွာသော စလစ်ရယ်၊ **ဟောင်းအိုနေတဲ့ ဒိန်ခဲ တွေကို မြန်မြန် စွန့်လွှတ်လိုက်လေ ဒိန်ခဲအသစ်တွေ မြန်မြန် တွေ့လေ** ဆိုတာရှင် မသိလေသရော့လား ရှင်ရယ်'

'ဟေ၊ ငါဟာ ဟောင်းအိုနေတဲ့ ဒိန်ခဲတစ်တုံးလို့ မင်းပြောလိုက်တာလား၊ဟုတ်လား'

စလစ်က မေးလိုက်တယ်။ ဒီတော့ စပိုက်ဒါက ပြန်ပြောတယ်။

'တခြား ဘာအဓိပ္ပာယ်များ ထွက်နိုင်သေးလို့လဲ၊ ကိုစလစ်ရယ်'

'စပိုက်ဒါ၊ မင်း ကိုယ့်ကို ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲကွယ်၊ ကိုယ်ပိုင်သရွေ့ ဒိန်ခဲတွေ အားလုံး မင်းကို ပေးထားပြီလေ၊ နောက်ပြီး ဒီကမ္ဘာပေါ်မှာ မင်းသာ ကိုယ့်ရဲ့ တစ်ဦးတည်းသော ဒိန်ခဲကလေးပါကွယ်'

စပိုက်ဒါက အထင်သေး အမြင်သေးနဲ့ ဟက်ခနဲ တစ်ချက်ရယ်လိုက်တယ်။ ပြီးမှ ပြန်ပြောတယ်။

'ရှင် ပိုင်သမျှဒိန်ခဲတွေ အကုန်လုံး ကျွန်မ ရထားပြီလေ၊ ဒီတော့ ရှင့်ကို ဘာကိစ္စလိုအပ်နေရဦးမှာလဲ၊ ကျွန်မအတွက်တော့ ရှင်ဟာ ဒိန်ခဲအိုလေးတစ်တုံးပါပဲရှင်၊ ရှင် ကျွန်မကို ဘယ်လိုစွပ်စွဲ

http://www.herrythitsar.org



မယ်ဆိုတာကျွန်မသိတာပေါ့၊ ရှင် ကျွန်မကို အရှက်မရှိတဲ့ မိန်းမလို့ ခေါ်မယ် မဟုတ်လား၊ ဒါပေမယ့် ကြွက်တွေရဲ့ ဝေါဟာရထဲမှာ အဲဒီစကားလုံးမျိုး မရှိဘူး ရှင်ရဲ့၊ ကမ္ဘာပေါ်မှာ ကျွန်မသာ တစ်ခု တည်းသော ဒိန်ခဲကလေးပါ ဆိုတာမျိုးလည်း လာပြောမနေနဲ့၊ ကျွန်မဘက်က ပြောနိုင်တာ တစ်ခုပဲရှိတယ်၊ 'စိတ်မကောင်းပါဘူး ရှင်၊ ဟောဒီ ဒိန်ခဲတုံးကလေးကတော့ နေရာရွှေ့ပြောင်းသွားပါပြီ၊ ရှင့်အနေနဲ့ ဒိန်ခဲအသစ်ပဲရှာရတော့မယ်' လို့'

'ဒါပေမယ့် ဒိန်ခဲအသစ်ကို ကိုယ်က ဘယ်မှာ သွားရှာရ မလဲကွ'

'အဲဒါ ကျွန်မအလုပ် မဟုတ်ပါဘူးရှင်'

အဲဒီလိုလဲပြောပြီးရော စပိုက်ဒါဟာ အိမ်ထဲက ထွက်သွား တော့တယ်။

အဲဒီညနေမှာပဲ စလစ်ဟာ သူ့ရဲ့ အားကစားဝတ်စုံဟောင်း ကြီးကိုစွပ်၊ နှစ်ပေါင်းများစွာ မစီးဘဲ ထားခဲ့တဲ့ အပြေးစီးဖိနပ်တွေ စီးတော့တယ်။ သူဟာ ဒိန်ခဲခင်း လမ်းတွေပေါ်မှာ ခေါင်းကြီး ငိုက်စိုက်ချပြီး ပြေးတော့တာပဲ။ ဒိန်ခဲတွေက နေရာတကာတိုင်းမှာ ရှိနေတယ်။ ဒါပေမယ့် ခုချိန်မှာ သူပိုင်တာဆိုလို့ တစ်မှုန်တစ်စ တောင် မရှိတော့ဘူးလေ။ သူနဲ့ စပိုက်ဒါရဲ့ ပုံတူ ဒိန်ခဲရုပ် တွေလည်း တစ်ခုမှ မတွေ့ရတော့ဘူး။ အားလုံး မြင်ကွင်းထဲက ပျောက်ကွယ်သွားကြပြီပေါ့။ ဒိန်ခဲမြို့ကလေးကို ပိုမို သန့်စင်ပြီး ပိုမိုနေပျော်တဲ့ ပတ်ဝန်းကျင်မျိုး ဖန်တီးချင်တဲ့ စပိုက်ဒါက အဲဒီ ရုပ်တုတွေကို အမှိုက်ပုံးတွေအဖြစ် အသွင်ပြောင်းပစ်စေခဲ့တာကိုး။

တစ်နေ့တော့ စပိုက်ဒါက ဝေဗာနဲ့ တွေ့ဆုံပြီး သူ့ဇာတ် လမ်းကို ဖောက်သည်ချတယ်။

http://www.herrythitsar.org



'ကျွန်မက စကမ်ပါနဲ့ တွဲနေခဲ့တာရှင့်၊ ဝှစ်စပါက စကမ်ပါရဲ့ ရှိစုမဲ့စု ဒိန်ခဲအားလုံးကို မောင်ပိုင်စီးသွားတာလေ၊ ကျွန်မသာ စကမ်ပါနဲ့ အိမ်ထောင်ပြုခဲ့ရင် ဆင်းရဲကျပ်တည်းတဲ့ ဘဝနဲ့နေရမှာ၊ စကမ်ပါဟာ ဒိန်ခဲအသစ်ရှာလို့ ရချင်မှရမှာ၊ ဒါဆို ဒိန်ခဲကို ကျွန်မကိုယ်တိုင် ထွက်ရှာချင် ရှာနေရမှာ၊ ကျွန်မတို့ရဲ့ အနာဂတ်ဘဝဟာ မရေမရာနဲ့ ဘာအာမခံချက်မှ ရှိမှာမဟုတ်ဘူး။

'ဒါနဲ့ ကျွန်မရဲ့ ဒိန်ခဲဟောင်း အားလုံးကို စွန့်ပစ်ပြီး ဒိန်ခဲသစ်ရှာဖို့ ဝက်ပါထဲ ဝင်ခဲ့တယ်၊ ကျွန်မအမြင်မှာတော့ အချစ်ဟာ ဘယ်တော့မှ ဒိန်ခဲ မဖြစ်ခဲ့ဘူး၊ အဲ၊ ကျွန်မလေ ဝက်ပါထဲမှာ မျက်စိလည် လမ်းမှားပြီး ကြွက်အုပ်စုကြီးတစ်စုနဲ့ သွားတိုးတယ်၊ သူတို့က ရောမ ဒိန်ခဲတုံးကြီး တစ်တုံးကို ဝိုင်းလု ကိုက်ဖဲ့နေကြတာကလား၊ အဲဒီ ဗရုတ်ဗရက်ထဲမှာ ကျွန်မလည်း ဝင်ပါတော့တာပေါ့၊ အဲဒီမှာ ကျွန်မ စကမ်ပါနဲ့ ပြိုင်လုနေရတာ တွေ့လိုက်တယ်၊ ဘယ်ရမလဲ၊ ကျွန်မ သူ့လက်ထဲက ဒိန်ခဲကို ရအောင်လုတာပေါ့၊ ဒါပေမယ့် ရှင်ရယ် ကျွန်မ မယုံနိုင်လောက်အောင် ဖြစ်သွားတယ်၊ အဲဒီဒိန်ခဲက ခါးလိုက်တာရှင်၊ တူးနေတာပဲ၊ အဲဒီလို ဖြစ်လိမ့်မယ်လို့မှ ကျွန်မ ထင်မထားဘဲဟာ'

ဝေဗာ တိတ်တိတ်ဆိတ်ဆိတ် နားထောင်နေတယ်။ နောက်မှ ပြန်ပြောတယ်။

'ဒီ ရှုထောင့်ကနေ ကြည့်မယ်ဆိုရင်တော့ ညည်းဟာ ကြွက်အားလုံးထဲမှာ အအောင်မြင်ဆုံး ကြွက်မကလေးပဲ စပိုက်ဒါ၊ ညည်းရဲ့အောင်မြင်မှုကို မျှဝေခံစားခွင့်ပေးဖို့ ညည်းမှာ တစ်ကောင်တစ်မြီးမှ ရှိချင်မှရှိမယ်၊ ဒါပေမယ့် ကြွက်ဖြစ်နေတဲ့ ညည်းအတွက် ဒါဟာ ရေးကြီးခွင်ကျယ်ကိစ္စ မဟုတ်တော့ဘူး၊ ဒိန်ခဲဟာ ခင်မင်

http://www.herrythitsar.org



ရင်းနှီးမှု၊ အချစ်၊ စည်းစိမ်ဥစ္စာ၊ ဩဇာအာဏာ၊ အဆင့်အတန်း၊ ကျန်းမာရေး စသဖြင့် ဖြစ်ချင်ရာဖြစ်နိုင်တယ်။

**'ဒါပေမယ့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အဲဒါတွေ အားလုံး မဖြစ်နိုင်ဘူး၊ ဒိန်ခဲက ညည်းကို အချစ်ပေးရင် ဩဇာ အာဏာပါ တစ်ခါတည်း ပေးလို့မရဘူး၊ ဒိန်ခဲက ညည်းကို စည်းစိမ်ဥစ္စာတွေ ပေးရင် စစ်မှန်တဲ့ ချစ်ကြည်ရင်းနှီးမှု မပေးနိုင် တော့ဘူး၊ ဒါဟာ သိပ်ကိုရိုးစင်းတဲ့ အယူအဆတစ်ခုပဲ၊ ဒါပေမယ့် လူတွေက ဒါကို နားမလည်ဘူး၊ မကြာမကြာဆိုသလို သူတို့ရဲ့ ရွေးချယ်မှုတွေနဲ့ ပတ်သက်ပြီး မချိတရိ ပူပင်သောက ရောက် တတ်ကြတယ်၊ သူတို့က ဒိန်ခဲကို ပဥ္စလက် မီးအိမ်တစ်လုံးလို လည်း ခဏခဏ စိတ်ကူးယဉ်တတ်ကြသေးသကွ၊ ဒီပဥ္စလက် မီးအိမ်က ဒီကနေ့ အချစ်ကိုပေး၊ နောက်နေ့မှာ ဥစ္စာဓနတွေ ပေး၊ နောက်နေ့ကျတော့ ချစ်ကြည်ရင်းနှီးမှုတွေ ပေးပေါ့လေ၊ ဒါ မဖြစ်နိုင်ဘူး၊ ညည်း အချစ်နောက် ကောက်ကောက်ပါအောင် လိုက်နေချိန်မှာ ညည်း ငွေကြေးကို စွန့်လွှတ် အနစ်နာခံရမှာပဲ။**

'ဒီလိုအနေအထား ရှိနေတဲ့ကြားထဲက တစ်ချို့လူတွေက တစ်စုံတစ်ခုကို အလကားပဲတင်းနဲ့ ရယူချင်ကြသေးတယ်လေ၊ စပိုက်ဒါ၊ ညည်းကတော့ ကြွက်မကလေး တစ်ကောင်အနေနဲ့ ဒါတွေကို သိပ်အမှုထားနေမှာ မဟုတ်ဘူး၊ ဒိန်ခဲဟာ ညည်းရဲ့ ကမ္ဘာပဲ၊ ဒီတော့ အောင်မြင်ပြီး ပျော်နိုင်မော်နိုင်တဲ့ ကြွက်မကလေး ဖြစ်နေပါစေကွယ်၊ ငါကတော့သွားတော့မယ်၊ နှုတ်ဆက်ခဲ့ပါတယ် စပိုက်ဒါကလေးရေ'


ဝေဗာဟာ တစ်ချက်ကလေးမှ နောက်ဆံမတင်းဘဲ ဒိန်ခဲမြို့ ကလေးကို ကျောခိုင်းခဲ့တယ်။ သူက ဝိဗ်ကို လိုက်ရှာတယ်။

http://www.herrythitsar.org



နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ဒိန်ခဲတွေလည်း အများကြီးရခဲ့ဖူး၊ စွန့်လွှတ်ခဲ့ရဖူးပြီ။ ခု နောက်ဆုံးမှာတော့ သူ နားလည် သဘော ပေါက်လိုက်ပြီ။ သူက ကြွက်တစ်ကောင်မှ မဟုတ်ဘဲ။ သူက လူတစ်ယောက်လေ။ ဒီတော့ သူ့ဘဝရဲ့ အဆုံးစွန်သော ရည်မှန်း ချက်ဟာ ဒိန်ခဲရရေး အဖြစ်မခံနိုင်ဘူး။

ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက သူတို့လျှောက်ခဲ့တဲ့ လမ်းကလေးဆီကို ပြန်ခဲ့တယ်။ ဘရိုင်ကောင်တီဆီကို ဦးတည် သွားတဲ့ လမ်းကြောင်းအတိုင်း ပြန်လျှောက်လာတယ်။ လမ်း တစ်လျှောက် လျှောက်လာရင်း အနားယူဖို့ ခဏရပ်လိုက်တယ်။ သူ စျာန်ဝင်စားပြီး အတွေးကွန့်တယ်။ ပြီးတော့ နံရံပေါ်မှာ စာတစ်ကြောင်း ရေးလိုက်တယ်။



**သင်ဟာ အပြောင်းအလဲကိုပဲ မပြတ် ရှာဖွေ နေတယ်ဆိုရင် သင်ဟာ သာမညောင်ည ဘဝမျိုးနဲ့ နေထိုင်ရမှာဖြစ်ပြီး အသေးအဖွဲကိစ္စ ကလေးတွေ အတွက် မပြတ်ပူပန်နေရတဲ့ အနေအထားကို အမြဲ ကြုံတွေ့နေရမှာပဲ။**

တခြား နံရံတစ်ဖြတ်ပေါ်မှာလည်း သူ ရေးခြစ်လိုက်ပြန် တယ်။

**ဒိန်ခဲအသစ်ဟာ သင်ကြိုက်တဲ့ အမျိုးအစား မျိုးဖြစ်မယ် လို့ ဘယ်တော့မှ ကံသေကံမ တွက်ထားလို့ မရဘူး။**

သူ ဆက်လျှောက်လာပြီး လမ်းထောင့်ရောက်လို့ ကွေ့လဲ ကွေ့လိုက်ရော သူဟာ ဝှစ်စပါနဲ့ တန်းတိုးတော့တာပဲ။ ဝေဗာဟာ ဝှစ်စပါကို မှတ်တောင် မမှတ်မိနိုင်လောက်အောင်ပဲ။ ဝှစ်စပါဟာ ရှုးကြောင်ကြောင် ဖြစ်သွားပြီး သူ့ရှေ့မှာတွေ့နေသူဟာ ဝေဗာ


http://www.herrythitsar.org



မှန်းတောင် မသိတော့ဘူး။ ဒါပေမယ့် သူက ဝေဗာရဲ့ အကျီ င်္ကော်လာကို စုကိုင်လိုက်တယ်။ သူ့မျက်နှာဟာ ဒေါသကြောင့် တွန့်လိမ် မဲ့ရွဲ့နေတယ်။ သူက သံကုန်ကျူးအော်ပြီး မေးလိုက် တယ်။

'ငါ ဒိန်ခဲအသစ်တွေ ရှာလို့ ဖွေလို့တွေ့အောင် ငါလိုက်နာ ကျင့်သုံးရမယ့် အယူအဆအသစ်တွေ မင်းငါ့ကို ပြောပြနိုင်မလား ကွ၊ အသစ်နဲ့ အဟောင်း ကွဲပြားအောင် ဘယ်လို အဓိပ္ပာယ် ဖွင့်မလဲ၊ ယုံကြည်ချက် အယူအဆတွေဆိုတာ သေရေးရှင်ရေး ကာလတွေမှာတောင် တွေဝေ ယိမ်းယိုင်ခြင်း မရှိဘဲ အမြဲတမ်း စွဲကိုင်ထားရမယ် မဟုတ်လား၊ ငါ့ရဲ့ အတွေးအမြင် အယူအဆ တွေကို ပျက်သုဉ်းသွားနိုင်တဲ့ ဒိန်ခဲတစ်ဖွဲ့ပေါ်မှာ အခြေပြုလို့ရ သလား'

ဝေဗာက ဝှစ်စပါရဲ့ လက်ထဲကလွတ်အောင် အတင်းရုန်း ထွက်တယ်။ ဝှစ်စပါကို ကျောခိုင်းခဲ့ပြီး နံရံပေါ်မှာ စာရေးလိုက် ပြန်တယ်။



**မင်းရဲ့ ခံယူချက်တွေကို ဒိန်ခဲလို အပျက်သုဉ်း မခံနဲ့၊အဲဒါတွေက ဒိန်ခဲထက်ပိုပြီး အရေးကြီးတယ်၊ ဒိန်ခဲ ရရေးအတွက် မင်း ခံယူချက်တွေကို မေ့လျော့ မသွားလေနဲ့။**

ဟိုလမ်းဝင် ဒီလမ်းထွက်နဲ့ ဆက်လျှောက်လာ ပြီးတဲ့နောက် ဝေဗာဟာ စကမ်ပါနဲ့ တွေ့ရဆုံရတော့တယ်။ စကမ်ပါလက်ထဲမှာ ဒိန်ခဲဆိုလို့ တစ်ဖွဲ့တောင် ပါမလာဘူး။ ဒါပေမယ့်သူက ဝှစ်စပါလောက် ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်မနေ ဘူး။ သူက ဝေဗာကို မှတ်မိတယ်။ လက်တောင် ဝှေ့ယမ်းပြ

http://www.herrythitsar.org



လိုက်သေး။ဝေဗာ သူ့အနား ကပ်လာပြီး သူ့အခြေအနေကို မေးကြည့်တော့ စကမ်ပါက သွဲ့သွဲ့ကလေး ပြုံးပြတယ်။

'ကျွန်တော် ဒိန်ခဲမြို့က ထွက်ပြီးကတည်းက ဝက်ပါထဲမှာ ဒိန်ခဲရှာပုံတော် ဖွင့်နေခဲ့တာ သိပ်လည်း များများစားစား မတွေ့ပါဘူးဗျာ၊ ကျွန်တော် ဒိန်ခဲမြို့က မထွက်ခွာခဲ့သင့်ဘူး၊ အဲဒီမြို့ကလေးထဲမှာဆိုရင် ကျွန်တော်ပိုပြီး အဆင်ပြေနိုင်တယ်ဗျ၊ ဒိန်ခဲအသစ် လိုက်ရှာနေတိုင်းလည်း အခြေအနေ ပိုကောင်းချင်မှ ကောင်းမှာပါဗျာ'

ဒီတော့ ဝေဗာက ပြန်ပြောတယ်။

'ဟုတ်တယ်၊ ငါလည်း အဲဒီလိုပဲ စဉ်းစားခဲ့တာပဲ၊ ငါကတော့ အကြွင်းမဲ့တရားတွေအရပဲ စဉ်းစားခဲ့တာကွ။

'အမြဲတမ်း ရှာပုံတော်ဖွင့်နေမလား၊ ဒါမှမဟုတ် ရှိရင်းစွဲ အတိုင်း မပြောင်းမလဲနေမလားလို့လေ၊ ဒါပေမယ့် ဒါဟာ ပကတိ အရှိတရားနဲ့ မကိုက်ညီဘူးဆိုတာ ငါ သဘောပေါက်လာတယ်'

**'ပုံခိုင်းရရင်တော့ သဲကန္တာရထဲ မျက်စိလည်လမ်းမှားနေတဲ့ အဖြစ်နဲ့ အရမ်းတူတာ၊ အဲဒီ လူတစ်ယောက်ဟာ ရေကို လိုက်ရှာမလား၊ ဒါမှမဟုတ် ကယ်တင်မယ့်သူရောက်အလာကို ထိုင်စောင့်နေမလား၊ ဘယ်လမ်းကိုပဲရွေးရွေး အောင်မြင်ဖို့နဲ့ ရှုံးနိမ့်ဖို့အခွင့်အလမ်းက တစ်ဝက်စီပဲရှိတယ်၊ ဘယ်ရွေးချယ်မှုမှာပဲဖြစ်ဖြစ် ကံဆိုတဲ့ အခြေခံတရားကြီးကလည်း ပါဝင်ပတ်သက်နေသေးတယ်ကွ'**

'ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါပြီ။ အဲ ခုလိုခင်ဗျားနဲ့ ပြန်ဆုံတွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော် ဒိန်ခဲ ပြေးရှာရဦးမယ်ဗျ၊ ကျွန်တော့် မိသားစုကို ကျွေးမွေးဖို့ တာဝန်က ရှိသေးတယ်လေ'

http://www.herrythitsar.org



ဝေဗာ တွေးတွေးဆဆ ပြောနေတာကို စကမ်ပါက ကြားဖြတ် ပြောလိုက်တယ်။

ဝေဗာက စကမ်ပါကို ပြုံးပြလိုက်တယ်။ ကြွက်ကလေးဟာ ဂျင်ခြေလည်တဲ့ ဘဝမျိုးနဲ့ နေသားကျနေတာ သိသာပါတယ်။ ဒိန်ခဲနောက် မပြတ်လိုက်နေရတာဟာ ဆင်းရဲပင်ပန်းတဲ့ အလုပ် တစ်ခု ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမယ့် ဘယ်လောက်ပဲ ဘဝ ကြမ်းကြမ်း၊ အဲဒီဘဝကြမ်းမှာ ကျင့်သားရသွားဖို့ ဘယ်တော့မဆို ဖြစ်နိုင်တာပဲ။

ဝေဗာ လမ်းဆက်လျှောက်သွားတယ်။ လမ်းမှာ စလစ်နဲ့ ပက်ပင်းတိုးမိတယ်။ စလစ်ဟာ မျက်တွင်းဟောက်ပက်နဲ့ ပါးချောင် နားချောင်တွေ ကျလို့။ ဒါပေမယ့် သူ့နှုတ်ခမ်းမွေးတွေမှာ ဒိန်ခဲ အစအနကလေးတစ်ချို့ ကပ်နေတာကို ဝေဗာ သတိပြုလိုက်မိ တယ်။ စလစ်က ဝေဗာကိုတွေ့တော့ သူ့ဆီကို လာဖို့ခေါ်တယ်။ သူက ဆွစ်ဒိန်ခဲဟောင်း အတုံးသေးသေး တစ်တုံး ထုတ်ယူပြီး ဝေဗာကို လှမ်းပေးတယ်။ ပြီးတော့ ပြောတယ်။

'မြည်းကြည့်ပါဦးကွ'

ဝေဗာကြည်နူးစိတ်နဲ့ အံ့သြသွားတာပေါ့။ ဒါပေမယ့် အဲဒီ ကြည်နူးအံ့သြမှုကို ရင်နာစိတ်က ချက်ချင်းလို ဖုံးလွှမ်းသွားတယ်။ ဒိန်ခဲတုံးကြီး တစ်တုံးရရေးအတွက် သူတို့ နှစ်ယောက် အကြီး အကျယ် ရန်ဖြစ်ခဲ့ကြတာ သိပ် မကြာသေးဘူးလေ။ ခုတော့ ကြည့်စမ်း၊ စလစ်က သူ့ကို ဒိန်ခဲဟောင်းကလေးတစ်တုံး လှမ်း ပေးနေပါကလား။

ဝေဗာ မျက်နှာလွှဲလိုက်တယ်။ သူ့ မျက်ဝန်းတွေထဲမှာ အိုင်ထွန်းလာတဲ့ မျက်ရည်တွေကို စလစ် မမြင်စေချင်ဘူး။ သူ့ အပြုအမူကို စလစ်က အဓိပ္ပါယ်ကောက် လွဲသွားတယ်။

http://www.herrythitsar.org



'ဒိဒိန်ခဲက ခင်ဗျားစားရလောက်အောင် တန်းမမီလို့လားကွ၊ ဒိန်ခဲကို နေရာတကာတိုင်းမှာ ရှာလို့ မရဘူးလေဗျာ၊ သိတယ် မဟုတ်လား၊ ဒိန်ခဲရှာဖွေရေးမှာ ခင်ဗျား အတိတ်ကာလတုန်းက အောင်မြင်ခဲ့တာနဲ့ အနာဂတ်ကာလမှာ အောင်မြင်မယ်လို့ ကံသေကံမ ပြောလို့မရဘူး'

ဝေဗာ ကမန်းကတန်း ရှင်းပြလိုက်တယ်။

'မဟုတ်ဘူး၊ အဲဒီသဘောမျိုး မဟုတ်ပါဘူးကွာ၊ မင်း ကံနိမ့်နေပြီဆိုတဲ့အခါကျတော့ လတ်ဆတ်တဲ့ ဒိန်ခဲတစ်ဖဲ့ ရှာတွေ့ဖို့ ဘယ်လောက် ခက်ခဲပင်ပန်းသလဲဆိုတဲ့ အကြောင်း ငါတွေးနေမိတာပါ၊ တွေ့ပြန်တော့လည်း တွေ့တဲ့ဒိန်ခဲအသစ်ဟာ လက်ထဲက ဒိန်ခဲအဟောင်းလောက်တောင် မကောင်းတာ အကြိမ်ကြိမ်အခါခါ တွေ့ရတတ်တယ်လေ၊ တကယ်တော့ ဒိန်ခဲဆိုတာ မိန်းမတွေလိုပဲကွ၊ သူတို့ နှစ်မျိုးစလုံး ရင့်အိုပြီး ကျလွယ်၊ ပျက်လွယ်တယ်ကွ၊ ဒါတောင် ဒိန်ခဲအသစ်ဟာ ဒိန်ခဲ အဟောင်းထက် ညံ့ချင် ညံ့နေတတ်တာကလား'

စလစ် ပြုံးပြုံးကြီး လုပ်ပြီးပြောတယ်။

'ကျွန်တော်တို့မှာ ဒိန်ခဲ တောင်လိုပုံနေလောက်အောင် ရှိတဲ့ အချိန်ကာလတွေကို မှတ်မိသေးလား၊ ချဉ်ချဉ်စူးစူး ဒိန်ခဲတစ်တုံးအတွက် ကျွန်တော်ဟာ တစ်ဦးကို တစ်ဦး ကာပြန်ခဲ့ကြတယ်လေ၊ နောက်ဆုံးကျတော့ ကျွန်တော်တို့မှာ ရှိသမျှကုန်တာပါပဲ၊ ကျွန်တော်ဟာ တော်တော် မိုက်မဲခဲ့တဲ့ကောင်ပဲနော်'

စလစ်နဲ့ ဝေဗာဟာ အဲဒီနေ့ တစ်နေ့လုံး အတိတ်ကာလ အကြောင်းတွေကို စားမြုံ့ပြန် တမ်းတနေကြတယ်။ နှစ်ကောင်သား ဆွစ် ဒိန်ခဲဟောင်း တစ်တုံးကို ဝေမျှပြီး လွေးကြတယ်။

http://www.herrythitsar.org



ပြီးတော့ သီချင်းတွေ ဟစ်ကြွေးကြတယ်။ သူတို့ စကားစမြည် ပြောရင်း စလစ်ဟာ စကမ်ပါအကြောင်း ဆက်ပြောလာတယ်။

'ကျွန်တော်တို့ နှစ်ကောင်ဟာ တစ်ချိန်တုန်းကတော့ သူငယ်ချင်းတွေပဲ၊ ဒါပေမယ့် နှစ်ကောင်စလုံးလည်း မွဲပြာကျသွားရော ကျွန်တော်က သူ့ရန်သူတော်နဲ့ သွားပေါင်းခဲ့တယ်လေ'

စလစ်က အဲဒီလို ငိုညည်းတယ်။ ဝေဗာက သူ့ကို နှစ်သိမ့်ဖျောင်းဖျရတာပေါ့။ တကယ်တမ်းကျတော့ စကမ်ပါဟာ သူတို့နဲ့ သိပ်မဝေးတဲ့နေရာမှာ ရှိနေတဲ့ အကြောင်း ထုတ်ပြောလိုက်တယ်။

ဒီတော့ စလစ်တစ်ကောင် အရမ်းတက်ကြွသွားတယ်။

'ဒါဆို ဒိန်ခဲရှာဖို့ စကမ်ပါနဲ့ ပြန်ပြီး လက်တွဲလို့ရမလား ဟင်၊ သူနဲ့ဆိုရင် သူက ရှေ့ကနေ ဦးဆောင်သွား၊ ဘယ်ဘက်သွားရမလဲဆိုတာ ကျွန်တော်က အနံ့ခံကြည့်၊ ဟိုတုန်းက ကျွန်တော်တို့ နှစ်ကောင် အတွဲညီခဲ့သလိုပေါ့ဗျာ'

'အင်း၊ ပြန်တွဲဖြစ်သွားမှာပါ၊ ဒိန်ခဲအတွက်ဆိုရင် မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိဘူး ဟော့ကောင်၊ လောကမှာ ထာဝစဉ် ခိုင်မြဲတဲ့ မကွဲမပျက်နိုင်တဲ့ ခင်မင်မှုဆိုတာ ရှိသလား၊ မရှိဘူး၊ ထာဝရ ရန်သူတော်တွေဆိုတာရော ရှိသလား၊ ဒါလဲ မရှိပါဘူး'

စလစ် ထိုင်ရာက ထပြီး ဝေဗာကို နှုတ်ဆက်စကားပြောတယ်။ စကမ်ပါကို ရှာဖို့ စလစ်ထွက်သွားတယ်။

'သူတို့နှစ်ယောက် ပြန်တွဲပြီး အချစ်ဆုံး သူငယ်ချင်းတွေ ပြန်ဖြစ်လာပါဦးမလား'

ဝေဗာ တွေးတောစဉ်းစားရင်း ဘရိုင်ကောင်တီဘက်ကို ထွက်ခဲ့တယ်။

ဘရိုင်ကောင်တီကိုရောက်တော့ ဝေဗာ မှတ်တောင် မမှတ်မိသလောက်ပဲ။ ဘရိုင်ကောင်တီ အလယ်တည့်တည့်မှာ အဆင့်မြင့်

ပညာသင်ကျောင်းကြီး တစ်ကျောင်းကို ထီးထီးမားမားကြီး တွေ့လိုက်ရတာကိုး။ နံရံတစ်ခုပေါ်မှာ ရေးထားတဲ့ စာလုံးတွေကတော့



**ဒိန်ခဲဆိုတာ ဘယ်တော့မှ သင် ထင်ထားသလောက် သာယာ ကြည်နူးစရာ မကောင်းဘူး၊ တကယ်လို့ ဒိန်ခဲရှာဖွေခြင်း တစ်မျိုးတည်းသာ သင့်ဘဝမှာ အဓိပ္ပါယ်ရှိတဲ့ စွမ်းဆောင်ချက်ဆိုရင်တော့ သင့် ဘဝကို ဒိန်ခဲက ခြေမွ ဖျက်ဆီးပစ်တာ ခံရလိမ့်မယ်။**

အဲဒီစကားလုံးတွေကို ဝိဗ်ရေးတယ်ဆိုတာ ဝေဗာ သိတာပေါ့။ ဘရိုင်ကောင်တီထဲ သူ လျှောက်ဝင်သွားတယ်။ တစ်နယ်မြေလုံး တိတ်ဆိတ်လိုက်တာ။ ငြိမ်းချမ်းလိုက်တာ။ ကြော့ကြော့မော့မော့ ဝတ်ဆင်ထားတဲ့ လူညှက်ကလေး အနည်းအကျဉ်းကတော့ ပန်းခြံထဲက ခုံရှည်တွေပေါ်မှာ ထိုင်ပြီး စာဖတ်နေကြတာကိုတွေ့ရတယ်။ ရံဖန်ရံခါဆိုသလို ကြွက်တစ်ကောင်တလေ ဖြတ်သွားဖြတ်လာရှိတယ်။ သူတို့အလုပ် သူတို့ လုပ်နေတာပေါ့။ ဒီနေရာ ဒီဒေသကတော့ ဒိန်ခဲမြို့ကလေးနဲ့ ပကတိ ဆန့်ကျင်ဘက်ပဲ။ ဒိန်ခဲမြို့ကလေးရဲ့ မျက်စိနောက်စရာ ကောင်းလောက်အောင် တောက်ပြောင်လွန်းပြီး ဆူညံနေတဲ့ ဝန်းကျင်အခြေအနေနဲ့ ရိုးရှင်းပြီး ငြိမ်းချမ်းသာယာတဲ့ ဒီနယ်မြေရဲ့ ပတ်ဝန်းကျင်အခြေအနေက နိဗ္ဗာန်နဲ့ ငရဲလို ပြောင်းပြန်ဖြစ်နေတာကလား။

ကျောင်းတော်ကြီးရဲ့ အတွင်းဘက်မှာ ဒိန်ခဲနဲ့ ဆောက်ထားတဲ့ နံရံကြီးတစ်ခုရှိတယ်။ ဒီနံရံကြီးကို နိုင်ငံအသီးသီး၊ နေရာဒေသအသီးသီးက ထွက်တဲ့ ဒိန်ခဲတွေနဲ့ တည်ဆောက်ထားတာလေ။ အဲဒီအပေါ်မှာတော့ ဝိဗ်ရဲ့ ရေးသားချက်တွေရှိတယ်။

http://www.herrythitsar.org



ပြောင်းလဲမှုဖြစ်ပေါ်တယ်။
ဒါပေမယ့် သင့်ဒိန်ခဲကို ဘယ်သူလာပြီး ရွှေ့ယူနေသလဲ။
အပြောင်းအလဲကို ကြိုမှန်းပါ။
သင့် ဒိန်ခဲကို လှမ်းကိုင်နေသူတွေကို သတိထား။

ပြောင်းလဲမှုကို စောင့်ကြည့်စစ်ဆေးပါ။
သင့် ဒိန်ခဲ ဟောင်းအိုသွားပစေ၊ ဒါပေမယ့် သင်က
ဒိန်ခဲနဲ့ အတူလိုက်ပြီး မအိုမဟောင်းပါစေနဲ့။

ပြောင်းလဲမှုကို မြန်မြန်ဆန်ဆန် ကျင့်သားရပါစေ။
သင့် ဒိန်ခဲဟောင်းကို အဆောတလျင် မစွန့်လွှတ်ပါနဲ့။
ဒိန်ခဲအသစ်က သင့်အတွက် အရေးကြီးလို့လား။
ဒါမှမဟုတ် သင်နှင့် သင့်တော်မှုတောင်ရှိရဲ့လား။

ပြောင်းလဲမှု။
ယုံကြည်ချက်တွေက ဒိန်ခဲထက် ပို အရေးကြီးတယ်။
ဒိန်ခဲ တစ်ဖဲ့အတွက် သင့်ဘဝ အမြင်ကို မစွန့်လွှတ်ပါနဲ့။

ပြောင်းလဲမှုကို ပျော်ရွှင်ခံစားပါ။
ဒိန်ခဲရဲ့ အကြောင်းပြချက်တွေကို သင့်စိတ်ထဲက
ဖယ်ထုတ် ပြီးတဲ့အခါ
သင်ဟာ ဝက်ပါထဲမှာ ဆက်ပြီး လည်မနေတော့ဘူး။

မြန်မြန်ဆန်ဆန် ပြောင်းလဲပစ်ဖို့ အသင့်ပြင်ထားပါ။
ဘယ်တော့မဆို ပြောင်းလဲမှု အသစ်ကို ပျော်ရွှင်ခံစားပါ။

http://www.herrythitsar.org



*မှတ်ချက်။*

အောင်မြင်သူတွေဟာ
မအောင်မြင်သူတွေရဲ့ ဒိန်ခဲကို ရွှေ့ယူပြီးရင်း
ရွှေ့ယူနေသူတွေဖြစ်တယ်။
မအောင်မြင်သူတွေကတော့ သူတို့ ဒိန်ခဲကို အမြဲတမ်း
အရွှေ့ခံနေရသူတွေဖြစ်တယ်။

သင့်ဒိန်ခဲတွေ အရွှေ့မခံရအောင်
ကာကွယ်စောင့်ရှောက်ပါ။
သင့်ဒိန်ခဲတွေကို ရွှေ့မယူဖို့ သူတို့ကိုပြောပါ။
ဒါပေမယ့် တစ်ယောက်ယောက်ရဲ့ ဒိန်ခဲကို ရွှေ့ယူလို့ရမယ့်
အခွင့်အလမ်းအတွက် အသင့်ပြင်ထားပါ။

ကမ္ဘာ့ ဒိန်ခဲထွက်နှုန်းဟာ အတိုင်းမဲ့ ဖြစ်ကောင်းဖြစ်မယ်။
ဒါပေမယ်. အတိုင်းအဆရှိတဲ့ သင့်ဘဝသက်တမ်းကို
အတိုင်းအဆမရှိတဲ့ ဒိန်ခဲ ရှာဖွေရေးလုပ်ငန်းထဲမှာ
မြှုပ်နှံထားချင်သလား။

နောက်ဆုံးတော့ ဝေဗာဟာ ဝိဗ်ကို အဲဒီတံတိုင်းကြီးရဲ့ နောက်ဘက်မှာ တွေ့သွားတယ်။ ဝိဗ်က ကျယ်ကျယ်ဝန်းဝန်းနဲ့ သက်သောင့်သက်သာ ရှိတဲ့ ဒိန်ခဲ လက်တန်း ကုလားထိုင်ကြီး တစ်လုံးပေါ်မှာ ထိုင်နေတယ်။ သူရှေ့မှာတော့ စားပွဲတစ်လုံး။

ဝေဗာက ဝိဗ်ကို နှုတ်ခွန်းဆက်တယ်။

'ဟဲလို ဝိဗ်၊ မင်းဒိန်ခဲတွေ မင်း ဘယ်လိုရှာတွေ့ထားလဲကွ'

ဝိဗ် မော့ကြည့်ပြီး ပြုံးပြတယ်။

http://www.herrythitsar.org



'မင်းထွက်သွားပြီးတဲ့နောက် အဲဒီ ပြဿနာကို ငါ့စိတ်ထဲမှာ အပြန်ပြန် အလှန်လှန် စဉ်းစားနေခဲ့တာကွ၊ ငါ့အားထုတ်မှုတွေဟာ အဓိပ္ပါယ်မဲ့ပြီး အကျိုးဖြစ်ထွန်းပုံ မပေါ်တဲ့အတွက် ငါသုံးလေးကြိမ် လက်လျှော့လိုက်သေးတယ်ကွ၊ ဝက်ပါထဲသွားပြီး ဒိန်ခဲရှာမယ့်အစား ဒီမှာပဲ ဆက်နေဖို့ ဆုံးဖြတ်လိုက်တဲ့ ငါ့ဆုံးဖြတ်ချက်ကိုရော ငါ့ကိုယ်ငါပါ တဖြည်းဖြည်း မယုံမကြည်ဖြစ်လာတော့တယ်၊ အဲဒီနောက် နီးနားဝန်းကျင်ကို လှည့်ပတ်ကြည့်တော့ ငါ့လိုလူစား အများကြီးဖြစ်နေတာတွေ့ရတော့တယ်။ မင်းတို့ ငါတို့လိုပဲလေ၊ တစ်ချိန်တုန်းကတော့ သူတို့ ဒိန်ခဲနဲ့ သူတို့ပေါ့၊ နောက်ပြီး ငါ့လိုပဲလေ၊ သူတို့ရဲ့ ဒိန်ခဲတွေကို ဘယ်လိုလုပ်ပြီး ဒီလောက်လွယ်လွယ်ကူကူနဲ့ မြန်မြန်ဆန်ဆန် ကြီးရွှေ့ပြောင်းယူသွားနိုင်ကြတာကို နားမလည်နိုင်ဘူး ဖြစ်နေကြတာကိုး။

'အဲဒီနောက် ငါနားလည် သဘောပေါက်သွားတယ်၊ ဘာကြောင့်လည်းဆိုတော့ ဒီမေးခွန်းတွေကို နားလည် သဘောပေါက်ဖို့ဆိုတာ ငါ့တာဝန်လေကွာ၊ ငါ့ဒိန်ခဲကို ဘယ်သူ ရွှေ့ယူသွားလဲ၊ ဒီဒိန်ခဲတွေ နေရာရွှေ့ယူရအောင် သူတို့မှာ ဘာအခွင့်အရေးရှိလို့လဲ၊ ဒိန်ခဲဟာ ငါတို့အတွက် အမှန်တကယ်ပဲ အရေးကြီးသလား၊ ဒိန်ခဲက ငါတို့လိုချင်တာမှန်သမျှကို ဖြည့်ဆည်းပေးနိုင်တယ်လို့ ငါတို့ တွေးလေ့ရှိခဲ့ကြတယ်။

'ဒါပေမယ့် အဲဒီအတွေး မှားနေပြီဆိုတာ ငါ သိမြင်ခဲ့တယ်၊ ဒိန်ခဲက မင်းကို ဥစ္စာဓနတွေ၊ ခင်မင်ရင်းနှီးမှုတွေ၊ အချစ်တွေ၊ နောက်ပြီး တခြားအရာတွေ အများကြီးဖြည့်ဆည်းပေးနိုင်တယ်၊ ဒါပေမယ့် အဲဒါတွေအားလုံး တပြိုင်တည်းတော့ မပေးနိုင်ဘူး၊ အဲဒီလို အစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ ဒိန်ခဲမျိုး တစ်တုံးတလေတောင်

http://www.herrythitsar.org



ကမ္ဘာပေါ်မှာမရှိဘူး၊ ဒိန်ခဲက ငါတို့ရဲ့ လိုအင်ဆန္ဒတွေကို ကိုယ်စား ပြုပေးတာအမှန်ပဲ၊ အဲဒီလို လိုအင်ဆန္ဒထဲက အချို့ဟာတွေကို ငါတို့ အမှန်တကယ် လိုအပ်တာ မဟုတ်ဘူး။

'ငါတို့အမြင်မှာ သူများခြံထဲက မြက်ဟာ ပိုစိမ်းနေတာ ချည်းပဲ၊ ဒါကြောင့် တစ်ယောက်ယောက်ရဲ့ ဒိန်ခဲဟာ ငါတို့ ဒိန်ခဲထက် ပိုကောင်းတယ်လို့ ငါတို့ အမြဲထင်ခဲ့ကြတယ်၊ ဒီတော့ သူ့ဒိန်ခဲကို လိုချင်ကြတယ်၊ နောက်ဆုံး သူ့ဒိန်ခဲ ရမယ်ဆိုရင် ကိုယ့်ဒိန်ခဲကို စွန့်လွှတ်ဖို့တောင် လိုလိုလားလား ရှိကြတယ်။

'လိုအင်ဆန္ဒတွေနောက်ကို တကောက်ကောက်လိုက်နေ တာ၊ ဖြည့်ဆည်းနေတာဟာ ကောင်းလည်း မကောင်းသလို၊ ဆိုးလည်း မဆိုးဘူး၊ ဒါပေမဲ့ ကွဲပြားခြားနားတဲ့ ဆန္ဒတွေဟာ သူ့ သဘာဝကိုက ဆန့်ကျင်ဘက် ဖြစ်နေလေ့ရှိတယ်၊ ဒါက ရမ္မက် တွေရဲ့ ဆင်ခြင်တုံတရားမဲ့မှုကြောင့်ဖြစ်ရတာ၊ မင်း ခင်မင်ရင်းနှီး မှုနဲ့ ဥစ္စာခနေကို တောင့်တကောင်း တောင့်တမယ်၊ အဲဒီနှစ်မျိုး ပြည့်ဝအောင် ဖြည့်ဆည်းတဲ့ နည်းတွေက တစ်နည်းနဲ့ တစ်နည်း ကွဲပြားဆန့်ကျင်နေတဲ့အခါကျတော့ မင်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရရော၊ ဒီတော့ မင်း ခင်မင်ရင်းနှီးမှုကို စွန့်လွှတ်မလား၊ ဒါမှမဟုတ် ဥစ္စာခနေကို စွန့်လွှတ်မလား။

'ဒါပေမယ့် မင်း သွားနဲ့ ကိုက်ဖြတ်သတ္တဝါတွေ၊ ဒါမှဟုတ် နိမ့်ကျတဲ့ တိရစ္ဆာန်တွေလို ရှင်သန်နေထိုင်မယ်ဆိုရင်တော့ မင်း အဲဒီလို စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရမှာ မဟုတ်ဘူး၊ ကြွက်တွေ ဆိုတာ အဲဒီ ခင်မင်ရင်းနှီးမှုတွေ၊ စည်းစိမ်ချမ်းသာတွေ တပ်မက် တာမှ မဟုတ်တာ၊ သူတို့ရဲ့ တစ်မျိုးတည်းရှိတဲ့ ရမ္မက်ဆန္ဒက တော့ ဒိန်ခဲတွေ တစ်ဖဲ့ပြီးတစ်ဖဲ့လွေးနေဖို့ပဲ၊ သူတို့ရဲ ဒိန်ခဲကစားဖို့

http://www.herrythitsar.org



ဝါးဖို့ သက်သက်ပဲ၊ လူတွေတောင့်တတဲ့ စိတ်ခံစားချက် ပြေပျောက်မှုတို့၊ စိတ်ဓာတ်ရေးရာ ပြည့်ဝမှုတို့ဆိုတဲ့ တန်ဖိုးတွေမပါဘူး။

'ဒါပေမယ့် တချို့လူတွေကတော့ ကြွက်တွေလို ကျင်လည်နေထိုင်ကြသကွ၊ သူတို့ဟာ ဒိန်ခဲရရေးသက်သက်အတွက် လှည့်ပတ် ပြေးလွှားလှုပ်ရှားကြတယ်၊ သူတို့ပိုင်တဲ့ ဒိန်ခဲကို သူတို့ယူစားသလို တခြားလူတွေ လက်ထဲက ဒိန်ခဲကိုလည်း လိပ်ပြာသန့်သန့်နဲ့ ယူစားတတ်ကြတယ်၊ လူတို့ရဲ့ရမ္မက်မျိုးတွေ ကပ်ငြိသွားတဲ့ ကြွက် တချို့တလေကတော့ သူတို့ရဲ့ ရှိစုမဲ့စုတွေ ပြုတ်ပြုတ်ပြုန်းတော့တာပေါ့'

'ဒါပေမယ်. မင့်ဒိန်ခဲတွေ မင်းဘယ်လို ရှာဖွေလို့ ရခဲ့လည်းဆိုတာ ငါ မသိသေးဘူးကွ'

လို့ ဝေဗာက ပြောတယ်။ ဒီတော့ ဝိဗ်က ရှင်းပြတယ်။

'အဲဒီ အမှန်တရားတွေကိုလည်း ကောက်ချက်စွဲပြီးရော အဲဒါတွေကို နံရံပေါ်မှာ ကမ္ပည်းတင်တော့တာပဲ၊ ငါပြောတာကို နာယူမယ့်သူ ဘယ်သူကိုမဆို ငါ ဟောပြောတော့တာပဲ၊ လူတော်တော်များများက ငါဟာ တွေးခေါ်ရှင်တစ်ဦးပဲလို့ ယုံကြည်စပြုလာတာပေါ့၊ ပြီးတော့ ငါ့ ဟောပြောချက်တွေကို လာပြီး နားထောင်ကြတယ်၊ နာယူမှတ်သားကြတယ်၊ အခု မင်းနောက် က နံရံကြီးဆောက်ဖို့ ဒိန်ခဲတွေတောင် ယူလာပေးကြသကွ။

'ဒီတော့ ငါ့ဘဝတစ်ခုလုံးဟာ ငါ့ဒိန်ခဲဖြစ်လာတယ်၊ တခြားလူတွေအတွက်တော့ ရမ္မက်ဆန္ဒတွေဟာ သူတို့ရဲ့ဒိန်ခဲ ဖြစ်နေတယ်၊ အဲဒါဟာ ငါ့ဘဝနဲ့ တခြားလူတွေရဲ့ ဘဝတွေ မတူတဲ့ ကွာခြားတဲ့အချက်ပဲ'

'ဒီမယ် ဝိဗ်၊ ငါ့မှာ ဒိန်ခဲတွေ အလျှံပယ် ရှိခဲ့ပါတယ်၊ ဒါပေမယ့် ငါ စိတ်မချမ်းသာခဲ့ဘူး၊ ငါ့ဒိန်ခဲတွေကို တခြားလူတွေ

http://www.herrythitsar.org



မောင်ပိုင်စီးသွားမှာ တစ်ရံမလတ် စိုးရိမ် ပူပန်နေခဲ့ရတယ်၊ နောက်ပြီး အသက်အရွယ်ကလေး ထောက်လာတာနဲ့အမျှ ဒိန်ခဲ အသစ်ရှာနိုင်စွမ်း ကျလာတယ်ကွ၊ ဒီတော့ကွာ ခုလောလောဆယ် ငါလိုက်သင့်တဲ့ အသင့်မြတ်ဆုံး လမ်းကြောင်းက ဘယ်လမ်းကြောင်းလဲ၊ ငါ ဘာလုပ်ရင်ကောင်းမလဲ'

ဝိဇ်က မြိန့်မြိန့်ကြီး ပြုံးပြီးပြောတယ်။

**'ငါကတော့ ဘဝထဲမှာပဲ ကျင်လည်နေထိုင်ဖို့ ရွေးချယ်တယ်ကွ၊ ငါရွေးချယ်လိုက်တဲ့ ငါ့ဘဝ၊ နောက်ပြီး အဲဒီဘဝထဲမှာ ပါဝင်နေတဲ့ နှစ်သက်ကြည်နူးစရာအားလုံးဟာ ငါ့ဒိန်ခဲဖြစ်လာတော့တယ်၊ ငါ့ဒိန်ခဲကို သူများ အပိုင်စီးသွားမှာ ငါမကြောက်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဒိန်ခဲဟာ ငါ့စိတ်ကူးတွေ၊ ငါ့ အတွေးအခေါ်တွေဖြစ်နေလို့ပဲ၊ စိတ်ကူးတွေ၊ အတွေးအခေါ်တွေကို ကူးယူလို့ရတယ်၊ မိတ္တူပွားလို့ရတယ်၊ ဒီတော့ ဒီစိတ်ကူးတွေ အတွေးအခေါ်တွေကို ဘယ်သူမှ ခိုးသွားလို့မရဘူး၊ ခိုးသွားချင်စိတ်လည်း မရှိဘူးကွ။**

**'ဒါပေမယ့် ငါတို့အထဲက တော်တော်များများမှာကတော့ ရမ္မက်ဆန္ဒတွေကို ရွေးချယ်ကြတယ်လေ၊ ဒီတော့ ဒိန်ခဲဆိုတာ အဲဒီ ရမ္မက်ဆန္ဒတွေ ပြည့်ဝမှုပဲ၊ သူတို့လက်ထဲမှာ ဒိန်ခဲတွေများများရှိလေ သူတို့ရဲ့ ရမ္မက်ဆန္ဒတွေ ပိုများလာလေပေါ့၊ ဒါပေမယ့် အဲဒီ ရမ္မက်ဆန္ဒတွေရဲ့ သဘာဝကိုက တစ်ခုနဲ့တစ်ခုဆန့်ကျင်နေတယ်၊ နောက်ပြီး မတူခြားနားတဲ့ ဒိန်ခဲတွေ တစ်ခုနဲ့တစ်ခု ပေါင်းစပ်လို့မရဘူး၊ မင်းလိုချင်ရင် တစ်မျိုး ဒါမှမဟုတ် တခြား တစ်မျိုးပဲရမယ်၊ နှစ်မျိုးစလုံးကတော့ မရဘူးဗျာ၊ နောက်ပြီး ဒိန်ခဲနောက်ကို တစ်ကောက်ကောက်ပါအောင်လိုက်ရင်း ကိုယ့်**

http://www.herrythitsar.org



**ဒိန်ခဲကို တခြားလူတွေမောင်ပိုင်စီး မသွားအောင်လည်း မကြာ မကြာ ကာကွယ်ရသေးတယ်။**

'ငါတို့ဟာ တခြားလူတွေရဲ့ ကံဆိုးမိုးမှောင်ကျမှုကို အခွင့်ကောင်းယူပြီး သူတို့ ဒိန်ခဲတွေကို ရွှေ့ပြောင်းယူချင်ယူကြမယ်၊ တို့ဟာ သူတို့ဒိန်ခဲတွေကို လိုအပ်ကောင်းမှလိုအပ်မယ်၊ ဒါမှမဟုတ် သူတို့ဒိန်ခဲရဲ့ အရသာဟာ တို့အကြိုက်နဲ့ ကိုက်ညီချင်မှ ကိုက်ညီမယ်၊ ဒါပေမယ့် တို့က မောင်ပိုင်စီးမြဲ စီးတာပဲ၊ ဘာကြောင့် ဒီလိုလုပ်ကြသလဲ၊ ဘာဖြစ်လို့လဲဆိုတော့၊ ရမ္မက်ဆန္ဒတွေကြီးစိုးနေတဲ့ ဒီကမ္ဘာလောကကြီးထဲမှာ တခြားလူတွေရဲ့ ရိုသေလေးစားမှုကို ရမယ်၊ ဩဇာတိက္ကမနဲ့ ဂုဏ်အဆင့်အတန်းတွေ ပိုင်ဆိုင်ချင်လို့ပေါ့'

'ဒီတော့ ရမ္မက်ဆန္ဒဟာ မကောင်းဘူးလို့ မင်းပြောနေတာလား'

'ငါ့ဆိုလိုရင်း အဲဒါ မဟုတ်ဘူး၊ ငါ့ဆိုလိုရင်းက ဒီလိုကွ၊ မင်း ရမ္မက်ဆန္ဒဆိုတဲ့ ဒိန်ခဲကို ရွေးချယ်လိုက်တဲ့အခါကျတော့ မင်းရဲ့ လက်ကျန်သက်တမ်းတစ်လျှောက်လုံး သတိဝီရိယ မလစ် ဟင်းစေဖို့အတွက် ကြိုတင်ပြင်ဆင်ထားရတော့မယ်၊ မင့်ကမ္ဘာကို ကြည့်လေ၊ ရမ္မက်ဆန္ဒတွေပေါ်မှာ တည်ဆောက်ထားတဲ့ ကမ္ဘာကြီး၊ ရွှေရောင်ဝင်းဝင်းတောက်နေတဲ့ မိုးမျှော်တိုက်ကြီးတွေ၊ အဝေးပြေးလမ်းမကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့ ဒိန်ခဲကမ္ဘာကြီးလေ၊ သွားလေရာတိုင်းမှာ ဒိန်ခဲနံ့ သင်းပျံ့မွှေးကြိုင်နေတဲ့ ကမ္ဘာပေါ့။

'ကဲ၊ မင်း ငါ့ကမ္ဘာကိုကြည့်စမ်း၊ ငါ့မှာ စားပွဲတစ်လုံးနဲ့ ဒိန်ခဲ လက်တန်းကုလားထိုင်တစ်လုံးပဲ ရှိတယ်၊ အပြင်က ဒိန်ခဲနံ့ရဲ့ကြီးကတော့ ဒီမှာနေသူ အားလုံးပိုင်တာ၊ **ငါတို့ဟာ စိတ်နှလုံးငြိမ်းချမ်းမှုကို ပျော်ရွှင်ခံစားကြရတယ်၊ ဘာဖြစ်လို့လဲဆိုတော့**

http://www.herrythitsar.org



**ငါတို့က ရုပ်ဝတ္ထုနဲ့ပတ်သက်တဲ့ ရမ္မက်ဆန္ဒတွေကို စွန့်ပယ်ထားလို့၊ အဓိပ္ပါယ်ကတော့ ဒိန်ခဲက ဆောင်ကျဉ်းပေးနိုင်တဲ့ ပျော်ရွှင်မှုတွေ၊ မေနဥစ္စာတွေ၊ စည်းစိမ်ချမ်းသာတွေ၊ ဝမ်းနည်း ကြေကွဲစရာတွေကို ပစ်ပယ်ထားတယ်ဆိုတဲ့ သဘောပဲ၊ အဲဒါတွေ အစားတို့က တွေးခေါ်မြော်မြင်မှုရဲ့ ကြည်နူးစရာတွေ၊နောက်ပြီး ဆင်ခြင်တုံတရားရှိတဲ့၊ ကိုယ့်ကျင့်တရားရှိတဲ့ သတ္တဝါတွေဆီမှာသာ တည်ရှိတတ်တဲ့ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းမှုကြောင့် ခံစားရတဲ့ ပိတိဖြာစရာတွေကို ပိုပြီးနှစ်သက်မက်မောကြတယ်’**

ဝေဗာ နေရောင်ခြည်ထဲကို လျှောက်သွားတယ်။ သူကော ဘယ်လို ကမ္ဘာမျိုးထဲမှာ အခြေချနေထိုင်ရမလဲဆိုတာ အသည်းအသန် စဉ်းစားကြံဆတယ်။ ဘရိုင်ကောင်တီမှာပဲ ဝိဗ်နဲ့ အတူနေရမလား၊ ဒါမှဟုတ် ဒိန်ခဲမြို့ကို ပြန်သွားမလား။ ဒိန်ခဲအသစ်တွေလိုက်ရှာပြီး ကိုယ်ပိုင်ဒိန်ခဲ စခန်းတစ်ခုတည်ဆောက်ရမလား။ ဘယ်လိုစနစ်မျိုး အောင်မြင်ဖြစ်ထွန်းလာအောင် အကောင်အထည်ဖော်မလဲ။ လူတိုင်းကို ဒိန်ခဲတစ်တုံးစီပေးထားပြီး ဒိန်ခဲ ရွှေ့ပြောင်းသယ်ယူတာကို တားမြစ်ပိတ်ပင်ရမလား။ အဲဒါဆို ဒိန်ခဲအသစ်အရှာထွက်ဖို့ လူတိုင်းကို လှုံ့ဆော် တွန်းအားပေးပြီးသား ဖြစ်သွားမလား။ တကယ်လို့ ဒိန်ခဲအသစ် ရှာလို့မတွေ့ဘူးဆိုရင် သာတူညီမျှမှုကို ထိန်းထားလို့ရပါ့မလား။

ဝေဗာက သူ့မေးခွန်းတွေကို ဝိဗ်ဆီမှာ မေးကြည့်တယ်။ ဒီတော့ ဝိဗ်က ပြန်မေးတယ်။

‘မင်း ‘လောဘ’ ဆိုတာကို ဘယ်လို အဓိပ္ပါယ်ဖွင့်မလဲ’

‘လောဘဆိုတာ ဘယ်တော့မှ မရောင့်ရဲနိုင်တဲ့ အနေအထားကို ပြောတာပေါ့’

http://www.herrythitsar.org



ဝိဗ်က ဝေဗာစကားကို ထပ်ပြီး အသေးစိတ်ရှင်းပြတယ်၊

**လောဘဆိုတာ အရာရာတိုင်းကိုလိုချင် တပ်မက်နေတာ မင်းလိုပေါ့၊ မင်းဆိုရင် မင်းရဲ့ရမ္မက်ဆန္ဒတွေ ပြည့်ဝစေချင်တယ်၊ ဒါပေမဲ့ အဲဒီနောက်က ကပ်ပါလာတဲ့ အနှစ်မဲ့မှုကိုတော့ မလိုလား ဘူး၊ မင်းက စိတ်နှလုံး ငြိမ်းချမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ပီတိ ကို ခံစားချင်တယ်၊ ဒါပေမယ့် အဲဒီပီတိကို ခံစားနိုင်အောင် ကြိုးစားရင်း ဖြစ်ထွန်းလာတဲ့ အထီးကျန်ဝေဒနာကိုတော့ သည်း မခံနိုင်ဘူး၊ အဲဒါလောဘပေါ့။**

**'ဒီကမ္ဘာလောကကြီးမှာ ပြီးပြည့်စုံတဲ့ အရာဆိုလို့ ဘာမှ မရှိဘူး၊ အဲဒီလိုပဲ ယောင်းအိုပျက်ယွင်းမသွားတဲ့ ဒိန်ခဲဆိုတာ မရှိဘူး၊ ဒါတောင် မင်းက ထာဝရ လတ်ဆတ် ကြိုင်သင်းနေတဲ့ ဒိန်ခဲမျိုးလိုချင်သေးတယ်၊ အဲဒါ ဘယ်တော့မှ မဖြစ်နိုင်တဲ့ကိစ္စ၊ မင်းအနေနဲ့ လူတစ်ပိုင်း ကြွက်တစ်ပိုင်းဖြစ်ချင်လို့ မရဘူးကွ'**

ဝေဗာက ဝိဗ်ကို ငေးငေးမောမောစိုက်ကြည့်နေပြီးမှ ပြော လိုက်တယ်။

'မင်း တကယ့်ကို တွေးခေါ်ရှင်ဖြစ်နေပြီကွ'

ဝိဗ်က သူ ပြောလက်စ စကားကိုဆက်ပြောတယ်။

'ရောနှောပေါင်းစပ်မှုတွေဖြစ်ပေါ်ပြီး ဒိန်ခဲအမျိုးအစား တစ်ခု ပေါ်ပေါက်လာနိုင်မလားဟင်'

ဝေဗာက အတွေးတစ်ခုတင်သည်။

'ပေါ်လာနိုင်ကောင်းပါတယ်'

အဲဒီနောက်တော့ ဝေဗာက ဝိဗ်ကို ကျောခိုင်းလိုက်တယ်။ ပြီးတော့ ကျောင်းတော်ကြီးထဲက ဒိန်ခဲနံ့ရဲဆီကို လျှောက်သွား တယ်။

http://www.herrythitsar.org



ဒိန်ခဲက ဘာကို အမှန်တကယ် ကိုယ်စားပြုသလဲ။

ဒိန်ခဲကို ပိုင်ဆိုင်နေခြင်းက ငါတို့ကို စိတ်ချမ်းသာစေ သလား။

တစ်ဦးတစ်ယောက်က အမှန်တကယ် လိုချင်တပ်မက်တာ ဘယ်လို ဒိန်ခဲအမျိုးအစားလဲ။

တစ်ယောက်ယောက်နဲ့ပဲ သက်ဆိုင်တဲ့ ဒိန်ခဲဆိုတာ ဘယ်လို ဒိန်ခဲ အမျိုးအစားလဲ။

တစ်ယောက်ယောက်ရဲ့ ဒိန်ခဲက ငါတို့ ဒိန်ခဲထက် ပိုကောင်းတယ်လို့ မကြာမကြာ ချင်ခြင်းတပ်မိတာ ဘာကြောင့်လဲ။

တခြားသူတွေက ဘာကြောင့် ငါတို့ ဒိန်ခဲကို အမြဲတစေ အပိုင်စီးချင်နေကြတာလဲ။

ငါတို့ဒိန်ခဲကို အပိုင်စီးခံရတဲ့အခါ အပိုင်စီးသူတွေကို ငါတို့ ခုခံ တိုက်ခိုက်သင့်သလား။

ဒါမှမဟုတ် ကြွက်တစ်ကောင်လို တွေးတောဆင်ခြင်မှုမပါ၊ အလိုအလျောက် တုံ့ပြန်တတ်တဲ့ စရိုက်နဲ့ ဒိန်ခဲအသစ် အရှာ ထွက်သင့်သလား။

ကမ္ဘာလောကကြီးထဲမှာ ဒိန်ခဲ ဘယ်နှစ်မျိုးရှိသလဲ။ ကမ္ဘာပေါ်မှာရှိတဲ့ ဒိန်ခဲအားလုံးကို ငါတို့ သိမ်းပိုက်ထားလို့ ရနိုင်ပါ့မလား။

ငါတို့ ဒီရုပ်လောကကြီးကို စွန့်ခွာတဲ့အခါမှာ ဒိန်ခဲက ငါတို့ကို ဘာတွေပေးအပ်နိုင်စွမ်း ရှိသလဲ။

အဲဒီစာတန်းတွေကို ဒိန်ခဲနံရံကြီးပေါ်မှာ ရေးခြစ်ပြီးတဲ့အခါ ဝေဗာဟာ ဘရိုင်ကောင်တီထဲက ထွက်လာပြီး ဝက်ပါထဲ ဝင်သွားတယ်။

သူ ဘယ်ကိုသွားမှာလဲ။

http://www.herrythitsar.org



သူ ပြန်လာဦးမှာလား။

သူ ဒိန်ခဲအသစ် လိုက်ရှာမှာလား။

ဒါဟာ သူ့ ခရီးအဆုံးလား၊ ဒါမှမဟုတ် နောက်ခရီးတစ်ခုရဲ့ အစလား။



# ဆွေးနွေးပွဲ

သူပြောနေသည့် ဇာတ်လမ်းကို နိဂုံးချုပ်လိုက်ချိန်တွင် သူတို့အားလုံးက သူ့ကို ပြုံးကြည့်နေကြကြောင်း စတီဗင် တွေ့လိုက်ရ၏။ တချို့ကဆို သူ့အား ကျေးဇူးတင်စကားပြောဖို့ မတ်တပ်ပင် ထရပ်ကြ၏။ စတီဗင်ပြောသည့် ဇာတ်လမ်းက သူတို့ကို တွေးစရာတွေ အများကြီးပေးသွားသည်လေ။

'ဒီဇာတ်လမ်းနဲ့ ငါတို့ဘဝတွေရဲ့ ဆက်စပ်မှုကို နောက်မှ ဆွေးနွေးကြရင် မကောင်းဘူးလား'

ဂွန်က အကြံပေးသည်။ သူတို့ အထဲမှ တော်တော်များများက သဘောတူလက်ခံသည်။ သည်ဇာတ်လမ်းနှင့် ပတ်သက်၍ သူတို့၏ထင်မြင်ချက်များကိုပြောပြဖို့ စိတ်ဝင်စားကြသည်။ သို့ဖြင့် ညစာစားပြီးမှပြန်ဆုံဖို့ ဆုံးဖြတ်လိုက်ကြသည်။

http://www.herrythitsar.org



ထိုညမှာပင် ဂေါက်ကလပ်ပိုင် ကျေးလက်စံအိမ်ကြီးတွင် သူတို့တတွေ စုဝေးကြ၏။အင်နာမှ မေးခွန်းတစ်ခု မေးခြင်းဖြင့် ဆွေးနွေးပွဲကို အစပျိုးလိုက်၏။

'ဒိန်ခဲမတွေ့မီက မင်းတို့နဲ့ ဒီဇာတ်လမ်းထဲက ဘယ်ဇာတ်ကောင်နဲ့ အတူဆုံးဖြစ်မလဲ၊ စလစ်လား၊ စကမ်ပါလား၊ ဝိဗ်လား၊ ဝေဗာလား၊ စပိုက်ဒါလား၊ ဒါမှမဟုတ် ဝှစ်စပါလား'

ကိုလ်းကဖြေသည်။

'ငါပိုင်ဆိုင်တဲ့ ဒိန်ခဲ မတွေ့မီကတော့ ငါဟာ ဝေဗာ့ အနေအထားမျိုးဖြစ်ခဲ့တယ်၊ ငါ့ရဲ့အစုစပ်လုပ်ငန်းရှင်က ကုမ္ပဏီရဲ့အမြတ်တွေကိုဝေစုများများရိတ်လို့ရအောင် ငါ့ရဲ့ အရေးပါ အရာရောက်မှုတွေ လျော့ပါးသွားအောင် အားထုတ်ခဲ့တယ်လေ၊ ဒီလူကငါ့ကို ဒုက္ခမရောက်အောင် တစ်ခါကယ်ခဲ့ဖူးတယ်၊ အဲဒီတော့ သူဟာ ငါ့ကျေးဇူးရှင်ဆိုတာ ငါမမေ့ပစ်လို့မရဘူး။

'ဒီတော့ ငါ့မှာ ဆုပ်စူးစားရူး အနေအထားမျိုး ကြုံရတော့တာပေါ့၊ ကုမ္ပဏီကရမယ့် ငါ့ရဲ့ အကျိုးအမြတ်တွေကို သူ့လက်ထဲထိုးအပ်လိုက်ရမလား၊ ဒါမှမဟုတ် သူ့ကို ရုံးတင် တရားစွဲရမလား၊ ငါ ဒုတိယနည်းကို ရွေးပြီး ငါ့လုပ်ငန်း ငါ အဖတ်ဆည်နိုင်ခဲ့တယ်၊ ဒါပေမယ့် အလွန်တော်တဲ့ အစုစပ်လုပ်ငန်းရှင်နဲ့ ကျေးဇူးရှင်တစ်ယောက်တော့ ငါ ဆုံးရှုံးလိုက်ရတယ်၊ ဒါဟာ အဆမတန်အရင်းအနှီးပေးပြီး ရလိုက်တဲ့ အောင်ပွဲပါ။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီလိုဖြစ်ပြီး နောက်ပိုင်းမှာ ငါအရမ်းကို လိပ်ပြာမသန့်တာ့လို့ပဲ။

'အဲဒီနောက် ငါ့မှာ ရှေ့မတိုးသာ နောက်မဆုတ်သာနဲ့ အကျပ်အတည်းတစ်ခုကြုံရသေးတယ်ဗျာ့၊ စီးပွားရေးတွေကျဆင်းနေတဲ့ ကာလဆိုတော့ ငါ့အမှုထမ်းတွေ တော်တော်များများကို အလုပ်ထုတ်ရတော့မယ်လေ၊ ငါ သူတို့ကို ပြောပြရတယ်၊ ငါ့

http://www.herrythitsar.org



ကုမ္ပဏီမှာတော့ ဒိန်ခဲ မရှိတော့ဘူး၊ ဒီတော့ သူတို့အနေနဲ့ ရေကြည်ရာမြက်နုရာကိုသွားပြီး ဒိန်ခဲရှာကြရလိမ့်မယ်လို့၊ ငါက ငါ့စီးပွားရေးလုပ်ငန်းကို အသက်ဆက်နိုင်အောင် လုပ်ဆောင်မှု ကုန်ကျစရိတ်တွေ လျှော့ချဖို့ ဒီလိုလုပ်ရတာလေ။

'ရာထူးကြီးကြီးအမှုထမ်းတွေထဲက အကြီးအကျယ် စိတ်ထိခိုက်နေတဲ့ မျက်နှာတစ်ခုကို ငါမှတ်မိနေသေးတယ်၊ သူ အလုပ်ထွက်ရမယ့်နေ့ကျတော့ သူ ငါ့ရုံးခန်းထဲဝင်လာပြီး ပြောပြတယ်၊ 'ကံကောင်းပါစေ ကိုးလ်၊ ကျွန်တော်ဟာ ဒီကုမ္ပဏီကို ကျွန်တော့် ဒိန်ခဲလိုပဲ သဘောထားပြီးအလုပ်လုပ်ခဲ့တယ်၊ ခုတော့ ကျွန်တော့်အမှားကို ကျွန်တော် သဘောပေါက်ပါပြီ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကုမ္ပဏီဟာ ကျွန်တော့်ကုမ္ပဏီမှ မဟုတ်ဘဲ၊ ခုတော့ ကျွန်တော့် မိန်းမနဲ့ သားသမီးတွေအတွက် ဒိန်ခဲအသစ်ရှာပုံတော် ဖွင့်တော့မယ်လေ၊ ဒါပေမယ့် ကျွန်တော့် ကလေးတွေကိုတော့ သူတို့အဖေကြီးလို မဖြစ်အောင် သတိထားကြဖို့ ပြောပြရမယ်၊ သူတို့အဖေကြီးက သူများဒိန်ခဲကို ကိုယ့်ဒိန်ခဲလို သဘောထားပြီး ဒိန်ခဲ ပိုင်ရှင်ကို နောက်ထပ် ဒိန်ခဲတွေရအောင်တောင် ကူရှာပေးခဲ့တဲ့ ငတုံးကြီးလေ၊ ကျွန်တော်ပြောတာ မှတ်ထားလိုက်ပါ ကိုးလ်၊ ခင်ဗျား ဒိန်ခဲတွေရှာဖွေတွေ့ဖို့ ကျွန်တော် ကူညီခဲ့တယ်၊ ဒီတော့ ခင်ဗျား ဒိန်ခဲတွေထဲက နည်းနည်းကလေး ဖြစ်ဖြစ်ကတော့ ကျွန်တော်ပိုင်တယ်ဗျ' တဲ့။

'ငါ အကြီးအကျယ် စိတ်ထိခိုက်ရတယ်ဟာ၊ ဒါနဲ့ လူလျှော့တဲ့ အစီအစဉ်ကို ချက်ချင်းရပ်ပစ်တော့မလို့တောင် ဖြစ်မိတယ်၊ ဒါပေမယ့် လူလျှော့ရေး လုပ်ငန်းစဉ်က ပြီးတောင်ပြီးနေပြီ၊ သူ ငါ့အခန်းထဲကနေ တုံ့ဆိုင်းတုံ့ဆိုင်းနဲ့ ထွက်သွားတာကိုပဲ ကြည့်နေလိုက်ရတော့တယ်၊ ငါလေ မငိုမိအောင် စိတ်တင်းထား

http://www.herrythitsar.org



တယ်၊ ဒါပေမဲ့ ငါ့မျက်ရည်တွေကို ထိန်းထားလို့မရခဲ့ဘူး၊ ငါက ကြွက်မဟုတ်ဘူးလေ၊ စိတ်ချမ်းသာမှုဆိုတာကို ဒိန်ခဲပေါ်မှာပဲ အခြေခံထားတဲ့ ကြွက်တစ်ကောင်မှ မဟုတ်ဘဲ'

စတီဗင် ပြုံးလိုက်တယ်။ ပြီးတော့မှပြောတယ်။

'မင်းမျက်ရည်တွေကျခဲ့ပေမယ့်လည်း မင်းကိုယ်မင်းခွင့်လွှတ်ခဲ့တာပဲ မဟုတ်လား၊ သူတွေ့ကြုံရတဲ့ အကျပ်အတည်းအတွက် မင်းမှာ တာဝန်ရှိတယ်လေ၊ မင်း မထင်ဘူး မဟုတ်လား၊ မင်းရဲ့ အစုစပ် လုပ်ငန်းရှင်ကော၊ မင်းအပေါ် သစ္စာရှိတဲ့ မင်းအမှုထမ်းပါ မင်းဒိန်ခဲလောက် အရေးမကြီးဘူး မဟုတ်လား'

'ဟုတ်တယ်၊ ငါက သူတို့ဒိန်ခဲကို နေရာရွှေ့ရတော့မယ် လေ၊ မဟုတ်ရင် ငါ့ဒိန်ခဲ ပျောက်ဆုံးသွားမှာပေါ့၊ ငါ့အနေနဲ့ အမြဲမပြတ် သတိဝီရိယ ရှိနေရမယ်လေ'

ဂျွန်က ခုမှဝင်ပြောတယ်။

'စလစ်အကြောင်း ကြားရတော့၊ ကောင်မလေး တစ်ယောက်ကို အချစ်ကြီးချစ်သွားမိတဲ့ ငါ့သူငယ်ချင်းတစ်ယောက်ကို သတိရမိတယ်ကွ၊ ကောင်မလေးရဲ့ အပြုအမူ၊ အပြောအဆို၊ အနေအထိုင် အားလုံးက သူက ငါ့သူငယ်ချင်းကို ချစ်တာမဟုတ်ဘူး၊ သူငယ်ချင်းရဲ့ငွေကိုပဲ မက်တယ်ဆိုတာ ဖော်ပြနေတယ်၊ ဒါပေမယ့် ဒီကောင်က အဲဒါတွေကို ဥပေက္ခာပြုထားပါကလား၊ သူက သူ့ကောင်မလေးကို သူ့ကုမ္ပဏီမှာ အမှုဆောင်အရာရှိ တစ်ဦးရဲ့ လုပ်ပိုင်ခွင့်တွေပေးထားတယ်၊ ကောင်မလေးက သူ့ရဲ့ အခွင့်အာဏာအားလုံးကို ပြောင်ပြောင်တင်းတင်းပဲ အလွဲသုံးစား လုပ်တယ်၊ ကုမ္ပဏီရဲ့ အထက်လွှာလူကြီးပိုင်းက ဒီမိန်းကလေးရဲ့ လုပ်ရပ်တွေကို သည်းမခံနိုင်ဘူး၊ ဒီတော့ တစ်ယောက်ပြီး တစ်ယောက် အလုပ်ထွက်ကုန်ကြရော။

http://www.herrythitsar.org



'ပြဿနာပေါင်း သောင်းခြောက်ထောင် ပေါ်နေပေမယ့်လည်း ငါ့သူငယ်ချင်းက သူ့ပိုင်ဆိုင်မှု အားလုံးထက် အချစ်က ပိုပြီး တန်ဖိုးရှိတယ်လို့ ယုံကြည်ခဲ့တယ်၊ သူက အချစ်အတွက်ဆိုရင် သူ့စည်းစိမ်ဥစ္စာတွေနဲ့ သူ့ကုမ္ပဏီကို ရင်းပစ်ဖို့ လိုလိုလားလား ရှိတဲ့ကောင်ကွ၊ ကောင်မလေးက သူ့ကို ပစ်မသွားမီ ကုမ္ပဏီရဲ့ ရပိုင်ခွင့်အားလုံးကို ကျုံးယူသွားတယ်၊ ပြီးတော့ ဘဏ္ဍာတိုက်ကို တံမြက်လှဲသလို ပြောင်တလင်းခါအောင် အပြတ်ရှင်းသွားတယ်၊ ငါ့ သူငယ်ချင်းဟာ လူရော စိတ်ပါ ဖွတ်ဖွတ်ညက်ညက်ကြေပြီး တကယ့်အရှိတရားကို ရင်မဆိုင်နိုင်ဘူး ဖြစ်နေရှာတယ်ကွာ'

ယခုတစ်ခါ စကားပြောသူမှာ ဂျက်စီကာ။

'ငါ့ဒိန်ခဲတွေ အကြိမ်ကြိမ်အခါခါ အရွှေ့အပြောင်း ခံခဲ့ရဖူးပါတယ်၊ ဒါပေမယ့် ငါဘယ်တုန်းကမှ မကြောက်ခဲ့ဘူး၊ ငါက ဒိန်ခဲအသစ်တွေရဖို့အတွက် အဟောင်းတွေတောင် စွန့်လွှတ်ခဲ့သေးတာပဲဟာ၊ ငါ ငယ်သေးတယ်၊ ပညာတွေ အများကြီးတတ်ထားတယ်၊ နောက်ပြီး ဘယ်တော့မဆို ဒိန်ခဲအသစ်ကို မတွေ့တွေ့အောင် ရှာနိုင်စွမ်းရှိခဲ့တယ်။

'ဒါပေမယ့် ခုခါမှာတော့ ငါ သတိကြပ်ကြပ်ထားရတော့မယ်၊ ဘာဖြစ်လို့လဲ၊ သိလား၊ ငါ စကမ်ပါလို အဖြစ်ဆိုးနဲ့ကြုံရမှာ ကြောက်နေပြီလေ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တစ်ယောက်ယောက်က ငါ့ကို ပြောကောင်း ပြောလာလိမ့်မယ်၊ 'ဒီကုမ္ပဏီကို ညည်းဦးစီးနေတာ မဟုတ်တော့ဘူး၊ ဒီတော့ ညည်းဘာသာညည်း ဒိန်ခဲအသစ်ရှာပုံတော် ထွက်ချေတော့' လို့ ငါက အရွယ်ကလေး နည်းနည်းလွန်လာပြီ၊ ငါ့နောက်မှာ ကလေးတွေတစ်တန်းတန်းနဲ့၊ ငါ ငယ်ငယ်တုန်းကလို လှည့်ပတ်ပြေးလွှားနေဖို့ သိပ်လွယ်တော့မှာ မဟုတ်ဘူးတဲ့'

http://www.herrythitsar.org


ဂွန်မှ အပ သူငယ်ချင်းအားလုံး ရယ်မောကြတယ်။

'အဲဒါဟာ ငါတို့ပြောနေတဲ့ အကြောင်းအရာရဲ့ အရှင်းရ အခက်ဆုံးအပိုင်းဖြစ်နိုင်တယ်' ဟု ဂွန်က ပြောသည်။ 'ငါတို့ အားလုံး ဧရာမ ဒိန်ခဲတုံးကြီးတွေရှိပြီး အောင်မြင်နေသူတွေချည်း ပဲ၊ ဒါပေမယ့်လည်း အဲဒါတွေကို တစ်နေ့နေ့မှာ နေရာအရွှေ့ခံ လိုက်ရလေမလားလို့ ငါတို့အားလုံး စိတ်ချောက်ချားနေကြတယ်၊ တကယ်လို့ အရွှေ့အပြောင်းခံလိုက်ရရင် ငါတို့လို အဘိုးကြီး အဘွားကြီးပေါက်စတွေ အနေနဲ့ ဝက်ပါထဲဝင်ပြီး ဒိန်ခဲ အရှာ ထွက်ဖို့ အရမ်းခက်သွားတော့မယ်လေ။

**'ဒါပေမယ့် ငါတို့ရဲ့ လက်ရှိအောင်မြင်မှုတွေဟာ ဒိန်ခဲဟောင်း တွေကို လက်လွှတ်နိုင်လို့ မဟုတ်ဘူး၊ ဒါပေမယ့် အခြားလူတွေရဲ့ ဒိန်ခဲတွေကို ရွှေ့ပြောင်းယူနိုင်လို့ဆိုတာကို တို့ရင်ထဲ အသည်းထဲက သိနေကြတယ်ကွ။**

'ဒီမှာ တို့ပြောနေတာတွေကို နားထောင်ဖို့ ငါတို့ မိသားစု ဒီအနီးမှာ ရှိနေစေချင်တယ်ကွာ၊ ငါ့ညီတော်မောင်လည်း ငါနဲ့ လမ်းခွဲမယ့်အစား ငါလုပ်ခဲ့တဲ့ ငါ့လုပ်ရပ်ကို နားလည် သဘော ပေါက်စေချင်တယ်၊ သူ့နည်း သူ့ဟန်အတိုင်းသာ ငါ လိုက်လုပ်မိ ရင် ငါတို့ ဖွတ်ကျောပြာစုဖြစ်မှာပဲ၊ ငါတို့အိမ်ကို ရောင်းလိုက် ရတယ်၊ နောက်ပြီး တန်ဖိုးရှိတာမှန်သမျှ တစ်ခုမကျန် ချရောင်းခဲ့ ရတယ်၊ ငါတို့ရဲ့ မိသားစုပိုင် စီးပွားရေးလုပ်ငန်းကြီးကို အသက် ဆက်အောင်လုပ်ဖို့လေ'

'ဘယ်လိုဖြစ်ကြတာလဲ'

ဂျက်စီကာက ဝင်မေးသည်။

'ငါ့ညီက ဇာတ်လမ်းအစပိုင်းတုန်းက ဝေဗာလိုပဲပဲ့၊ သူက တို့ကုမ္ပဏီကို ပိုကြီးတဲ့ ကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်း ဆောင်ရွက်ရေး

http://www.herrythitsar.org



ကို ကန့်ကွက်ခဲ့တယ်၊ ကုမ္ပဏီကြီးက လက်ဝါးကြီးအုပ်သွားမယ် ဆိုတဲ့ အကြောင်းပြချက်နဲ့လေ၊ ပူးပေါင်းဆောင်ရွက်ခြင်းရဲ့ အကျိုး ဆက်တွေကို နင် သိလား၊ ကုမ္ပဏီကြီးက တို့နဲ့သာ မဟုတ်ဘူး၊ နောက်ထပ် တခြားကုမ္ပဏီတွေနဲ့ပါ ပူးပေါင်းမယ်၊ ပြီးတော့ ငါ တို့ကို လည်ပင်းညှစ်ပြီး ဈေးကွက်ထဲက မောင်းထုတ်ပစ်မယ် ပေါ့ဟယ်၊ ဗုစ်စပါနဲ့ စလစ်တို့ တွဲဖက်လုပ်ငန်းရှင်လည်းဖြစ်ရော ဝေဗာကို ဘဝပျက်အောင် လုပ်လိုက်သလိုလေ။

'ငါက ငါ့ညီကို ဘုတ်အဖွဲ့ကနေ မထုတ်ပယ်ချင်ဘူး၊ ဒါပေမယ့် ကြံရာမရတော့တဲ့ အဆုံးမှာ သူ့ကို ထုတ်ပစ်လိုက်ရ တယ်၊ ငါ့မှာ ရွေးစရာလမ်းမရှိဘူးလေ၊ မိသားစုပိုင်လုပ်ငန်းဟာ နှစ်ပေါင်းများစွာကြာအောင် သွေးနဲ့ ချွေးနဲ့ ရင်းပြီး ဖြစ်တဲ့နည်းနဲ့ တတိတိ ရှာဖွေထားရတဲ့ ဒိန်ခဲတစ်ဖဲ့ကွ'

'နင်သူ့ကို ထုတ်ပစ်လိုက်ပြီလား'

'အင်း၊ ထုတ်ပစ်လိုက်ပြီ၊ ဘုတ်အဖွဲ့ကနေ ဖယ်ရှားပစ် လိုက်ပြီ၊ ငါ သူ့ကို ပြောခဲ့တယ်၊ 'ဒိန်ခဲသစ်တွေ ရှာတွေ့ဖို့ ယုံကြည်ချက် အသစ်တွေမွေး'လို့၊ ရုံးခန်းထဲက ဒေါ်နဲ့မောနဲ့ ထွက်သွားတဲ့ သူဟာ တန်ဖိုးကြီး ရှေးဟောင်းပစ္စည်း တစ်ခုကို တိုက်ချပြီး ဖျက်ဆီးပစ်ခဲ့သေးတယ်လေ၊ အဲဒီအချိန်မှာပဲ ဘာဖြစ် သွားပြီလဲဆိုတာ ငါ သဘောပေါက်လိုက်တယ်။

'ငါဟာ ငါ့ဒိန်ခဲကို ကာကွယ်စောင့်ရှောက်လိုက်တာပဲ၊ ဒါပေမယ့် အဲဒီတစ်ချိန်တည်းမှာပဲ ရှိတာအားလုံးကို လက်လွှတ် ဆုံးရှုံးလိုက်ရတယ်၊ ငါ ကာကွယ်စောင့်ရှောက်လိုက်တဲ့ ဒိန်ခဲက ငါ့မိသားစုပိုင် စီးပွားရေးလုပ်ငန်းကြီး၊ အဲဒီအချိန်မှာ ငါ လက်လွှတ် ဆုံးရှုံးလိုက်ရတဲ့ ဒိန်ခဲကတော့ ငါ့ညီနဲ့ ငါနဲ့ ဆက်ဆံရေးပဲ၊ ငါ

http://www.herrythitsar.org



ဒိန်ခဲနှစ်မျိုးစလုံးကို ဆုပ်ကိုင်ထားလို့ မရဘူးလေ၊ တစ်ခုကိုတော့ စွန့်လွှတ်ရမယ်၊ ဒါ ရှောင်လွှဲလို့ရတဲ့ အနေအထား မဟုတ်ဘူး'

စီးပွားရေး လုပ်ငန်းရှင် တစ်ဦးအဖြစ် အောင်မြင်နေသော လော်ရာက တစ်ချိန်လုံး တိတ်တိတ်ဆိတ်ဆိတ် နေရာက ယခုမှ စကားဝင်ပြောသည်။

'ဒီပြဿနာအကြောင်းကို တစ်နေ့ခင်းလုံး ငါစဉ်းစားနေတာ ဟဲ့၊ ဝိဇ်တစ်ယောက် သူ့ရဲ့ စိတ်အေးချမ်းမှုကို ဘယ်ပုံ ဘယ်နည်း ထိန်းသိမ်းထားလဲ ဆိုတာတော့ ငါမသိဘူး၊ ငါကတော့ ငါ့လုပ်ငန်းကို ဖြစ်တဲ့နည်းနဲ့ ကာကွယ်စောင့်ရှောက်မှာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒါဟာ ငါ့ဒိန်ခဲ၊ ငါနှစ်ပေါင်းများစွာ ကျုံးရုန်း ရှာဖွေရင်းရဲ့ ရလဒ်မို့လို့ပဲ၊ ဒီတော့ဟယ်၊ တို့ပိုင်တဲ့ ဒိန်ခဲကို လွယ်လွယ်ကူကူ လေး စွန့်လွှတ်ချင်ကြပါ့မလား၊ ငါတို့ဟာ ခြောက်ပစ်ကင်းတွေ မဟုတ်ဘူးနော်၊ ကမ္ဘာပေါ်မှာ ဘာဆိုဘာမှ ခြောက်ပြစ်ကင်းတာ မရှိဘူး။

'ငါ့အခက်အခဲတွေ ဖြေရှင်းဖို့အတွက် **ငါက ဗုစ်စပါလိုပြုမူ ခဲ့ရတယ်၊ ဗုစ်စပါက သူများထက် သာချင် ကျော်ချင်တဲ့ အတွက် စကမ်ပါရဲ့ ဒိန်ခဲတွေကို မောင်ပိုင်စီးခဲ့သူလေ၊ ငါဟာ စပိုက်ဒါ ကတဲ့ ကကွက်မျိုးလည်း ကခဲ့ဖူးတယ်ဟဲ့၊ မိန်းမ မာယာတွေသုံးပြီး တခြားသူတွေကို လှည့်ဖြားခဲ့တာမျိုးပေ့ါ'**

တဒင်္ဂမျှ နှုတ်ဆိတ်နေပြီးမှ လော်ရာ စကားဆက်သည်။

'အပြစ်မကင်းဘူး၊ လိပ်ပြာ မသန့်ဘူးလို့ တို့စိတ်ထဲက ထင်နေတဲ့ ကိစ္စတွေကို မလုပ်ဘဲ နေခဲ့တဲ့လူ ငါတို့အထဲမှာ ဘယ်နှယောက်ပါသလဲ၊ ပြောကြပါဦး'

တစ်ယောက်မျှ မလှုပ်ကြ။ သည်တော့ လော်ရာက အကြံ ပြုသည်။

'လက်ထောင်ပြီး အဖြေပေးကြရင် မကောင်းဘူးလား'

လက်မြှောက်ပြသူ တစ်ဦးတည်းရှိသည်။

'ဟုတ်ပြီ၊ တို့အထဲက အနည်းဆုံး တစ်ယောက်ကတော့ ဖြောင့်မတ်မှန်ကန်တဲ့ ဘဝနဲ့ နေခဲ့တယ်ပေါ့ဟာ'

လော်ရာက ဆက်ပြောသည်။

'ခု မေးမယ့် မေးခွန်းကိုတော့ ဖြေနိုင်ကြမှာပါ။ ကိုယ့်ဒိန်ခဲကို ကာကွယ်ဖို့ တခြား တစ်ယောက်ယောက်ရဲ့ ဒိန်ခဲကို နေရာရွှေ့ခဲ့သူ ဘယ်သူရှိလဲဟေ့'

သည်တစ်ချီတော့ လူတိုင်းနီးပါး လက်ထောင်ပြသည်။ လက်တွေထောင်လာသည်ကို မြင်တော့ အားလုံး ရယ်မောကြသည်။

'ဒါက တို့ကို ဘာတွေပြောပြနေလဲ'

'ငါတို့ရဲ့ ဒိန်ခဲကို လွယ်လွယ်ကူကူလေး လက်မလွှတ်လိုက်ဘူး၊ အဲဒီလို လက်လွှတ်မယ့်အစား တစ်ယောက်ယောက်ရဲ့ ဒိန်ခဲကိုသာ မောင်ပိုင်စီးမယ်'

ဂွန်က ပြန်ပြောသည်။

'အဲဒါ အမှန်ပဲ'ဟု စတီဗင်က အတည်ပြုသည်။ 'တစ်ခါတလေကျတော့ တို့ရဲ့ ဒိန်ခဲကို ကာကွယ်စောင့်ရှောက်ဖို့ တခြားလူတွေရဲ့ ဒိန်ခဲတွေကို နေရာရွှေ့နေမိတာ၊ ကိုယ့်ဘာသာကိုယ်တောင် သတိမထားမိဘူး၊ ဇာတ်လမ်း ခေါင်းစဉ်တပ်ထားပုံက အရမ်းကောင်းပါတယ်၊ **ဘယ်သူ့ဒိန်ခဲ ငါ နေရာရွှေ့လို့ရမည်လဲ** ဆိုတာလေ။

'အောင်မြင်မှု ရရာရကြောင်းအတွက် ငါတို့ဟာ တစ်စုံတစ်ယောက်ရဲ့ ဒိန်ခဲကို ရွှေ့ယူကြရမှာပဲ၊ နောက်ပြီး ဒီအချက်က

http://www.herrythitsar.org



ငါတို့ ဒိန်ခဲတွေကိုကြည့်ပြီး အငမ်းမရ ဖြစ်နေသူတွေကို ပြင်းပြင်း ထန်ထန် သတိပေးလိုက်ရာလည်း ရောက်တယ်ကွ၊ ငါတို့ရဲ့ ဒိန်ခဲ တွေကို အပိုင်စီးမခံနိုင်ဘူးဆိုတဲ့ အကြောင်းလေ’

ယခုတစ်ခါ ပြောသူမှာ ဂျက်စီကာ။

‘ဒီဇာတ်လမ်းကနေ ငါ ရလိုက်တဲ့ သင်ခန်းစာကတော့ စဉ်ဆက်မပြတ် ဒိန်ခဲရှာနေဖို့ အပြေးဝတ်စုံတွေဝတ်၊ အပြေးဖိနပ် စီးနေရတာကိုတော့ ဘယ်သူမှ မနှစ်မြို့ဘူးဆိုတာပဲ၊ ဒါပေမယ့် လည်း ကမ္ဘာပေါ်မှာ အဲဒီလိုလုပ်မယ့်လူတွေ ရှိနေဖို့လိုတာပဲ။

‘ဒီကြားထဲမှာ စလစ်နဲ့ ဝှစ်စပါလို ငလည်တွေလည်းရှိတယ်၊ သူတို့အတွက် တခြားသူတွေက ရှာပေးရတာလေ သူတို့ ကတော့ လက်ကလေးတစ်ချောင်းတောင် လှုပ်ဖော်မရဘဲ ဒိန်ခဲ တွေ တစ်နေ့တခြား တိုးပွားလာကြတာရှင့်၊ ဒါကြောင့် ကျွန်မ အင်တာနက်လောကထဲဝင်ခဲ့တာ၊ ကျွန်မအတွက် ဒိန်ခဲကို တခြား လူတွေက ရှာပေးခိုင်းရအောင်ပေါ့၊ ဒါပေမယ့် ခုနောက်ပိုင်းမှာ တော့ ငါ စိုးရိမ်သောကတွေ ပွားလာပြီဟဲ့’

‘ဒိန်ခဲ အသစ် မရှာနိုင်မှာကိုလား’

‘မဟုတ်ဘူး၊ ဝှစ်စပါလို ဇာတ်သိမ်းရမှာကို စိုးရိမ်တာ၊ အင်တာနက်ကုမ္ပဏီ တော်တော်များများဟာ အများပြည်သူပိုင် မလုပ်ခင် ဘုတ်အဖွဲ့ဝင် အတန်အသင့်ကို ဖြုတ်ပစ်လေ့ရှိတယ်၊ ဒါဟာ အုပ်ချုပ်ရေးပိုင်းကို နုပျိုလန်းဆန်းနေအောင် သွေးသစ် လောင်းပေးတဲ့ သဘောမျိုးပဲ၊ ဝှစ်စပါ ကြုံရသလိုမျိုး ငါ့ကို အဖြုတ်ခံလိုက်ရရင် ငါ ဘယ်လိုတုံ့ပြန်ရမလဲ၊ ဝေဗာ လုပ်ခဲ့သလို မဟာဗျူဟာအသစ်တွေ ချမှတ်ရမလား၊ ဒါမှမဟုတ် အဖြစ်သနစ် ကြီးတစ်ခုလုံးကို မေ့ပစ်ပြီး ဝိဗ်လို တိတ်ဆိတ်အေးချမ်းတဲ့ ဘဝလေး တည်ဆောက်ရမလား။

http://www.herrythitsar.org



'တို့တွေ အားလုံး ဝှစ်စပါလိုချည်းပါပဲဟာ၊ ကံအလှည့် ကလေး တစ်ချက်သင့်တာကြောင့် ငါတို့ရဲ့ ဒိန်ခဲမြို့တွေ ဖြစ်ထွန်း လာအောင် တည်ထောင်နိုင်ခဲ့ကြတယ်လေ၊ အဲဒီအခါကျ ဒီလို အခွင့်အရေးမျိုးရတာ တန်ခိုးရှင်တွေရဲ့ စောင်မမှုလို့ တွေးကြရော၊ ငါတို့ဟာ အထုံပါရမီပါသူတွေလို့ ယုံကြည်လာပြီး အဲဒီအတိုင်း ကျင့်ကြံနေထိုင်ကြတယ်လေ၊ ငါတို့ရဲ့ အောင်မြင်မှုတွေအတွက် လှည့်ပတ်ပြီး ဝါကြွ ကြွားကြတယ်၊ ပြီးတော့ ငါတို့လက်အောက် တပ်သားတွေရဲ့ ဒိန်ခဲတွေကို နေရာရွှေ့ယူရာမှာ အသုံးချလို့ရမယ့် ကိုယ်ပိုင် စည်းမျဉ်းဥပဒေတွေ ရေးဆွဲသတ်မှတ်ကြတယ်၊ ငါတို့ရဲ့ ဒိန်ခဲတွေကော ရွှေ့ပြောင်းယူသွားမှာကို တို့ မကြောက်ကြဘူး လား၊ တကယ်လို တန်ခိုးရှင်တွေရဲ့ မျက်နှာသာပေးခြင်း မခံရ တော့ဘဲ တို့ရဲ့ ဒိန်ခဲတွေ အရွှေ့အပြောင်းခံရပြီဆိုရင် ဒါဟာ ဒိန်ခဲ အသစ်ရှာဖွေတွေ့ရှိဖို့ အခွင့်အလမ်း ဖန်လာတာပဲလို့ ယူဆ ကြမလား။

**'ငါတို့ရဲ့ ဘဝတွေမှာ ငါတို့အတွက် ဒိန်ခဲ ဘယ်နှစ်တုံး ရှိမှာလဲ၊ လျှောက်ရှာနေရုံ သက်သက်နဲ့ ဒိန်ခဲသစ်တွေ တွေ့လိမ့် မယ်လို့ ငါတို့ ကံသေကံမ ပြောနိုင်ပါ့မလား။** ငါတို့တတွေ စပိုက်ဒါ နည်းလမ်းတွေအသုံးမချဘဲ ဘယ်လိုလုပ်ပြီး နောက်ထပ် ဒိန်ခဲတွေရလာအောင် ကြံဆောင်လို့ရမလဲ၊ နောက်ပြီး လက်ရှိ ဒိန်ခဲတွေကိုကော လိပ်ပြာသန့်သန့်နဲ့ ဘယ်လိုအရသာခံ သုံးစွဲ နိုင်ပါ့မလဲ။

'ငါဟာ ဒီကနေ့ အမှုဆောင်အရာရှိချုပ် ဖြစ်ကောင်းဖြစ် နေမယ်၊ ဒါပေမယ့် မနက်ဖြန်ဆို ငါ မြောင်းထဲ ရောက်ချင် ရောက်နေမယ်၊ ခုဆို ငါ့အတွက် ဒိန်ခဲကို တခြားလူတွေ ရှာပေး

http://www.herrythitsar.org



ခိုင်းထားတယ်၊ ဒါပေမယ့် နောင်တစ်ချိန်ကျရင် တခြားလူတွေအတွက် ဒိန်ခဲကို ငါက ရှာပေးချင် ရှာပေးနေရမှာ၊ အဲဒါ တော်တော့်ကို ကိုယ်ပိုကားယား နိုင်တာကလား၊ လူတိုင်းလူတိုင်း သူတို့ ဒိန်ခဲတွေ ပွားများလာစေချင်တယ်၊ ဒီတော့ သူတို့အတွက် ဒိန်ခဲတွေကို တခြားလူတွေ ရှာပေးခွင့်ပြုထားတယ်၊ ဒိန်ခဲရှာဖို့ တခြားလူတွေကို သိမ်းသွင်းတဲ့ အခါကျတော့ ငါတို့ ကြီးကြီးကျယ်ကျယ် စကားလုံးတွေ သုံးပြီး ဟိတ်တစ်လုံး ဟန်တစ်လုံး ပြောကြတယ်။

'ငါတို့ ဝက်ပါထဲဝင်ပြီး ဘာဖြစ်လို့ ကိုယ့်ဘာသာကို ဒိန်ခဲ မရှာကြသလဲ၊ ပြောင်းလဲမှုတွေဟာ အမြဲတမ်း ဖြစ်ပေါ်နေတဲ့ အကြောင်း သူတို့ကို ပြောပြတဲ့အချိန်မှာ ငါတို့ဟာ သူတို့ကို ကော ငါတို့ကိုယ် ငါတို့ကိုပါ လှည့်စားနေကြတာ၊ တကယ်တော့ သူတို့ကို ဒိန်ခဲတွေအများကြီး ရှာစေချင်တာ သက်သက်ပေါ့၊ ဒိန်ခဲ အချောင်နှိုက်သူတွေဖြစ်တဲ့ ငါတို့ရဲ့ အာသာဆန္ဒတွေ ပြေလောက်အောင် ဒိန်ခဲအများကြီး ရှာစေချင်တာဟဲ့'

'ဒီခေတ်ကတော့ ဝက်ပါခေတ် စစ်စစ်ပဲဟေ့'

ကိုးလ်က ဆိုင်းမဆင့် ဗုံမဆင့် ရေရွတ်လိုက်၏။

ဂျက်ဆီကာ အပါအဝင် အားလုံး ရယ်မောကြသည်။

ကိုးလ်က ဂျက်ဆီကာဘက်သို့ လှည့်ပြီးပြောသည်။

'နင်ဟာ နင့်ကိုယ်နင် ရိုးရိုးသားသားနဲ့ ပြန်ပြီး ရယ်ဖြစ်နိုင်တယ်၊ အဲဒါကောင်းတယ်'

ဂွါန်က တစ်စခန်းထသည်။

'အဲဒီဇာတ်လမ်းကနေ ငါ သင်ခန်းစာရတာကတော့ ဒီလိုကွ၊ ငါတို့ဟာ မကြာခဏဆိုသလို ဟိုနောက်လိုက်ရနိုး၊ ဒီနောက်

http://www.herrythitsar.org



လိုက်ရနိုးနဲ့ ဝေခွဲမရ ဖြစ်ကြရတယ်၊ အဲဒီအခါ ဆုံးဖြတ်ချက်မပြတ်သားတဲ့ ဒဏ်ကို ခံစားကြရတော့တာပဲ၊ ဆုံးဖြတ်ချက်က ဘယ်ပြတ်သားမလဲ၊ တို့က လောဘကြီးလွန်းတာကိုး။

'ငါတို့ဟာ ငါတို့ရဲ့ ရမ္မက်ဆန္ဒတွေကို ရည်မှန်းချက်တွေ အဖြစ် ပြောင်းပစ်ကြတယ်၊ ငါတို့မှာ ရွေးစရာလမ်းမရှိတော့ဘူး ဆိုတဲ့အခြေအနေမျိုးတွေမှာ ဆုံးဖြတ်ချက်တွေချကြတယ်၊ ဥပမာ ပြရရင် ဝေဗာဟာ တရားတပေါင်စွဲချင်တာမဟုတ်ဘူး၊ ဒါပေမယ့် ဝှစ်စပါက လှုံ့ဆော်တိုက်တွန်းပြီးတဲ့အခါ စိတ်ပြောင်းသွားတယ်၊ ဝေဗာဟာ ဝှစ်စပါရဲ့ အဖွဲ့အစည်းကိုလည်း ဝင်ချင်တာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော သူ့ကိုယ်သူ ဝှစ်စပါ အဆင့်လောက်ထိ အောင် နိမ့်ကျမသွားချင်ဘူး၊ ဒါပေမယ်. သူ့ဒိန်ခဲတွေကို ကာကွယ် စောင့်ရှောက်ရေးအတွက် သူဟာ ဖြစ်တဲ့နည်းနဲ့ဝှစ်စပါကို ချေမှုန်းဖို့ ယုတ်မာပက်စက်တဲ့ စီမံကိန်းတစ်ခုချခဲ့တယ်။

'ငါတို့အားလုံးဟာ ဝေဗာလိုပဲလို့ ငါတော့ ယုံကြည်တယ်၊ ကိုယ့် ရမ္မက်ဆန္ဒတွေနဲ့ကိုယ် မပြတ် တိုက်ပွဲနွှဲနေကြရတာလေ၊ ဒါပေမယ့် တွေဝေတာတွေ၊ ချီတုံချတုံ ဖြစ်တာတွေ အများကြီး ဖြစ်ပြီးမှတောင် ငါတို့ရဲ့ ရမ္မက်ဆန္ဒတွေက ငါတို့ရဲ့ ကိုယ်ကျင့် တရားနဲ့ ပတ်သက်တဲ့ သိစိတ်ကို မကြာမကြာ အနိုင်ယူသွားသေး တာပဲကွ၊ ဒါကြောင့် ဝေဗာဟာ ကိုတွေဝေ ဖြစ်နေတာပေ့ါ'

အင်နာက သူတို့အားလုံးကို မေးခွန်းတစ်ခုမေးလိုက်၏။

'ဝိဗ်ဟာ ဝေဗာထက် အမှန်တကယ်ပိုပြီး စိတ်ချမ်းသာ တယ်လို့ နင်တို့ထင်ကြသလား'

'သူ စိတ်ချမ်းသာမယ်လို့ ငါ ထင်တယ်'

ဂျက်စီက ဖြေ၏။

http://www.herrythitsar.org



'ငါတော့ မထင်ဘူး'

ကိုရီက ပြောသည်။ သူက ဒီဇိုင်းနှင့် ပြုပြင်မွမ်းမံရေး ကုမ္ပဏီတစ်ခုတွင် ဒါရိုက်တာဖြစ်နေသူ။

'ဝိဗ်လို လူစားတွေ ငါ တွေ့ခဲ့ဖူးတယ်ကွ၊ သူတို့ဟာ ဒိန်ခဲ တွေနဲ့ ဘဝရဲ့ စည်းစိမ်ချမ်းသာတွေကို တမ်းတပြီး ဝေဗာလိုပဲ ဇာတ်လမ်းစခဲ့သူတွေပါ၊ သူတို့ဟာ ပါရမီထူးချွန်သူတွေ၊ ဒါကြောင့် ကိုယ်ပိုင် ဒိန်ခဲတွေ ပိုင်ဆိုင်နိုင်စွမ်းရှိတယ်၊ ပိုင်ဆိုင်ခွင့်ရှိတယ်လို့ ယုံကြည်ကြတယ်၊ ဒါပေမယ့် သူတို့ဒိန်ခဲတွေ မောင်ပိုင်အစီးလည်း ခံရရော သူတို့ဟာ လူ့အဖွဲ့အစည်းအပေါ် စိတ်ချဉ်ပေါက်လာ ရော၊ သူတို့က မေးလိမ့်မယ်၊ 'ငါ့ဒိန်ခဲကို နေရာရွှေ့ရအောင် သူတို့မှာ ဘာလုပ်ပိုင်ခွင့်ရှိလို့လဲ'လို့၊ ဒါပေမယ်. 'ငါ့ဒိန်ခဲကို တခြား လူတွေ ဘာဖြစ်လို့ မရွှေ့နိုင်ရမှာလဲ' လို့တော့ မမေးဘူးလေ။

'ဒီဟာက ချမ်းသာကြွယ်ဝမှုနဲ့ မြူးပျော် တက်ကြွမှုကို ဖန်တီးပေးတယ်၊ ငါကတော့ ဒိန်ခဲမြို့ကလေး လည်ပတ်ပုံကို ကြိုက်တယ်၊ သူ့စနစ်က လူတစ်ဦးကို လှုံ့ဆော်တယ်၊ တွန်းအား ပေးတယ်၊ ဘရိုင်ကောင်တီမှာ နေရတဲ့ ဘဝမျိုးတော့ မကြိုက် ရေးချ မကြိုက်ထဲကပဲ၊ အဲဒီမှာ ဝိဗ်လို လူစားက အပြုသဘော ဆောင်တဲ့ အလုပ်ဆိုလို့ ဘာတစ်ခုမှ လုပ်ဖော်ရတာ မဟုတ်ဘူး၊ အဲဒီလို လုပ်မယ့်အစား အဓိပ္ပါယ်မရှိတဲ့ မေးခွန်းတွေကို တနုံ့နုံ့ ထိုင်စဉ်းစားပြီး အချိန်ဖြုန်းနေတာကလား၊ အဲဒီမေးခွန်းတွေအတွက် အဖြေဆိုတာတောင် ရှိချင်မှရှိမှာ'

ဂျွန်က မပွင့်တပွင့်နဲ့ တိုးတိုးညင်းညင်း ဝင်ပြောတယ်။

'ငါတို့မေးရမယ့် အရေးပါအရာရောက်တဲ့ မေးခွန်းက 'မင်း အမှန်တကယ် လိုချင်တပ်မက်တာ ဘာလဲ' ဆိုတာပဲ ဖြစ်သင့် တယ်လို့ ငါ ထင်တယ်ကွ'

http://www.herrythitsar.org


ခဏကြာသွားသည်အထိ ဘယ်သူကမျှ ဘာမျှမပြော။

'စီမံအုပ်ချုပ်မှု ပုံစံတွေနဲ့ပတ်သက်လို့ ငါ့ညီနဲ့ ငါ သဘောထား ကွဲကြတော့ ငါမဖြစ်မနေ ဆုံးဖြတ်ချက်တစ်ခု ချရတော့မယ်ဆိုတာ ငါ ဝန်ခံပါတယ်၊ ဒိန်ခဲဆိုတာ ငါ လိုချင်တပ်မက်တာ ဘာမဆို ဖြစ်နိုင်တယ်လေ၊ ငါ လိုချင်တပ်မက်တာ ဘာလဲ၊ ငါ့မိသားစုပိုင် လုပ်ငန်းကြီးလား၊ ဒါမှမဟုတ် ညီအစ်ကိုနှစ်ယောက်ကြားမှာ နှောင်ဖွဲ့ထားတဲ့ မေတ္တာတရားလား၊ ဒါပေမယ့် အဲဒီအချိန်၊ အဲဒီအနေအထားမှာ ငါ သဘောပေါက်လိုက်တယ်၊ ဒိန်ခဲ ဆိုတာ တစ်ချိန်တည်းမှာ နှစ်မျိုးစလုံး မဖြစ်နိုင်ဘူးလို့၊ ဒီတော့ ကျန်တဲ့ အစိတ်အပိုင်းတွေကို သံယောဇဉ်ဖြတ်မပစ်မီ ငါ တကယ်ထိန်းထားချင်တာ ဘယ်အပိုင်းလဲဆိုတာ ဆုံးဖြတ်ရတာတော့တာပေါ့'

'ဒီတော့ မင်းဆိုလိုရင်းက'

ဖရင့်က စူးစမ်းသည်။

'ငါ့ ဆိုလိုရင်းက ဒီလိုကွ' ဟု ဂျွန် ပြန်ဖြေသည်။**'ငါတို့ တစ်စုံတစ်ယောက်ရဲ့ ဒိန်ခဲကို မောင်ပိုင်စီးတဲ့အခါ တို့ ဒိန်ခဲ တစ်စိတ်တစ်ပိုင်းကိုလည်း စွန့်လွှတ်ရတာပဲကွ၊** ငါတို့က လူတွေလေ၊ ကြွက်တွေမှ မဟုတ်ဘဲ၊ တောတွင်းဥပဒေဆိုတာ ကြွက်လို အဆင့်နိမ့်သတ္တဝါတွေနဲ့ပဲ ဆိုင်တာ၊ တခြားသတ္တဝါတွေ ဆီက ခိုးယူတယ်ဆိုတာ သဘာဝအပြုအမူတစ်ရပ်ပဲ၊ ဒါပေမယ့် တို့လူသားတွေကျတော့ ဒီလိုပြုမူဖို့လက်တွန့်ကြတယ်၊ ငါဆိုရင် ငါ ပြုမူခဲ့တာ မှန်ကန်ရဲ့လားဆိုတာ ဒီနေ့ထိတောင် အပြတ်မပြောနိုင်သေးဘူး၊ ငါ့ညီရဲ့ ဒိန်ခဲကို ရွှေ့ပြောင်းပစ်လိုက်တဲ့အတွက် သူ့ရဲ့ဘဝ အမြင်ပြောင်းလဲသွားမလား၊ ပြောင်းလဲသွားတဲ့ သူ့အမြင်၊ သူ့ သဘောထားဟာ တစ်သက်လုံး ပြန်တည့်လို့မရအောင် စွဲစောင်းနေတော့မှာလား'

http://www.herrythitsar.org



လော်ရာက ဝင်ပြောသည်။

'ဝေဗာက နံရံပေါ်မှာ စာတစ်ကြောင်းရေးခဲ့တာ အဲဒါကြောင့် ဖြစ်မယ်ထင်တယ်၊ 'ဒိန်ခဲတွေ ပိုင်ဆိုင်ရတဲ့အတွက် မင်း အမှန် တကယ်ပဲ စိတ်ချမ်းသာမှုရရဲ့လား' ဆိုတာလေ'

ဂွန်က ပြောသည်မှာ

'အောင်မြင်မှုဆိုတာ ဒိန်ခဲအပိုင်စီးရာက ဖြစ်ပေါ်လာတာ၊ ဒိန်ခဲလိုက်ရှာလို့ တွေ့ရာက ဖြစ်ပေါ်လာတာ မဟုတ်ဘူးဆိုတာ ငါ့ခုမှ သဘောပေါက်စ ပြုလာတယ်ကွ၊ ဒိန်ခဲရှာပုံတော်ဖွင့်နေသူ တွေဟာ ကံကိုပဲ အားကိုးနေကြရတာ၊ သူတို့ ကံကောင်း ထောက်မရင် ဒိန်ခဲတွေ လောက်လောက်လားလား စုဆောင်းမိ မယ်၊ အဲ၊ ကံမကောင်း အကြောင်းမလှရင်တော့ သူတို့အိုကြီး အိုမဖြစ်ပြီး ကိုယ့်ကိုကိုယ် ကာကွယ်နိုင်စွမ်းမရှိတော့ချိန်မှာ သူတို့ ဒိန်ခဲကို အပိုင်စီးခံရမှာပဲ'

'မင်းပြောသွားတဲ့ ဇာတ်လမ်းက အရမ်းစိတ်ဝင်စားစရာ ကောင်းပါတယ် စတီဗင်'

နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးဖြစ်သည့် 'စီဒါပူးလ် အင်တာ ပရိုက်စ်' တွင် စီမံခန့်ခွဲရေးအရာရှိချုပ် ဖြစ်နေသည့် ရစ်ချတ်က မှတ်ချက်ချသည်။

'ဒါပေမဲ့ ငါတို့ဘဝတွေမှာ ဒီဇာတ်လမ်းကို ဘယ်လို အသုံးချကြမလဲ'

ရစ်ချတ်က အမြဲတစေ သံသယဝါဒီ ဖြစ်ခဲ့သူ။ သို့သော် သူနှင့် ရင်းနှီးကျွမ်းဝင်သူများကတော့ သူသည် နာကျည်းကြေကွဲ ဖွယ် ဘဝအတွေ့အပြောင်းတချို့ တွေ့ကြုံခဲ့ရကြောင်း သိထားကြ သည်။ သူသည် သူ၏ ဒုတိယအိမ်ထောင်နှင့် ကွာရှင်းပြတ်စဲ

http://www.herrythitsar.org



ထားသည်မှာ သိပ်မကြာသေး။ သို့သော် ရစ်ချတ်သည် သူ့ဇနီး ကို ချစ်နေဆဲရှိသေးသည်။ သူ့ဇနီးက သူ့အား စွန့်ပစ်သွားခြင်း မှာ သူ့ဇနီးကို ကြင်ကြင်နာနာ ယုယုယယမရှိဘဲ လျစ်လျူရှုထား သောကြောင့်ဖြစ်သည်ဟု ရစ်ချတ်က ယုံကြည်နေ၏။

အကယ်၍ သူသာ ကျားကုတ်ကျားခဲ အလုပ်မလုပ်လျှင် ယခု သူတို့လက်ထဲမှာရှိနေသည့် ဒိန်ခဲကို ပိုင်ဆိုင်နိုင်မည် မဟုတ် တော့၊ ယခုလောလောဆယ် သူတို့ ပိုင်ဆိုင်နေသည့် ဒိန်ခဲ ဆိုသည်မှာ သူတို့၏ မော်တော်ကားများ၊ ကြွေးဝယ်ကတ်ပြားများ၊ နောက်ပြီး သူတို့၏ စံအိမ်ကြီး၊ ရစ်ချတ်က သည်အချက်ကို သူ့ဇနီး နားလည်သဘောပေါက်စေချင်သည်။ သို့ပေမယ့် သူ့ဇနီး က သူ မြင်သလို မမြင်ခဲ့။

လူတစ်ဦးသည် ဒိန်ခဲ အားလုံးကို တစ်ပြိုက်နက်တည်း ပိုင်ဆိုင်ချင်လို့ မရဘူးဆိုမှတော့ သူ့အနေဖြင့် ရွေးချယ်မှု ပြုလုပ် ရတော့မည်ပေါ့။ သူ့ဘဝ၏ ဒိန်ခဲသည် သူ့ဇနီးဖြစ်လျှင်ဖြစ်၊ သို့မဟုတ်လျှင် သူ့အလုပ် ဖြစ်ရတော့မည်။ အစပထမပိုင်းတုန်း ကတော့ အမျိုးသမီးက နောက်ပြောင်နေသည်လို့ပဲ ရစ်ချတ် ထင်ခဲ့၏။ သူ့ဘဝတွင် ဝမ်းကျောင်းလုပ်ငန်းရော၊ အချစ်ပါ နှစ်မျိုး စလုံး ရယူပိုင်ဆိုင်နိုင်သည်ဟု စိတ်ထဲ ထင်မှတ်ခဲ့၏။ သို့သော် ခုတော့ သူ့အမှားကို သူ သိမြင်လာပြီ။ သဘောပေါက်လာပြီ။ အလုပ်တစ်ခုတည်းပေါ်မှာပဲ အာရုံ နှစ်မြှုပ်ထားခဲ့သည့်အတွက် ချစ်ဇနီးကို ဆုံးရှုံးလိုက်ရပါပြီကော။

စတီဗင်က သူ့အတွေ့အကြုံကို ပြောပြသည်။

'ငါဆိုရင် ဒိန်ခဲရွေးချယ်မှု အပိုင်းမှာ ချီတုံချတုံနဲ့ ဝေခွဲ မရဖြစ်လေ့ရှိခဲ့တယ်ကွ၊ ငါက အားလုံးကို လိုချင်တာ၊ ဒါပေမယ့်

http://www.herrythitsar.org



တခြား တစ်ခုရဖို့အတွက် လက်ထဲက တစ်ခုကို စွန့်လွှတ်ရတာ မကြာမကြာပဲလေ၊ နောက်တော့ ငါ လှုပ်ရှားမှုတွေရပ်ပြီး ဒီ အကြောင်းကို စေ့စေ့စပ်စပ် စဉ်းစားကြည့်တော့တယ်၊ တကယ် လို့ ငါ့ရှေ့မှာ ငါ့မျက်စိနဲ့ တပ်အပ်မြင်နေရတဲ့ ဒိန်ခဲအားလုံးကို တစ်ပြိုင်တည်း မရနိုင်ဘူးဆိုရင်တော့ ငါ ရွေးရတော့မယ်၊ ရွေးဆို လည်း ငါနှစ်သက်တဲ့ အနံ့အရသာနဲ့ ပြည့်စုံတဲ့ ဒိန်ခဲကိုပဲ ရွေးရ တော့မှာပေါ့။

'အဲဒီအချက်ကို နားလည်သဘောပေါက်ပြီးတဲ့ နောက်ပိုင်း မှာ ရွေးချယ်မှုတွေ ပိုပြီး ရှင်းလင်းပြတ်သားလာတယ်၊ အရင်တုန်း ကတော့ တို့တတွေ အားလုံး အာသာမပြေကြဘူး၊ ငါတို့လက် တွေထဲမှာ ဒိန်ခဲတွေ အပြည့်အလျှံရှိနေပြီလား၊ နောက်ထပ် ဒိန်ခဲ ကလေးတစ်ဖဲ့ ကိုင်ဖို့တောင် နေရာမရှိတော့ဘူး၊ ဒါတောင် တို့မှာ ရှိနေတာလောက်နဲ့ တို့တတွေ မတင်းတိမ် မရောင့်ရဲခဲ့ကြဘူး၊ နောက်ထပ် ဒိန်ခဲကလေးတစ်ဖဲ့ တွေ့လိုက်တိုင်း တို့ရင်ထဲမှာ ရမ္မက်ဆန္ဒတွေ တဖွားဖွား လျှံတက်လာတာပဲ။

'ဒီတော့ အဲဒီ ဒိန်ခဲ အသစ်ကို လှမ်းယူရော၊ အဲဒီလို လှမ်း အယူမှာ လက်ထဲက ရှိရှိသမျှဒိန်ခဲတွေ လွတ်ကျကုန်တော့တာ ပေါ့၊ ငါပြောသွားတဲ့ ဇာတ်လမ်းထဲမှာ စပိုက်ဒါက ဟိုး ဝေးလံ သီခေါင်တဲ့ အရပ်ဒေသမှာရှိပြီး အနံ့အရသာ ပိုကောင်းပုံရတဲ့ ဒိန်ခဲ ရဖို့အတွက် သူ့လက်ထဲက ဒိန်ခဲကို စွန့်လွှတ်ခဲ့တယ်လေ၊ ဒါပေမယ့် နောက်ဆုံးမှာတော့ သူဟာသူ့ အချိန်ကိုရော အားထုတ်မှုကိုပါ အလဟဿ ဖြုန်းတီးပစ်ခဲ့မိပါလားဆိုတာ သိသွားရတယ်'

'နင့်ဆိုလိုရင်းကို ငါ နားလည်ပြီ၊ ငါတို့မှာ အမေကျော် ဒွေးတော်လွမ်းတဲ့အကျင့် ရှိတတ်ကြတယ်လေ၊ ငါတို့ရဲ့ ဒိန်ခဲဟာ တခြားလူတွေရဲ့ ဒိန်ခဲထက် တစ်နည်းတစ်ဖုံ အရည်အသွေး ညံ့နေ

http://www.herrythitsar.org


တာချည်းပဲလေ၊ ဒီတော့ ဒိန်ခဲသစ်ရဖို့ ငါတို့ရဲ့ ဒိန်ခဲဟောင်းကို စွန့်ပစ်ကြရမလား၊ စကမ်ပါလက်ထဲက စပိုက်ဒါ လုယူသွားတဲ့ ဒိန်ခဲဟာ ခါးသက်နေပြီး သူအကြိုက်နဲ့ မကိုက်ညီဘဲ ဖြစ်နေတာကိုလည်း မမေ့ကြနဲ့ဦး'

ဟု အင်နာက ကောက်ချက်ချသည်။

'ဟုတ်တယ်၊ နင်ပြောတာ သိပ်မှန်တာပေါ့' ဟု စတီဗင်က ထောက်ခံသည်၊ **ဘယ်သူ့ဒိန်ခဲ ငါ နေရာရွှေ့လို့ရမည်လဲ** ဇာတ်လမ်းကို ကြားရပြီးတဲ့အခါ ငါလိုချင်တာ ဘယ်လိုဒိန်ခဲ အမျိုးအစားလဲ၊ ငါ မလိုချင်တာ ဘယ်လို ဒိန်ခဲအမျိုးအစားလဲ ဆိုတာ ပိုပြီး သိလာတယ်ဟ၊ တစ်ချိန်တည်းမှာပဲ အဲဒီ ထိုးထွင်းသိမြင်မှုကို ငါ့အမှုထမ်းတွေဆီကို ဖြန့်ဝေပေးခဲ့တယ်။

'အရင်တုန်းကဆို ငါ့အမှုထမ်းတော်တော်များများဟာ ဒိန်ခဲရှာဖို့ ငါ့ကုမ္ပဏီကထွက်ပြီး တခြားကုမ္ပဏီတွေကို ကူးပြောင်းသွားတတ်ကြတယ်၊ ခုတော့ ဒီ ထိုးဖောက်သိမြင်မှုကလေး လက်စွဲပြုပြီး သူတို့ ဒီမှာပဲဆက်နေပြီး ငါ့ဒိန်ခဲရှာရာမှာ ငါ့ကို ကူညီကြဖို့ ဖျောင်းဖျနားချခဲ့ရတယ်၊ ဒိန်ခဲ အများဆုံးရှာနိုင်သူဟာ ငါ့ကုမ္ပဏီမှာ အစုရှယ်ယာတွေရမယ်၊ အဲဒီနည်းနဲ့ သူတို့ဟာ သူတို့ကိုယ်ပိုင် ဒိန်ခဲတွေရလာမယ်၊ တကယ်လို့ သူတို့အလုပ်တွေကို စိတ်အားထက်ထက်သန်သန် လုပ်ကြမယ်ဆိုရင် သူတို့ ဒိန်ခဲကို ဘယ်သူကမှ နေရာရွှေ့မှာ မဟုတ်ဘူးလို့ သူတို့ကို ပြောနိုင်တဲ့အတွက် ငါ အကြီးအကျယ် ကျေနပ်အားရမှု ဖြစ်ရတယ်ကွ"

ထိုအခါ ဂျွန်က စတီဗင်ကို မေးသည်။

'ဒါဆို မင်းကုမ္ပဏီမှာ ဇာတ်လမ်းထဲက ဇာတ်ကောင်အားလုံး ရှိတာပေါ့နော်၊ ဝှစ်စပါ၊ စပိုက်ဒါ၊ ဝိဗ်၊ ဝေဗာ၊ စလစ်နဲ့ စကမ်ပါ တို့လို စရိုက်ရှိသူတွေလေ'

http://www.herrythitsar.org



'ဟုတ်တယ်' ဟု စတီဗင် ပြန်ပြောသည်။ 'အဲဒီဇာတ်ကောင် ခြောက်ကောင်ထဲမှာ ငါတို့ သတိဝီရိယကြီးစွာနဲ့ မျက်စိ ဒေါက် ထောက် ကြည့်နေရမှာကတော့ ဗွစ်စပါနဲ့ စပိုက်ဒါလို စရိုက်ရှိသူ တွေပဲကွ၊ စပိုက်ဒါက မွေးပျံ့ပြီး အရသာထူးကဲမယ့် ဒိန်ခဲကြီး တစ်တုံးပုံပေါက်နေတယ်၊ ဒါပေမဲ့ သူက ကျော့ကွင်းသက်သက်ပဲ၊ ဗွစ်စပါကတော့ တစ်မျိုးကွ၊ သူ့ရဲ့ ဒိန်ခဲပိုင်ဆိုင်ချင်တဲ့ ရမ္မက်ဆန္ဒ က တယ်ပြီးပြင်းထန်လွန်းတာကိုး၊ ဗွစ်စပါလိုလူစားမျိုးကို ဆန့်ကျင် ဖက်ပြိုင်မယ်ဆိုလို့ကတော့ မင်းတို့ တရားရုံးမှာ ရင်ဆိုင်ရမှာပဲ၊ ဒါပေမဲ့ ဗွစ်စပါကို စီးပွားရေး လုပ်ဖော်ကိုင်ဖက် အနေနဲ့ ပေါင်းရင် တော့ မင်း ချမ်းသာကြွယ်ဝလာမယ်၊ အဲဒီလို လူစားက စီးပွားရေး လုပ်တဲ့ အတတ်ပညာကို ရေရေလည်လည် တတ်ကျွမ်းတာကွ။

'ဝိဗ်ကျတော့ မိတ်ဆွေတစ်ဦးအဖြစ် ပေါင်းလို့ရတယ်၊ ဒါပေမယ့် စီးပွားရေး လုပ်ဖော်ကိုင်ဖက်အဖြစ် ပေါင်းလို့တော့ မနိပ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒဿနဆရာတစ်ယောက်ဟာ အကြောင်းကိစ္စတွေကို ရောနှော ရှုပ်ထွေးကုန်လို့ပဲ။

'ဝေဗာကတော့ ငါတို့ တော်တော်များများနဲ့ တူပါတယ်၊ ရမ္မက်ဆန္ဒတွေက ဒုနဲ့ဒေး၊ ပြီးတော့ စောင့်စည်းထိန်းသိမ်းရမယ့် ကိုယ်ကျင့်တရားတွေက တစ်ပုံကြီးလေ၊ အဲဒီလို လူတစ်ယောက်ရဲ့ လှုပ်ရှားမှုကို ကြိုပြီးဟောကိန်းထုတ်ဖို့မလွယ်ဘူး၊ သူဟာ ဘုန်း တော်ကြီး တစ်ပါးလို ဘုရားတရား ရှိသေကိုင်းရှိုင်းပြီး စိတ်ကောင်း စေတနာကောင်းဖြစ်မယ်၊ အဲဒီကြားထဲကပဲ စိတ်ကူးနဲ့ မှန်းလို့မရတဲ့ မဖွယ်မရာအပြုအမူတွေ ကျူးလွန်ချင် ကျူးလွန်နိုင်တယ်။

'စလစ်နဲ့ စကမ်ပါတို့ကတော့ အရှိတရားကို လွယ်လွယ် ကူကူ လက်သင့်ခံနိုင်တဲ့ ကြွက်တွေ သက်သက်ပဲ၊ သူတို့ရဲ့ စိတ်သဘောထားက ကျောက်တောင်ကျောက်ခဲလို ခိုင်မာတယ်၊

http://www.herrythitsar.org



အကြိမ်ကြိမ်အခါခါ ထပ်ကာတလဲလဲ ရှုံးနိမ့်မှုတွေက သူတို့ရဲ့ စိတ်ဓာတ်ကို ပျက်ပြားသွားအောင် မဖျက်နိုင်ဘူး၊ သူတို့ဟာ ဒိန်ခဲ ရဖို့ အဖန်တလဲလဲ ထွက်ရှာနိုင်တယ်၊ နောက်ပြီး ဒိန်ခဲ ရမယ်ဆို ရင် ဘာမဆိုလုပ်မယ်ဆိုတဲ့ သဘောရှိတယ်၊ သူတို့ဟာအတော်ဆုံး ဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ မန်နေဂျာတွေ ဖြစ်နိုင်တယ်'

'ကြွက်တွေဟာ အတော်ဆုံး မန်နေဂျာတွေပဲ၊ ဘာဖြစ်လို့ လဲဆိုတော့ သူတို့ ခံယူထားတဲ့ ဘဝပေး တာဝန်က ဒိန်ခဲတွေ များနိုင်သလောက် များများရအောင် ရှာဖို့လို့၊ နောက်ပြီး သူတို့ရဲ့ ဒိန်ခဲကို နေရာ အရွှေ့ခံရတာလောက်ကတော့ သူတို့အတွက် သာမန် ဖြစ်ရိုးဖြစ်စဉ် ဖြစ်ရပ်တစ်ခုပဲလေ"

ဟု ကိုလ်းက ခပ်လျှောင်လျှောင်ပြောသည်။

သူ့စကားကို စတီဗင်က ရယ်မောသည်။ ပြီးမှပြောသည်။

**'တစ်စုံတစ်ယောက်ဟာ အောင်မြင်ချင်တယ်ဆိုရင် ကြွက် တစ်ကောင်အဖြစ်နဲ့ တာထွက်ရမယ်၊ ငါတို့အားလုံး အဲဒီလိုပဲ တာထွက်ခဲ့ကြတယ် မဟုတ်လား။ သူ့ဒိန်ခဲကို သူများ မောင်ပိုင်စီး သွားတဲ့အခါ မတုန်မလှုပ် တုံ့ပြန်တတ်တာ ကြွက်တစ်မျိုးပဲရှိတယ်၊ နောက်ပြီး တခြားသူတွေရဲ့ ဒိန်ခဲကို အာသာငမ်းငမ်း လိုချင် တပ်မက်ဖြစ်တဲ့ အတွက် လိပ်ပြာမသန့် မဖြစ်တာလည်း ကြွက် တစ်မျိုးပဲရှိတာ၊ ကြွက်တစ်ကောင်ဟာ သူ့ရည်မှန်းချက်ပန်းတိုင် တွေနဲ့ ပတ်သက်လို့ အရမ်းပြတ်သားတယ်၊ သူဘယ်လို ဒိန်ခဲကို လိုချင်တယ်၊ ဘယ်လို ဒိန်ခဲကို မလိုချင်ဘူးဆိုတာ သူ့ဘာသာ သူသိတယ်၊ ဒါပေမယ့် လူတွေကတော့ ဒီလို မဟုတ်ဘူးလေ၊ အဲဒီလို မပြတ်သားတဲ့အတွက် ဖြစ်ပေါ်လာတဲ့ ရလဒ်ကတော့ သူတို့ကိုယ်တိုင်ရော တခြားလူတွေပါ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရတာတွေပဲပေါ့'**

http://www.herrythitsar.org



အင်နာက ခေါင်းညိတ်ထောက်ခံသည်။

'ငါကတော့ ဝေဗာနဲ့တူတယ်လို့ ငါထင်တယ်ဟဲ့၊ ရမ္မက်ဆန္ဒတွေရော ကိုယ်ကျင့်တရားတွေပါရှိနေသူလေ၊ ငါ့ကို ကိုယ်ကျင့်တရားတွေက ချုပ်ကိုင်ထားတဲ့အခါမှာ ငါ့ရဲ့ ရမ္မက်မီးတွေရဲ့ လောင်မြိုက်မှုကို နာကျည်းခံစားရတယ်၊ ငါ့ ရမ္မက်ဆန္ဒတွေကို မထိန်းနိုင်တော့ဘူးဆိုတဲ့အခါကျ ငါ့အပြုအမူတွေအတွက် နောင်တစ်ချိန်မှာ နောင်တရမိတာပါပဲ၊ ငါဟာ ကမ္ဘာနှစ်ခုရဲ့ အရှုပ်တော်ပုံကြားမှာ ငြိနေတာဟဲ့၊ ဒိန်ခဲမြို့နဲ့ ဘရိုင်ကောင်တီကြားမှာ မတ်တပ်ရပ်ပြီး ဘယ်ဘက်လိုက်ရမှန်းမသိ ဖြစ်နေသလိုပေါ့ ဟယ်'

'ခုကော သိပြီလား'

'သိတော့ မသိသေးဘူးဟဲ့၊ ဒါပေမယ့် အတွေးအခေါ်နဲ့ ကိုယ်ကျင့်တရားပါ ပြည့်ဝတဲ့ ရုပ်ကမ္ဘာတစ်ခု တည်ဆောက်လို့ ရချင်မလားဆိုတာ ငါ ကြိုးစား လေ့လာကြည့်ချင်သေးတယ်၊ ဇာတ်လမ်းထဲမှာ ဝေဗာ ကြံဆသလိုမျိုးပေါ့ဟယ်'

ဂွန်က ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး-

'နင်က မဟားဒရားချမ်းသာတဲ့ နင့်လင်တော်မောင်ကြီးကို ပစ်ထားခဲ့ဖို့ စဉ်းစားနေတာတော့ မဟုတ်ပါဘူးနော်၊ ဟုတ်လို့လား'

ကိုးလ်က ဝင်ပြောပြန်သည်။

'ဒီနေ့ ငါတို့ ဆွေးနွေးခဲ့ကြတာ ကိုယ့်ဒိန်ခဲကို ကာကွယ်စောင့်ရှောက်ဖို့ရယ်၊ နောက်ပြီး တခြားလူတွေရဲ့ ဒိန်ခဲကို နေရာရွှေ့ပစ်ဖို့လည်းပါတယ်နော်။

'ပြီးတော့ ဒိန်ခဲကို တို့ကိုယ်တိုင်လျှောက်ရှာနေမယ့်အစား ငါတို့အတွက် ဒိန်ခဲရှာပေးလာအောင် တခြားလူတွေကို စေ့ဆော်ပေးဖို့လည်း ပါတယ်လေ'

http://www.herrythitsar.org



ဟု အင်နာက ဝင်ပြီး ဖြည့်စွက်သည်။

ရစ်ချတ်ကတော့ မျက်မှောင်ကြီး ကြုတ်ပြီး အတွေးနက်နေသည်။ သူက သူ့ဇနီးအကြောင်းတွေးနေခြင်း။

'သူဟာ ငါ့ရဲ့ အချစ်ဒိန်ခဲပါကွာ၊ ဒါနဲ့တောင် သူ့ကို ငါ့လက်ထဲက လွတ်ထွက်သွားခွင့်ပြုမိသေးတယ်၊ ငါသူ့ကို ဘယ်လိုနည်းနဲ့ ပြန်ပြီးအရယူရမလဲ၊ ဒါမှမဟုတ် ငါ့အတွက် ဒိန်ခဲအသစ်တစ်တုံး လိုအပ်နေပြီလား၊ အဲဒီ ဒိန်ခဲအသစ်ကကော ဒိန်ခဲအဟောင်းထက် ပိုကောင်းတာ သေချာလို့လား၊ ငါ တကယ်တပ်မက်တဲ့ ဒိန်ခဲဟာ သူမှသူ တစ်ယောက်တည်းပါကွာ၊ ငါက သူ့ကို ဂရုမစိုက်ဘူး၊ အလုပ်ကိုပဲ ဂရုစိုက်တယ်လို့ သူထင်မယ် ဆိုတာ ငါဖြင့် တစ်ခါမှမတွေးမိပါဘူး၊ ဒါပေမယ့် အဲဒါ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ သူ့ကို တကယ်ချစ်ခဲ့လို့ပေါ့ကွာ'

ရစ်ချတ် သူ့စကားကိုဆက်သည်။

'ဒိန်ခဲ ဒဿနဟာ တစ်ဦးတစ်ယောက်ရဲ့ အချစ်ဘဝနဲ့ မအပ်စပ်ဘူးလို့ ငါ ထင်တယ်ကွ၊ လူတစ်ယောက်ဟာ ဒိန်ခဲနောက်တစ်တုံး ရှာမယ်ဆို ရှာလို့ရတယ်၊ ဒါပေမယ့် နောက်ထပ်ချစ်သူတစ်ဦး ရှာဖွေအစားထိုးလို့ ဖြစ်နိုင်မလား၊ အောင်မြင်သူတစ်ဦးဆိုတာ သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေးတစ်ခုနဲ့တူတယ်ကွ၊ အောင်မြင်သူ တစ်ဦးဟာ သူ့ဒိန်ခဲကို လွယ်လွယ်ကူကူ လက်မလွှတ်ဘူး၊ သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေး တစ်ခုမှာလည်း အိမ်ထောင်ဖက် နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး ဘယ်တော့မှ လွယ်လွယ်ကူကူ မစွန့်လွှတ်ကြဘူး။

'ဒါပေမယ့်လည်း ဒီကိစ္စနှစ်ခုစလုံးမှာ နှစ်ဦးစလုံးဟာ ကြောင်သူတော်တွေချည်းပဲ၊ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ

http://www.herrythitsar.org



သူတို့ ယုံကြည်တာနဲ့ ပြောင်းပြန်လုပ်ရပ်မျိုး လုပ်ဆောင်ဖို့မကြာ မကြာဆိုသလို တခြားလူတွေကို မြှောက်ထိုးပင့်ကော် လုပ်ပေး တတ်ကြလို့ပဲ၊ ဇာတ်လမ်းထဲမှာ ဝိဗ် ပြောခဲ့သလိုပေါ့ကွာ၊ **'သူတော် ယောင်ဆောင်တယ်ဆို ဘာလဲ၊ သူတော်ယောင်ဆောင်တယ် ဆိုတာ မုသားစကား တစ်ခုကို ရိုးရိုးသားသား ပြောခြင်းပဲ၊ ပိုပြီး အဆင့်မြင့်တဲ့ သူတော်ယောင်ဆောင်တာကျတော့ တစ်ဝက်မှန် စကားတွေကို ရိုးရိုးသားသား ပြောခြင်းပေါ့'** ဆိုတာလေ'

ရစ်ချတ် စကားဆက်ပြောရင်း သူ့မျက်နှာပေါ်တွင် အပြုံး ရိပ်ကလေး သန်းသွားသည်။

'ငါတော့ ဒီဇာတ်လမ်းထဲက အတွေးအမြင်တွေကို ကြိုက်စ ပြုလာပြီထင်တာပဲ၊ တကယ်လို့ ဘဝဟာ ဒိန်ခဲတစ်ဖဲ့ မဟုတ်ဘဲ စပါးနှံ တစ်ခက်ဖြစ်နေမယ်ဆိုရင် ငါ့ဘဝခရီးကို လျှောက်လှမ်းရင်း လက်ထဲက စပါးနှံတွေကို ပစ် ပစ် ချပြီး စပါးနှံအသစ်တွေကို ဆွတ်ခူးနေလို့ ရပ့ါမလား၊ တကယ်လို့ ဘဝဟာ ရေတွင်း တစ်တွင်း တူးနေတာဆိုရင် တစ်နေရာပြီး တစ်နေရာ ရွှေ့ပြောင်း တူးနေမှတော့ ရေကြောကိုမိအောင် တူးနိုင်ပါဦးမလား၊ တကယ် လို့ ငါက တခြားလူတွေရဲ့ ဒိန်ခဲကို မောင်ပိုင်မစီးဘဲ နေမယ်ဆိုရင် သူတို့က ငါ့ဒိန်ခဲကို လက်ရှောင်နေကြမှာလား၊ နောက်ပြီး သူတို့ ဒိန်ခဲကို ငါက မောင်ပိုင်စီးမယ်ဆိုရင် အဲဒီလိုလုပ်တဲ့ ငါဟာ သူခိုးဖြစ်သွားမလား၊ အောင်မြင်မှုရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်က ဘာလဲ၊ ဒိန်ခဲရဲ့ အဓိပ္ပါယ်က ဘာလဲ၊ လူများစုက နှစ်သက်မက်မောတဲ့ ဒိန်ခဲဟာ ငါ့အကြိုက်နဲ့ကော ကိုက်ညီရဲ့လား။

'ငါ့အနေနဲ့ ငါ့ရဲ့ ကိုယ်ပိုင် ဘဝထဲကို ဒီအတွေးအမြင်တွေ ပေါင်းစပ်ထည့်သွင်းရမယ်' ဟု ရစ်ချတ် ထပ်ပြောသည်။ 'ငါ့မိန်းမ

http://www.herrythitsar.org



က ထင်နေတယ်၊ ငါ တခြားတစ်ယောက်ယောက် တွေ့နိုင်အောင် သူ ငါ့ကို ခွဲခွာပေးရမယ်လို့၊ ဒါပေမယ့် အဲဒါ ငါ့အမှားကွ၊ ငါက မတရား လောဘကြီးခဲ့တယ်လေ၊ ငါက တခြား ဒိန်ခဲတွေကို သိပ်တန်ဖိုးထားပြီး သိပ် ရှေ့တန်းတင်လွန်းတယ်၊ ငါ အဲဒီအမှားကို ပြင်ဆင်မယ်၊ ပြီးရင် ငါ့ကို ခွင့်လွှတ်ဖို့ သူ့ကို တောင်းပန်မယ်၊ သူ ငါ့ဆီကို ပြန်လာချင်စိတ်ပေါ်လာအောင် ငါဟာ သူ့အတွက် အနံ့အရသာနဲ့ အပြည့်စုံဆုံး ဒိန်ခဲတုံးကြီးပါ ဆိုတဲ့အကြောင်း သူ့ကို ပြောပြချင်သေးတယ်၊ တစ်ခုရှိတာက ဒိန်ခဲအသစ်ဟာ ဒိန်ခဲအဟောင်းထက် ပိုကောင်းချင်မှ ကောင်းမယ်လေ'

ရစ်ချတ်၏ ရင်ဖွင့်သံကို ကြားရတော့ အားလုံး တိတ်ဆိတ်နေကြ၏။ သူတို့လည်း သူတို့၏ ကိုယ်ပိုင် ဘဝများအကြောင်း တွေးနေမိကြသည်။

'အဲ'

ဂျက်စီကာက လည်ချောင်းရှင်းသံပြုရင်း တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်၏။

'ရစ်ချတ်ရဲ့ ရင်ဖွင့်သံကို ကြားရတော့ လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက ငါ့ဘဝကို ပြန်ပြီး သတိရမိတယ်ဟဲ့၊ အဲဒီတုန်းကတော့ ငါ့အိမ်ထောင်ရေးဟာ မှိုစော်နံနေတဲ့ နှစ်ချို့ ဒိန်ခဲတုံးကြီးလို့ထင်ခဲ့တာပေါ့ဟယ်၊ အဲဒီတုန်းက ငါ့ကို လွှမ်းမိုးနေတဲ့ အတွေးက ဒိန်ခဲ အသစ်အတွက် ဒိန်ခဲဟောင်းကို စွန့်ပစ်ရမယ်ပေါ့'

ကိုးလ် ရယ်မောပြီး သဘောတူထောက်ခံသည်။

'ငါလည်း ငါ့ အတိတ်ရဲ့ တစ်စိတ်တစ်ပိုင်းကို ထားရစ်ခဲ့တာပါပဲ'

အင်နာကတော့ ကန့်ကွက်စကားဆိုသည်။

http://www.herrythitsar.org



'ငါကတော့ နင်တို့ နှစ်ယောက်စလုံးနဲ့ မတူဘူးဟဲ့၊ ငါက ငါ့ရဲ့ ပထမအိမ်ထောင်ရေး အဆင်ပြေအောင် အားထုတ် ကြိုးစားခဲ့ ပါတယ်၊ ငါ့ဒိန်ခဲကို မစွန့်ပစ်ချင်ခဲ့ဘူးလေ၊ ပြောင်းပစ်ရမှာက ဒိန်ခဲ မဟုတ်ဘူး၊ ငါတို့ရဲ့ အမူအကျင့်ဟောင်းတွေသာ ဖြစ်တယ်လို့ထင်ခဲ့ တယ်၊ ဒါပေမယ့် တကယ်တမ်း ဒုက္ခပေးနေတာက ငါ့ရဲ့ ရမ္မက် ဆန္ဒတွေသာ ဖြစ်တယ်ဆိုတာ တဖြည်းဖြည်း သိမြင်လာတယ်။

'အကြောင်းပြချက်က ရှင်းပါတယ်၊ ငါ့ရဲ့ ပထမယောကျ်ား ဟာ ဘယ်လောက် ပြောင်းလဲလာလာ လက်ရှိ ယောကျ်ား လောက်တော့ ဘယ်တော့မှ ချမ်းသာလာမှာ မဟုတ်ဘူး၊ ဒီတော့ သူ့ကို ငါပြောခဲ့တယ်၊ နောက်ထပ် ဒိန်ခဲတစ်တုံး ရှာတော့လို့၊ အမှန်ကတော့ ဒိန်ခဲအသစ်တစ်တုံး လိုအပ်နေတာက ငါ ဖြစ်နေ တာလေ၊ ဒါပေမယ့် နောက်ဆုံးတော့ ငါလိုအပ်တဲ့ ဒိန်ခဲ အမျိုး အစားကို ငါ သိတတ်လာပြီ။

'လက်ရှိ ယောကျ်ားနဲ့ ငါ အိမ်ထောင်ပြုခဲ့တယ်၊ ဘာဖြစ်လို့ လဲဆိုတော့ သူ့ကို လူတော်တော်များများက ငမ်းငမ်းတက်လိုချင် တပ်မက်နေကြတာကိုး၊ လူတိုင်းက လိုလိုလားလားဖြစ်နေတဲ့ ဒိန်ခဲမျိုးဟာ ငါလိုလားပြီး လိုအပ်နေတဲ့ ဒိန်ခဲမျိုးဖြစ်ရမယ်လို့ တွေးခဲ့တာကလား၊ လူတိုင်းက ငမ်းငမ်းတက် လိုချင်တပ်မက်နေတဲ့ အချစ်ဒိန်ခဲကြီးဟာ လက်စသတ်တော့ ပစ်ရမှာလည်း အဆီနဲ့ တဝင်းဝင်း၊ စားရမှာလည်း သဲနဲ့ရှုပ်ရှုပ် ဟင်းတုံးကြီးတစ်တုံး ဖြစ်နေတော့တာကိုးဟဲ့'

'ဟုတ်ပ့ါဗျာ' ဟု ကိုးလ် ဝင်ပြီး ထောက်ခံသည်။

'ငါလည်း အဲဒီပြဿနာမျိုး ကြုံခဲ့ရတာပဲ၊ ငါ့ အရင်မိန်းမက ရုပ်ရှင်မင်းသမီးလေ။

http://www.herrythitsar.org



'သူ့ရဲ့ ရုပ်ရည်အလှနဲ့ ညို့အားက သူ့ကို လိုချင်တပ်မက်စရာကောင်းတဲ့ ဒိန်ခဲတစ်တုံးဖြစ်လာစေတယ်၊ ဒီတော့ ငါလည်း သူ့ကို ကြွေသွားတာပေ့ါဟာ၊ တော်တော်ကြီး အချိန်ယူ အားထုတ်ပြီး ပိုးပန်းပြီးနောက် တို့နှစ်ယောက် လက်ထပ်လိုက်ကြတယ်၊ ဒါပေမယ့် နင်ပြောသွားတဲ့ အတိုင်းပါပဲဟာ၊ စားရမှာလည်း သဲနဲ့ ရှုပ်ရှုပ် ဟင်းတုံးကြီး တစ်တုံးပါပဲလေ။

'ဒါနဲ့ အချိန် အတိုင်းအတာတစ်ခု ကုန်သွားပြီးတဲ့အခါမှာ ငါ သူ့ကို ပြောလိုက်တော့တယ်၊ 'ကိုယ်ပြောမယ်၊ မင်းအသစ်တစ်ယောက်ယောက်တော့ ရှာသင့်ပြီထင်တယ်ကွ' လို့၊ ဒီတော့ သူက အေးတိအေးစက်ပဲ ပြန်ပြောတယ်လေ၊ 'အမယ်လေး၊ ရှင် အဲဒီလောက်ကြီး ပညာသားပါပါ လှည့်ပတ်ပြောနေဖို့ မလိုပါဘူး၊ ရှင်းရှင်းကလေး ပြောလိုက်ပါ။ ကိုယ်တို့ အိမ်ထောင်ရေးကတော့ မအောင်မြင်ဘူးဟေ့၊ ဒီတော့ တစ်ခန်းရပ်လိုက်ကြစို့လို့' အဲဒီတုန်းကတော့ ဒီမိန်းမ ဘာကြောင့် စိတ်ဆိုးရပါလိမ့်ဆိုတာ ငါ အထာမပေါက်ခဲ့ဘူး။

'ဒါပေမယ့် ဒီဇာတ်လမ်း နားထောင်ကြည့်ပြီးမှပဲ ကောင်းကောင်း သဘောပေါက်လာတော့တယ်၊ **မင်းအနေနဲ့ ဒိန်ခဲအသစ်ထပ်ပြီး ရှာချိန်တန်ပြီလို့ တစ်စုံတစ်ယောက်ကို ပြောတာဟာ ရှုံးနိမ့်သူကို မင်းရှုံးပြီကွလို့ အထက်ကနေ စီးစီးပိုးပိုး အသားယူပြောနည်း တစ်မျိုးပဲ၊ ဘယ်သူက ထပ်ပြီး ဒိန်ခဲ ရှာချင်ပါဦးမလဲကွာ'**

ရတ်ချတ်က ကောက်ချက်ချသည်မှာ-

'ဒီဇာတ်လမ်း အသစ်ထဲမှာ ပိုပြီး အသုံးတည့်တဲ့ အတွေးအမြင်တွေ ပါနေတယ်လို့ ငါ ထင်တယ်ကွ၊ အင်နာ ပြောတာကို

http://www.herrythitsar.org



ငါ သဘောပေါက်ပါတယ်၊ စထရော်ဘယ်ရီအနံ့အရသာ ထည့်ထားတဲ့ ဒိန်ခဲကို သစ်ခွ အနံ့အရသာ ထည့်ထားတဲ့ ဒိန်ခဲအဖြစ် ပြောင်းပစ်လို့ ဘယ်ရမလဲ၊ ဒါပေမယ့်လည်း လူ့အဖွဲ့အစည်းက သစ်ခွနံ့ ဒိန်ခဲကိုမှ လိုလားတောင့်တကြတယ်ဆိုတဲ့ အခါကျတော့ မင့်ဒိန်ခဲအဟောင်းကို စွန့်ပစ်ပြီး သစ်ခွဒိန်ခဲ လိုချင်စိတ်ကို ချိုးနှိမ်ဖို့ မလွယ်ဘူးလေကွာ၊ ဟုတ်တော့ ဟုတ်ပါတယ်၊ သစ်ခွဒိန်ခဲဟာ မင့်အကြိုက်နဲ့ ကိုက်ညီချင်မှ ကိုက်ညီမယ်၊ ဒါပေမယ့် ဒါက တစ်မျိုးလေ။

'ဘယ်တော့မှ မဟောင်းမအို မပျက်တဲ့ ဒိန်ခဲမျိုး တွေ့လိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မမျှော်မှန်းခဲ့ပါဘူး၊ ဒါပေမယ့် စလစ်နဲ့ ဝှစ်စပါလိုဖြစ်ဖို့တော့ မျှော်မှန်းတယ်၊ ငါ့လက်ထဲက ဒိန်ခဲဟောင်းတွေ မှုတက်မကုန်မီ ဒိန်ခဲရှာကျွမ်းကျင်သူတွေက ငါ့ကို ဒိန်ခဲသစ်တွေ ရှာဖွေပေးဖို့လေ၊ ဒါမှ သူတို့ကို ငါ့ ဒိန်ခဲဟောင်းတွေ ရက်ရက်ရောရော ပေးဝေနိုင်စွမ်းရှိအောင်ပေါ့၊ သူတို့တစ်တွေ ဒိန်ခဲအသစ်ရှာချင်လာအောင် လှုံ့ဆော်ပေးမယ့် စနစ်တစ်ခု ထွင်မယ်ကွာ၊ အဲဒါဆို ငါ့ဒိန်ခဲတွေ မှုတက်ကုန်မှာ စိုးရိမ်နေဖို့ မလိုတော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒိန်ခဲအသစ်တွေက အဆက်မပြတ် ငါ့ဆီ ဝင်နေမှာကိုး'

စတီဗင်က 'မင်းတို့အားလုံး ဒီဇာတ်လမ်းကနေ ဆင်ခြင် စရာ၊ တွေးစရာကလေးတွေ ရခဲ့တဲ့အတွက် ငါ ဝမ်းသာပါတယ် ကွာ၊ ဒီဇာတ်လမ်းကို မင်းတို့ တခြားလူတွေကိုလည်း ထပ်ဆင့်ဖြန့်ဝေပေးလိမ့်မယ်လို့ ငါ စိတ်ရောကိုယ်ပါ မျှော်လင့်ပါတယ်ကွာ' ဟု ပြောသည်။

စတီဗင်အနေဖြင့် သည်ဇာတ်လမ်းကို စာအုပ် ရေးသင့်ကြောင်း တစ်စုံတစ်ယောက်က အကြံပေးသည်။

http://www.herrythitsar.org



'ဟုတ်တယ်ဟဲ့' ဟု အင်နာကထောက်ခံသည်။

'စလစ်လို ကောင်စားလေးတွေ၊ စကမ်ပါလေးတွေ၊ ဝိဗ်လေးတွေ၊ ဝေဗာလေးတွေ၊ စပိုက်ဒါလေးတွေ၊ နောက်ပြီး ဝှစ်စပါလေးတွေ အများကြီးရှိတဲ့ တို့ရဲ့ မိခင်ကျောင်းတော်ကြီးအတွက် ဒီဇာတ်လမ်းကလေးကို အသုံးတည့်လိမ့်မယ်ဟဲ့'

'ဝက်ပါထဲမှာ ဒိန်ခဲရှာဖို့ စလစ်နဲ့ စကမ်ပါများ လက်တွဲကြဦးမလားလို့ ငါ တွေးကြည့်နေမိတယ်ကွ' ဟု ကိုးလ်က မေးသည်။

'မင်းက သူတို့နှစ်ကောင် တွဲစေချင်လို့လား'

ဤကား စတီဗင် တုံ့ပြန်ချက်။

'အင်း၊ ငါကတော့ တွဲစေချင်တယ်၊ သူတို့ တစ်ကောင်ချင်း ရှာတာနဲ့စာရင် နှစ်ကောင်တွဲပြီး ရှာတာက ဒိန်ခဲတွေ့ဖို့ အလားအလာ ပိုကောင်းတာပေါ့'

ဟု ကိုးလ်က ပြန်ပြောသည်။ ထိုအခါ စတီဗင်က

'မှန်တယ်၊ ပူးပေါင်း ဆောင်ရွက်ခြင်းဟာ ပိုပြီး သင့်မြတ်တာပေါ့၊ စလစ်နဲ့ စကမ်ပါတို့ အတူတွဲပြီး အလုပ်လုပ်ကြလိမ့်ဦးမယ်လို့ ငါ ထင်နေတယ်၊ နှစ်ပတ်လည်ပွဲကျရင် ငါ ဒီအချက်ကို ပြည့်စုံ ရှင်းလင်းအောင် တင်ပြမယ်၊ အမိတက္ကသိုလ်ကြီးမှာရှိတဲ့ ငါတို့ရဲ့ ညီငယ်၊ ညီမငယ် ကလေးတွေ အားလုံးကို ပြောပြမယ်၊ လူ့ဘဝမှာ အောင်မြင်မှုရဖို့အတွက် သူတို့ရဲ့ အားနည်းချက်တွေ ဖယ်ရှား ပစ်ပြီး ကြွက်တွေလို ပြုမူကြရမယ်လို့ ပြောပြရမယ်။

'တကယ်လို့ ဝိဗ်လို ငြိမ်းချမ်းတဲ့ ဘဝမျိုးနဲ့ နေချင်တယ်ဆိုရင်တော့ ဒိန်ခဲနည်းနည်းပါးပါးပဲ လိုလိမ့်မယ် ဆိုတာလည်း ပြောပြရမယ်၊ အချိန်တွေ၊ ကာလတွေ ကြာညောင်းလာတဲ့အခါကျတော့ နံရံတွေပေါ်မှာရေးထားတဲ့ သူတို့ရဲ့ အတွေးအမြင်တွေကို တခြားလူတွေ ဖတ်ကြလိမ့်မယ်ဆိုတဲ့ အကြောင်းပေါ့'

http://www.herrythitsar.org



'ဒီတော့ ဘယ်သူ့ဘဝကပိုပြီး အနှစ်သာရရှိသလဲ၊ ဝိဇ်ရဲ့ ဘဝလား၊ ဝေဗာရဲ့ ဘဝလား၊ ဒါမှမဟုတ် စပိုက်ဒါကလေးရဲ့ ဘဝမျိုးလား'

မေးသူက လော်ရာ။

'ဟား၊ နင်လည်း တွေးခေါ်ရှင် ဖြစ်လာပါပြီကောလားဟဲ့'

ဟု စတီဗင်က ပြောလိုက်တော့ အားလုံးဝိုင်းရယ်မောကြလေသည်။

စာချစ်သူများအား လေးစားလျက်

၁၂၊ ၁၀၊ ၂၀၀၃။ မြတ်ငြိမ်း



‘သူ့ဒိန်ခဲကို သူများ မောင်ပိုင်စီးသွားတဲ့အခါ မတုန်မလှုပ် တုံ့ပြန်တတ်တာ ကြွက်တစ်မျိုးပဲ ရှိတယ်၊ နောက်ပြီး တခြားသူတွေရဲ့ ဒိန်ခဲကို အာသာငမ်းငမ်း လိုချင်တပ်မက် ဖြစ်တဲ့အတွက် လိပ်ပြာမသန့် မဖြစ်တာလည်း ကြွက်တစ်မျိုးပဲ ရှိတာ၊ ကြွက်တစ်ကောင်ဟာ သူ့ရည်မှန်းချက် ပန်းတိုင်တွေနဲ့ ပတ်သက်လို့ အရမ်း ပြတ်သားတယ်၊ သူ ဘယ်လိုဒိန်ခဲကို လိုချင်တယ်၊ ဘယ်လိုဒိန်ခဲကို မလိုချင်ဘူးဆိုတာ သူ့ဘာသာ သူသိတယ်၊ ဒါပေမယ့် လူတွေကတော့ ဒီလိုမဟုတ်ဘူးလေ’

‘ငါတော့ ဒီဇာတ်လမ်းထဲက အတွေးအမြင်တွေကို ကြိုက်စပြုလာပြီ ထင်တာပဲ၊ တကယ်လို့ ဘဝဟာ ဒိန်ခဲတစ်ဖဲ့ မဟုတ်ဘဲ စပါးနှံတစ်ခက် ဖြစ်နေမယ်ဆိုရင် ငါ့ဘဝခရီးကို လျှောက်လှမ်းရင်း လက်ထဲက စပါးနှံတွေကို ပစ်ပစ်ချပြီး စပါးနှံအသစ်တွေကို ဆွတ်ခြွေနေလို့ ရပါ့မလား၊ တကယ်လို့ ဘဝဟာ ရေတွင်းတစ်တွင်း တူးနေတာဆိုရင် တစ်နေရာပြီး တစ်နေရာ ရွှေ့ပြောင်းတူးနေမှတော့ ရေကြောကို မိအောင် တူးနိုင်ပါဦးမလား၊ တကယ်လို့ ငါက တခြားလူတွေရဲ့ ဒိန်ခဲကို မောင်ပိုင်မစီးဘဲ နေမယ်ဆိုရင် သူတို့က ငါ့ဒိန်ခဲကို လက်ရှောင်နေကြမှာလား၊ နောက်ပြီး သူတို့ဒိန်ခဲကို ငါက မောင်ပိုင်စီးမယ်ဆိုရင် အဲဒီလိုလုပ်တဲ့ ငါဟာ သူခိုးဖြစ်သွားမလား’

‘ဒီမယ် ဝိဇ်၊ ငါ့မှာ ဒိန်ခဲတွေ အလျှံပယ်ရှိခဲ့ပါတယ်၊ ဒါပေမယ့် ငါ စိတ်မချမ်းသာခဲ့ဘူး၊ ငါ့ဒိန်ခဲတွေကို တခြားလူတွေ မောင်ပိုင်စီးသွားမှာ တစ်ရံမလတ် စိုးရိမ် ပူပန်နေခဲ့ရတယ်’

